မြန်မာနိုင်ငံဥပဒေရေးရာကောင်စီ

# အခြေခံဥပဒေရေးရာဂျာနယ်

# Journal of CONSTITUTIONAL AFFAIRS

No. 24, April 2006

ISSN 1513-9182

## အခြေခံဥပဒေရေးရာ

- ♦ နအဖ၏အခြေခံမူများအားဆန်းစစ်ချက်အကျဉ်း
- ♦ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ -မည်သူလျှင်အမြင့်ဆုံးဖြစ်မည်လဲ

## ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

- ♦ စားကျက်လုသူများ

## သတင်းမှတ်တမ်း

- ♦ မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ အဆင့်မြင့်ဥပဒေပညာသင်ကျောင်းဖွင့်လှစ်

အမှတ် (၂၄) - ၂၀၀၆ ခုနှစ်၊ ဧပြီလ

# အခြေခံဥပဒေရေးရာစာစောင်

# Journal of CONSTITUTIONAL AFFAIRS

အမှတ်စဉ် (၂၇) ၂၀၀၆ ခုနှစ်၊ ဧပြီလ

မြန်မာနိုင်ငံရှေ့နေများကောင်စီ

# မြန်မာနိုင်ငံရှေ့နေများကောင်စီ

P.O. Box 14 Ngam Wong Won P.O , Nonthaburi  11001, Thailand
E-mail <blcsan@ksc.th.com>



အခြေခံဥပဒေရေးရာစာစောင်၊ အမှတ်စဉ် (၂၄) ၂၀၀၆ ခုနှစ်၊ ဧပြီ လ


## မာတိကာ

### ဥပဒေရေးရာဗဟုသုတ


■ နအဖ၏အခြေခံမူများအားဆန်းစစ်ချက်အကျဉ်း ........................................ ၁

■ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ...မည်သူလျှင်အမြင့်ဆုံးဖြစ်မည်လဲ ............. ၅၅


### ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ


■ စားကျက်လုသူများ ............................................................................. ၆၁


### သတင်းဆောင်းပါး


■ မြန်မာနိုင်ငံရှေ့နေများကောင်စီမှ
အဆင့်မြင့်ဥပဒေပညာသင်ကျောင်းဖွင့်လှစ် ........................................... ၆၈



ထုတ်ဝေဖြန့်ချိ – **မြန်မာနိုင်ငံရှေ့နေများကောင်စီ**


မူပိုင် – **မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် စာမူရှင်များ**


မျက်နှာဖုံးဒီဇိုင်း – **ဘမောင်ဇင်**
ကွန်ပြူတာစာစီ – **ဝင်းဝင်း**



**ပညာပေးရေးအတွက် ထပ်ဆင့် ကူးယူဖြန့်ချိမှုများကို အားပေးသည်။**

ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

# နအဖ၏အခြေခံမူများအားဆန်းစစ်ချက်အကျဉ်း

မြန်မာနိုင်ငံရှေ့နေများကောင်စီ

## နိဒါန်း
## မြန်မာနိုင်ငံအခြေခံဥပဒေ နှင့် လမ်းပြမြေပုံ

မြန်မာ့နိုင်ငံရေးတွင် အနာဂတ်အခြေခံဥပဒေသည် အချက်အချာ အကြောင်းရပ်ဖြစ်လာလေပြီ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ယခင်က ထက်သန်တက်ကြွစွာ ဖောက်ဖျက်ခဲ့ကြသူများက ယခုအခါ ပြန်လည်ဖော်ထုတ်ပြီး အသက်သွင်းလာခြင်းမှာ အဆီအငေါ်မတည့်လှပေ။ အခြေခံဥပဒေရေးရာကိစ္စရပ်သည် နိုင်ငံရေးအကျပ်အတည်းဖြေရှင်းရာတွင် အထောက်အပံ့ဖြစ်နိုင်ပြီး လာမည့်ကာလများအတွင်းတွင် ထိပ်တန်းဦးစားပေးချက် ဖြစ်လာနိုင်သောကြောင့် မြန်မာနိုင်ငံရှေ့နေများကောင်စီအနေဖြင့် တတ်စွမ်းသမျှ စုပေါင်းအားထုတ်ပြီး မိမိတို့အဖွဲ့အစည်း၏ သဘောထားအမြင်ကို အားလုံးသို့ လေးစားစွာတင်ပြရခြင်းဖြစ်သည်။ ဤသည်နှင့်စပ်လျဉ်း၍ မိမိတို့၏အဓိကရည်မှန်းချက်မှာ အခြေခံဥပဒေသစ်၏ ဖွဲ့စည်းမှု၊ ခင်းကျင်းပြင်ဆင်မှုများနှင့်ပတ်သက်၍ လွတ်လပ်ပွင့်လင်းစွာ ဝေဖန်ဆွေးနွေးမှုတရပ်ကို အားပေးရန်ဖြစ်ပါသည်။ အခြေခံဥပဒေတခုကို ဖော်ထုတ်ဖို့ ကြိုးပမ်းအားထုတ်ရာ၌ သော့ချက်ပြဿနာနှစ်ခုရှိသည်။ တခုမှာ အခြေခံဥပဒေ ရေးဆွဲဖော်ထုတ်ရေးဖြစ်စဉ်နှင့်သက်ဆိုင်ပြီး နောက်တခုမှာ ဖော်ထုတ်သူတို့က လိုလားသည့် အခြေခံဥပဒေအမျိုးအစားဖြစ်သည်။ ပထမပြဿနာက အခြေခံဥပဒေရေးဆွဲရာ၌ ပြည်သူလူထုပါဝင်ဆောင်ရွက်မှုနှင့် အခြေခံဥပဒေကို တရားဝင်ရေးဆွဲခွင့်ရှိသူများ၏ အရေးပါမှုတို့ကို အာရုံစိုက်သည်။ ဒုတိယပြဿနာကမူ အခြေခံဥပဒေ၏ အနှစ်သာရကို ဆန်းစစ်သုံးသပ်ခြင်းနှင့်သက်ဆိုင်သည်။ ယင်းမှာ မည်သို့သောအခြေခံဖြင့် အခြေခံမူများချမှတ်မည်နည်း။ ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေးအတွက်လား သို့မဟုတ် အာဏာရှင်နိုင်ငံ ပေါ်ထွန်းရေးအတွက်လားဟူသည်ကို ဆန်းစစ်ခြင်းဖြစ်သည်။

လမ်းပြမြေပုံ၏ အဓိကအစိတ်အပိုင်းအဖြစ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝှဲချီးခင်းကျင်းပြခဲ့သော "အခြေခံမူ" (၁၀၄) ချက်ဆိုသည်မှာ အသစ်အဆန်းမဟုတ်ပါ။ ဤမူများကို ၁၉၉၆

ခုနှစ်တွင် ရပ်ဆိုင်းသွားခဲ့သည့် အမျိုးသားညီလာခံ၌ လူသိရှင်ကြားဖော်ထုတ်ခဲ့သည်။ အမှန်စင်စစ်အားဖြင့် ဤမူများကို လွန်ခဲ့သောနှစ်များစွာကပင် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပြတ်အသတ်အနိုင်ရမှုကြောင့် စစ်အုပ်စု၏ အာဏာရယူရေးစီမံကိန်း ရှုံးနိမ့်သွားပြီးနောက် မကြာခင်တွင်ပင် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ရွေးကောက်ပွဲအနိုင်ရပါတီသို့ အာဏာလွှဲမပေးရစေရန် စစ်အုပ်စုသည် ကစားကွက်သစ်တခု၏ အစိတ်အပိုင်းအဖြစ် ( ၂ ) နှစ် အချိန်ယူခဲ့ပြီးနောက် ၎င်းတို့စိတ်ကြိုက် "ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာအခြေခံမူများ" ကို ချမှတ်ကာ အခြေခံဥပဒေသစ်တခု ဖော်ထုတ်နိုင်ရေးအတွက် ၁၉၉၃ ခုတွင် အမျိုးသားညီလာခံ အမည်တပ်၍ စတင်အသက်သွင်းခဲ့သည်။ ဤညီလာခံသည် သေချာစွာချုပ်ကိုင်ကျင်းပသည့် ညီလာခံဖြစ်ပြီး တက်ရောက်သူအများစုမှာ စိတ်ကြိုက်ရွေးထားသည့် ပုဂ္ဂိုလ်များဖြစ်ကြသည်။ ၁၉၉၀ ပြည့်နှစ်တွင် ထုတ်ပြန်ခဲ့သည့် စစ်အစိုးရ၏ ကြေညာချက်အမှတ် ( ၁ ) အရ ရွေးကောက်ခံကိုယ်စားလှယ်များ၏တာဝန်မှာ အခြေခံဥပဒေသစ်တရပ် ရေးဆွဲရန်ဟုဆိုခဲ့သည်။ သို့ရာတွင် ယခုအကြိမ်၌လည်း စစ်အစိုးရသည် မိမိကိုယ်တိုင်ထုတ်ပြန်ခဲ့သည့် ဥပဒေကို လေးစားလိုက်နာကျင့်သုံးခြင်းမရှိပြန်ပေ။ အမျိုးသားညီလာခံကိုယ်စားလှယ်စုစုပေါင်း ( ၇၀၂ ) ယောက်အနက် ရွေးကောက်ခံကိုယ်စားလှယ် ( ၉၉ ) ယောက်သာရှိခဲ့သည်။ ၁၉၉၅ ခုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရွေးကောက်ခံကိုယ်စားလှယ်များသည် မိမိတို့၏ သဘောမတူညီမှုကို မှတ်တမ်းတင်သည့်အနေနှင့် ညီလာခံ၌ ပါဝင်ဆောင်ရွက်မှုကို ရပ်ဆိုင်းခဲ့သည်။ ထိုအချိန်မှစ၍ အမျိုးသားညီလာခံကို အချိန်အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့ရတော့သည်။

လောလောဆယ်၌ စစ်အစိုးရသည် လက်နက်ကိုင်လူမျိုးစုအဖွဲ့အစည်းများကို အမျိုးသားညီလာခံ၌ ပါဝင်စေရန် သိမ်းသွင်းစည်းရုံးနေခြင်းအားဖြင့် ယင်းညီလာခံကို အထောက်အကူပြုရန်ကြိုးစားနေသည်။ အခြေခံဥပဒေသစ်တခု ဖော်ထုတ်ရာ၌ တိုးတက်မှုရှိနေကြောင်းပြသနိုင်ရန်အတွက် စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသည်ဖြစ်စေ၊ မထားသည် ဖြစ်စေလက်နက်ကိုင်လူမျိုးစုအဖွဲ့အစည်းမှန်သမျှကို စည်းရုံးလျှက်ရှိသည်။ သို့ရာတွင် စစ်အစိုးရသည် အခြေခံဥပဒေအကြောင်းရပ်များကို ပြည်သူလူထုအနေဖြင့် လွတ်လွတ်လပ်လပ်အချေအတင် ဆွေးနွေးငြင်းခုံနိုင်ရန်လည်းကောင်း၊ အခြေခံဥပဒေရေးဆွဲရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ရန်လည်းကောင်း လိုအပ်သည့် လူမှုရေးနှင့် နိုင်ငံရေးပတ်ဝန်းကျင်အနေအထားကိုဖန်တီးပေးရန် ပျက်ကွက်ခဲ့သည်။ ဤအချက်မှာ အထူးအရေးပါလှပေသည်။ အဘယ့်ကြောင့်ဆိုသော် အဆိုပါအခြေအနေများတည်ရှိမှသာ လူထုအနေဖြင့် မိမိတို့ လိုလားမျှော်မှန်းချက်များကို အခြေခံဥပဒေတွင် ထင်ဟပ်ပြဌာန်းနိုင်ပေလိမ့်မည်။ ပြည်သူလူထု၏ လိုလားမျှော်မှန်းချက်များကို ထင်ဟပ်ပြဌာန်းထားသည့် အခြေခံဥပဒေမျိုး ပေါ်ပေါက်လာမှသာလျှင်ရေရှည်တည်တံ့နိုင်မည်ဖြစ်သည့်အပြင် လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းမှု၊ လွတ်လပ်မှု၊ တရားမျှတမှုနှင့် တိုးတက်ဖွံ့ဖြိုးမှုတို့အတွက် အကျိုးပြုလိမ့်မည်ဖြစ်သည်။

အခြေခံဥပဒေအကြောင်းရပ်များကို လူထုအနေဖြင့် လွတ်လွတ်လပ်လပ် အချေအတင်ဆွေးနွေး ငြင်းခုံနိုင်ရေး၊ ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို မျက်ကွယ်ပြုလျက် စစ်အစိုးရကဥပဒေအမှတ် ၅/၉၆ ကို ပြဌာန်းလိုက်ခြင်းဖြင့် အခြေခံဥပဒေရေးဆွဲရေး ဖြစ်စဉ်အတွင်း

အောက်ခြေပြည်သူလူထု၏ ပါဝင်ဆောင်ရွက်မှုကို လူသိရှင်ကြားပိတ်ပင်လိုက်ခြင်းဖြစ်သည်။ ရွေးကောက်ပွဲအနိုင်ရပါတီ၏ ရုံးများမှာ အပိတ်ခံထားရဆဲဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားရာပေါင်းများစွာမှာ အကျဉ်းထောင်များအတွင်း ဒုက္ခခံနေရဆဲဖြစ်သည်။ လူမျိုးစုဒေသများတွင်လည်း တိုက်ပွဲများမရပ်စဲသေးဘဲ လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ဖြစ်ပေါ်နေသည်။ ၂၀၀၃ ခု၊ မေ ( ၃၀ ) ရက်တွင် ဖြစ်ပွားခဲ့သော ဒီပဲယင်း အစုအပြုံလိုက် သတ်ပွဲကြီးနှင့်ပတ်သက်၍ မည်သည့်ဥပဒေကြောင်းအရ အရေးယူမှုမျိုးမှ မရှိခြင်းကြောင့် တနိုင်ငံလုံးတွင် ကြောက်လန့်ချောက်ချားမှု လွှမ်းမိုးနေသည်။ ဤအခြေအနေများမှာ ၂၀၀၃ ခု၊ နိုဝင်ဘာ (၁၈) ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ( ၅၈ ) ကြိမ်မြောက်အစည်းအဝေးက ဒီပဲယင်းလူသတ်ပွဲအပေါ် လွတ်လပ်သည့်စုံစမ်းစစ်ဆေးမှုကို နိုင်ငံ တကာပူးပေါင်းဆောင်ရွက်မှုဖြင့် ပြည့်ပြည့်စုံစုံ အကောင်အထည်ဖော်ရန် တောင်းဆိုထားသည့်ကြားမှ ဖြစ်ပွားနေခြင်းဖြစ်သည်။ ဤကဲ့သို့သော ထိတ်လန့်စိုးရိမ်ဖွယ် လူမှုရေးနှင့် နိုင်ငံရေးအခြေအနေများနောက်ခံတွင် မြန်မာနိုင်ငံအတွက် သင့်တော်သည့် အခြေခံဥပဒေပေါ်ထွက်ရေးကို မည်သို့မျှ စဉ်းစား၍ မရနိုင်ပါချေ။

၂၀၀၀ ခုနှစ်များအတွင်းတွင် ထိုင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့သည် ၎င်းတို့လက်ရှိကျင့်သုံးနေသော အခြေခံဥပဒေများကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ကြသည်။ ထိုစဉ်က အဆိုပါတိုင်းပြည်များအတွင်း နေရာဒေသအသီးသီး၌ နေထိုင်လျှက်ရှိကြသော ပြည်သူ ပြည်သားများသည် အခြေခံဥပဒေကိစ္စရပ်များကို အလေးအနက် ငြင်းခုံဆွေးနွေးနိုင်ခဲ့ကြသည်။ လေ့လာအကြံပြုနိုင်ခဲ့ကြသည်။ အခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းနိုင်ရေးအတွက် ၎င်းတို့၏သဘောထားဆန္ဒများကို ပုံသဏ္ဌာန်မျိုးစုံဖြင့် ထင်ဟပ်ဖော်ပြနိုင်ခဲ့ကြသည်။ မြန် မာနိုင်ငံတွင်မူ ဤသို့သော အခြေအနေများ ဆိတ်သုဉ်းလျှက်ရှိနေပေသည်။

အခြေခံဥပဒေနှင့် စပ်လျဉ်း၍ နောက်ထပ်စိန်ခေါ်နေသည့် ပြဿနာတရပ်မှာ ဖမ်းဆီးချုပ်နှောင်ခြင်းခံနေရသည့် ရွေးကောက်ခံကိုယ်စားလှယ်များအားလုံးနှင့် ၎င်းတို့၏ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရေးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စစ်အစိုးရသည် မိမိ၏ကတိကဝတ်များကို စောင့်ထိန်းကာ မိမိကိုယ်တိုင်ပြဋ္ဌာန်းထားသည့် ဥပဒေများကို လေးစားလိုက်နာပြီး ရွေးကောက်ခံကိုယ်စားလှယ်များအနေဖြင့် အခြေခံဥပဒေတရပ်ကို ဦးဆောင်ရေးဆွဲခွင့်ပြုနိုင်ရေးအတွက်ဖြစ်သည်။ လက်တွေ့ရေးဆွဲရာ၌ လူမျိုးစုကိုယ်စားလှယ်များ တိုးတက်ပါဝင်ခွင့်ရရေးအတွက် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲတခု ကျင်းပသင့်ပေသည်။ ဤအချက်များမှာ မည်သို့မျှ မငြင်းနိုင်အောင် အဓိကကျသည့် ဥပဒေဆိုင်ရာကိစ္စရပ်များဖြစ်သည်။ နောက်ဆုံးတွင်မူ ရွေးချယ်တင်မြှောက်ခြင်းခံရသော လူထုကိုယ်စားလှယ်များ ဦးဆောင်ရေးဆွဲထားသည့် အခြေခံဥပဒေမူကြမ်းကို ပြည်သူလူထုထံမှ အတည်ပြုချက်ရယူနိုင်ရေးအတွက် လူထုဆန္ဒခံယူပွဲကျင်းပရပေမည်။ ဤသို့ဆောင်ရွက်ခြင်းသည်သာလျှင် စစ်မှန်သည့် ငြိမ်းချမ်းမှု တည်ဆောက်ရေးလုပ်ရှားမှု၏ အစိတ်အပိုင်းအဖြစ် ဥပဒေစိုးမိုးမှုကို ပြန်လည်တည်ဆောက်ရာရောက်ပေမည်။

ဝန်ကြီးချုပ်ဟုဆိုသော ဗိုလ်ချုပ်ကြီးခင်ညွန့် ဖော်ထုတ်ဖြန့်ချိခဲ့သည့် "လမ်းပြမြေပုံ" အဆိုအရ အမျိုးသားညီလာခံ၏ လုပ်ငန်းတာဝန်သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်

၏ အသေးစိတ်အခြေခံမူများကို ချမှတ်ရန်ဖြစ်သည်။ အမှန်စင်စစ်အားဖြင့်မူ အာဏာရစစ်အုပ်စုသည် ဤမူများကို ၁၉၉၃ ခု၊ ဇန်နဝါရီလ အမျိုးသားညီလာခံစတင်ပြီး အခြေခံမူ (၁၀၄) ချက်အဖြစ် မဖော်ထုတ်ခင် ၁၉၉၂ ခုနှစ်ကတည်းက ချမှတ်ခဲ့ပြီးဖြစ်သည်။ "လမ်းပြမြေပုံ" ၏အဆင့် ( ၃ ) အရ ဤမူ ( ၁၀၄ ) ချက်အပေါ်အခြေခံပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကို ရေးဆွဲမည်ဖြစ်သည်။

ကိုဖီအာနန်က " အကျိုးဖြစ်ထွန်းပြီး အများယုံကြည်မှုရရှိကာ တည်ငြိမ်တော်တည့်စွာ ဖော်ဆောင်သွားနိုင်မည့် လမ်းပြမြေပုံဖြစ်ရေးအတွက် တခုတည်းသောနည်းလမ်းမှာ နိဒါန်းအစကတည်းက နိုင်ငံရေးပါတီများ၊ အမျိုးသားခေါင်းဆောင်များ၊ တိုင်းရင်းသားလူမျိုးစုများနှင့် တိုင်းပြည်၏ အလွှာစုံအားလုံး ပါဝင်စေရန်ဖြစ်သည် " ဟုဆိုထားသည်။ ၎င်းက " လူထုအုပ်ချုပ်ရေးသို့ အသွင်ကူးပြောင်းရေးနှင့် ဒီမိုကရေစီပြန်လည်ကျင့်သုံးရေး " တို့၏ အရေးကြီးမှုကို အလေးပေးထားပေသည်။

ယခုအထူးထုတ်စာတမ်းသည် အဆိုပါမူ ( ၁၀၄ ) ချက်ကို ဆန်းစစ်နိုင်ရေးအတွက် မြန်မာနိုင်ငံရေးနေများကောင်စီ၏ ကြိုးပမ်းအားထုတ်မှုတရပ်ဖြစ်ပါသည်။ စစ်အစိုးရအနေဖြင့် **နောက်ထပ်အာဏာရှင်နိုင်ငံပေါ်ထွန်းရေးအတွက် အခြေခံအုတ်မြစ်များချဖို့ ကြိုးစားနေခြင်းလား၊** သို့တည်းမဟုတ် **မြန်မာနိုင်ငံရှိ နိုင်ငံသားတိုင်း၏ တဦးချင်းအခွင့်အရေးများနှင့် လူမျိုးစုတိုင်း၏ စုပေါင်းအခွင့်အရေးများကို ကာကွယ်ထိန်းသိမ်းမည့် ဒီမိုကရေစီနိုင်ငံ ပေါ်ထွန်းရေးအတွက် အခြေခံအုတ်မြစ်များချဖို့ ကြိုးစားနေခြင်းလား** ဟူသည်ကို နိုင်ငံတကာအသိုင်းအဝိုင်းနှင့် နိုင်ငံအတွင်းမှပြည်သူများ သိရှိစေဖို့ ဤစာတမ်းက ရည်ရွယ်ပါသည်။

## အပိုင်း (၁)
## သဘောတရား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟု မိမိဖာသာမိမိ နာမည်ခံယူထားသည့် အာဏာရစစ်အစိုးရက နိုင်ငံတော်ဆိုင်ရာ သဘောတရားကို ဦးတည်ချက် (၆) ရပ်တွင် ဖော်ညွှန်းပြထားသည်။

( ၁ ) ပြည်ထောင်စု မပြိုကွဲရေး၊
( ၂ ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊
( ၃ ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
( ၄ ) စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေး၊
( ၅ ) နိုင်ငံတော်တွင် တရားမျှတမှု၊ လွတ်လပ်မှု၊ တန်းတူညီမျှမှု စသော လောကပါလတရားများ ထွန်းကားရေး၊
( ၆ ) အနာဂတ်နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးတွင် တပ်မတော်က ဦးဆောင်သည့် အခန်းမှပါဝင်ရေး။

သော့ချက်ကျသည့်အယူအဆမှာ အမှတ် ( ၆ ) ဖြစ်သည်။ ဤဦးတည်ချက်ကို တပ်မတော်နှင့်သက်ဆိုင်သည့်အခန်းရှိ အခြေခံမူ ( ၁၀ ) ( ၆ ) နှင့် တွဲဖက်ကြည့်ရမည်ဖြစ်သည်။

ယင်းအခြေခံမှုက “ တပ်မတော်သည် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိက တာဝန်ရှိရမည် ” ဟုဆိုထားသည်။ ဤမူဝါဒများသည် စစ်တပ်၏ကြီးစိုးမှုကို ထင်ဟပ်လျက် ရှိပြီး လူထုကြီးစိုးမှုကျင့်သုံးသည့် ဒီမိုကရေစီနိုင်ငံအယူအဆနှင့် လုံးဝဆန့်ကျင်နေသည်။

“နအဖအခြေခံမူများ” ၏ အရင်းခံ ပင်ကိုယ်အားနည်းချက်မှာ အတွေးအခေါ် ဒဿန ချို့တဲ့ခြင်းဖြစ်သည်။ အခြေခံဥပဒေတိုင်းတွင် သက်ဆိုင်ရာလူ့အဖွဲ့အစည်းက အခြေခံဥပဒေ ဘောင်အတွင်း ဖန်တီးတည်ဆောက်လိုသည့် တန်ဖိုးစံများကို ထင်ဟပ်မည့် ကိုယ်ပိုင်အတွေး အခေါ်တခုရှိကြသည်။ ဤအတွေးအခေါ်ကို စကားချီးအခန်းမှစ၍ အခြေခံဥပဒေ၏ အထွေ ထွေစာသားတခုလုံး၌ထင်ဟပ်စေရသည်။ ဦးတည်ချက် ( ၅ ) သည် တရားမျှတခြင်း၊ လွတ် လပ်ခြင်းနှင့် တန်းတူညီမျှခြင်း စသော လောကပါလတရားများ ထွန်းကားရေးကို ဖော်ပြထား သည့်အတွက် အပေါ်ယံအားဖြင့် ဤသဘောတရားနှင့် နီးစပ်သလို ထင်ရသည်။ သို့ရာတွင် ဦးတည်ချက် ( ၆ ) က လူ့အဖွဲ့အစည်းတွင်း၌ စစ်တပ်ကို အခွင့်ထူးခံလူတန်းစားအဖြစ် ဖန် တီးလိုက်ခြင်းအားဖြင့် လူမှုရေးသဟဇာတဖြစ်မှု ပျက်စီးသွားစေသောကြောင့် ဦးတည်ချက် ( ၅ ) မှာ လက်တွေ့ အကောင်အထည်ပေါ်မလာနိုင်တော့ပေ။

ဦးတည်ချက် ( ၁ ) မှ ( ၄ ) မှာ တန်ဖိုးစံများမဟုတ်ဘဲ အာဏာရှင်အစိုးရ၏ ကြွေး ကြော်သံများသာဖြစ်သည်။ ၎င်းမူများကို အကျဉ်းချုံး ဆန်းစစ်ပါက –

## ( ၁ ) ပြည်ထောင်စုမပြိုကွဲရေး၊

နယ်မြေတည်တံ့ခိုင်မာရေး ဆိုသည်မှာ အခြေခံဥပဒေတိုင်း၏ အစိတ်အပိုင်းတခုဖြစ် သည်။ “ မပြိုကွဲရေး ” ဟူသောစကားရပ်သည် ငြင်းဆံမှုကိုပြနေပြီး ခွဲထွက်ရေးနှင့် ဆက်စပ် နားလည်ရသည်။ ဤသို့သော မူတရပ်သည် လူ့အဖွဲ့အစည်းတွင် အဓိကကျသော လိုအပ် ချက်တခု မဖြစ်သင့်သလို ဖြစ်လည်းမဖြစ်နိုင်ချေ။ ဤအတိုင်းသာဆိုပါက ပြည်ထောင်စုကို ပြုပြင်ပြောင်းလဲရန် ပြည်သူလူထု၏ ငြိမ်းချမ်းစွာ အားထုတ်မှုအားလုံးကို အစိုးရကဖိနှိပ်ပစ်ရန် အခွင့်အာဏာရသွားလိမ့်မည်ဖြစ်သည်။ ပြည်ထောင်စုကို မည်သည့်နည်းနှင့်မဆို ကာကွယ် စောင့်ရှောက်ရမည်ဟု အကြောင်းပြကာ အစိုးရက မိမိ၏လုပ်ရပ်များတရားကြောင်း ဆင်ခြေ ပေးနိုင်သည်။

စင်စစ်အားဖြင့် လူမျိုးစုတိုင်း၊ လူ့အလွှာတိုင်း အခြေခံဥပဒေနှင့်အညီ ဖြစ်သင့်ဖြစ်ထိုက် သည့် လက်တွေ့အကန့်အသတ်များအောက်၌ တန်းတူညီမျှမှုအခွင့်အရေး ခံစားနိုင်ပါက ပြည်ထောင်စုကြီး ပြိုကွဲမည်မဟုတ်ပါ။ သို့ဖြစ်ရကား လူ့အဖွဲ့အစည်းက ကာကွယ်မြှင့်တင် ရမည်မှာ **တိုင်းရင်းသားလူမျိုးပေါင်းစုံအကြား တန်းတူရေးနှင့် သာနာညီမျှရေးတန် ဖိုးစံများ** သာဖြစ်သင့်ပေသည်။

## ( ၂ ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး [ အမျိုးသားညီညွတ်ရေး ] ဆိုသည်မှာ ကမ္ဘာပေါ် ရှိ လူ့အဖွဲ့အစည်းအများစုက ယေဘုယျအားဖြင့် တန်ဖိုးထား လိုလားကြသော နိုင်ငံရေး ဝေါဟာရတခုဖြစ်သည်။ သို့သော်လည်း ယင်းစကားလုံးကို အခြေခံဥပဒေသဘောအရ

အသုံးချမှုမှာ ဝေဝါးဝါးနိုင်ပြီး ဟာကွက်အများအပြားရှိတတ်သည်။ သမိုင်းကိုပြန်ကြည့်လျှင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အချိန်တိုင်း၌ ထိန်းသိမ်းရမည့် ထာဝရတာဝန်ဖိုးစံအဖြစ် မည်သည့်လူ့ဘောင်ကမျှ အာမမခံနိုင်သည်ကို တွေ့ရသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို နိုင်ငံသားများ၏ တဦးချင်းအခွင့်အရေးအဖြစ်သာမကဘဲ တိုင်းရင်းသားလူမျိုးစုများနှင့် အခြားလူ့အလွှာများ၏ စုပေါင်းအခွင့်အရေးအဖြစ်ပါ ကျင့်သုံးနိုင်ရေးအတွက် အခြေခံဥပဒေက ပန္နက်ရိုက်ပေးမှသာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ထမြောက်အောင်မြင်နိုင်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသက်သက်ကိုသာ ရည်ညွှန်းနေပါက တင်းကြပ်သည့် ဗဟိုချုပ်ကိုင်မှုကို အခြေခံဥပဒေနှင့်အညီ ကျင့်သုံးရေးဘက်သို့ ပိုမို တိမ်းညွှတ်သွားပေလိမ့်မည်။

## (၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး

မည်သည့်အခြေအနေအောက်တွင် ဖြစ်စေ၊ မည်မျှပင် တန်ဖိုးပေးဆပ်ရသည်ဖြစ်စေ၊ နိုင်ငံ၏အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရမည်ဟူသော သဘောတရားသည် ခေတ်နောက်ကျသွားပြီဖြစ်သည်။ လက်ရှိနိုင်ငံတကာက လျှောက်လှမ်းလျှက်ရှိသော လမ်းကြောင်းမှာ နိုင်ငံတိုင်းအနေဖြင့် မိမိတို့ဒေသတွင်း ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ခြိမ်းခြောက်နိုင်ဖွယ်ရှိသည့် အမျိုးသားပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးအတွက် မိမိ၏ အချုပ်အခြာအာဏာ တစိတ်တပိုင်းကို စွန့်လွှတ်ပြီး ကုလသမဂ္ဂမှ ဝင်ရောက်စွက်ဖက်ခွင့်ကို လက်ခံရန် ဖိအားပေးလျှက်ရှိသည်။ ထို့အပြင် နိုင်ငံများသည် စစ်ရာဇဝတ်မှု၊ လူမျိုးတုံး သတ်ဖြတ်မှု၊ လူသားမျိုးနွယ်ကိုဆန့်ကျင်သည့်ပြစ်မှု၊ ကျူးကျော်မှု စသည်တို့ကျူးလွန်ခြင်းအတွက် သဘောတရားအရ အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးအယူအဆကိုလည်းကောင်း၊ လက်တွေ့အရ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး၏ တရားစီရင်ပိုင်ခွင့်အာဏာကိုလည်းကောင်း တစတစနှင့် လက်ခံလာနေကြသည်။ သို့ဖြစ်၍ အစိုးရများအနေဖြင့် မိမိတို့နိုင်ငံ နယ်နိမိတ်အတွင်း မည်သည့်ပြစ်မှုများကို ကျူးလွန်သည်ဖြစ်စေ ပြစ်ဒဏ်မှကင်းလွတ်ခွင့်ရနိုင်သည့် ဒိုင်းလွှားအဖြစ် နိုင်ငံအချုပ်အခြာအာဏာ၏ အကာအကွယ်ကိုရယူရန် မဖြစ်နိုင်တော့ချေ။

အနှစ်သာရအားဖြင့်ဆိုလျှင် ခေတ်မှီအခြေခံဥပဒေ ဝါဒအတွေးအခေါ်အရ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်လာခြင်းဖြစ်သည်။ နိုင်ငံတော်မှဆင်းသက်လာခြင်းမဟုတ်ပါ။ ဤသည်ကို " လူထု၏အချုပ်အခြာအာဏာ "[၁] ဟု အများအားဖြင့်နားလည်ကြပြီး ကမ္ဘာတလွှားမှ ဒီမိုကရေစီနိုင်ငံအများအပြားတွင် ကျင့်သုံးနေကြသည်။ မြန်မာနိုင်ငံတွင် " လူထု၏အချုပ်အခြာအာဏာပိုင်စိုးမှု" အခြေခံများကို ငြင်းပယ်ပြီး စစ်တပ်အချုပ်အခြာအာဏာပိုင်မှုကို သွတ်သွင်းခြင်းမှာ လုံးဝလက်ခံနိုင်ဘွယ်မရှိချေ။

## ( ၄ ) စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေး၊

ပြည်သူလူထုသည် မိမိတို့နှစ်သက်သလို ပါတီစုံစနစ် သို့မဟုတ် နှစ်ပါတီစနစ် ကျင့်သုံးနိုင်သည်။ အရင်းခံအားဖြင့် အခြေခံဥပဒေက ကာကွယ်စောင့်ရှောက်ရမည်မှာ အခြေခံလွတ်လပ်ခွင့်သုံးမျိုးဖြစ်သည်။ ၎င်းတို့မှာ လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ စုရုံးခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တို့ဖြစ်သည်။ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ပြုထားသော်

လည်း လွတ်လပ်စွာစုရုံးခွင့်ကို ပိတ်ပင်ထားပါက မည်သို့မျှ အလုပ်ဖြစ်နိုင်မည်မဟုတ်။ ပို၍ အရေးကြီးသည်မှာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်ရှိသော်လည်း လွတ်လပ်စွာထုတ်ဖော်ခွင့်ကို ငြင်းပယ်ထားပါက မည်သို့မျှ ဒီမိုကရေစီထွန်းကားနိုင်မည်မဟုတ်ချေ။ အာဏာရ စစ်အစိုးရများသည် အရင်းခံအားဖြင့် ၎င်းအခြေခံလွတ်လပ်ခွင့်သုံးမျိုးကို ဆယ်စုနှစ် လေးခု ကျော်ကြာ ဖျက်သိမ်းထားခဲ့သည်။ အနာဂတ်မြန်မာ့လူ့ဘောင်၌ ဤလွတ်လပ်ခွင့်များကို အခြေခံဥပဒေက အာမ မခံမချင်း ပြည်သူလူထုများအနေဖြင့် မိမိတို့ကိုယ်ပိုင် နိုင်ငံရေးပါတီများ တည်ထောင်ဖွဲ့စည်းရေး ကြိုးပမ်းချက်များ ကန့်သတ်ခံနေရနိုင်သည်။ နိုင်ငံရေးပါတီများ တည်ထောင်ဖွဲ့စည်းခွင့်ရှိသော်လည်း စုရုံးစည်းဝေးခွင့် ကန့်သတ်ခံရနိုင်သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ပိတ်ပင်ခံထားရပါက နိုင်ငံရေးပါတီ တည်ရှိမှုနှင့် စုရုံးမှုတို့မှာ အဓိပ္ပါယ် ရှိလိမ့်မည်မဟုတ်ချေ။

## ( ၅ ) နိုင်ငံတော်အတွင်း တရားမျှတမှု၊ လွတ်လပ်မှု၊ တန်းတူညီမျှမှု စသော လောကပါလတရားများထွန်းကားရေး၊

ဤသည်တို့မှာ လူ့အဖွဲ့အစည်း၏ တန်ဖိုးစံများဖြစ်ကြသည်။ သို့ရာတွင် လူမှုလူတန်းစားအလွှာများအကြား လူမှုရေးသဟဇာတ၂ ဖြစ်မှုကို ထိန်းသိမ်းထားရှိနိုင်မှသာ ဤတရားများကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ယင်းသို့ထိမ်းသိမ်းနိုင်ရန်မှာ အခြေခံဥပဒေက နိုင်ငံသားတိုင်း၏ တဦးချင်းအခွင့်အရေး၊ လူမျိုး လူ့အလွှာ လူအုပ်စုများ၏ စုပေါင်းအခွင့်အရေးတို့ကို ကာကွယ်ပြဋ္ဌာန်းမှသာ ဖြစ်နိုင်ပေလိမ့်မည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသော နိုင်ငံတော်အာဏာသုံးရပ်အကြား အပြန်အလှန်ထိန်းချုပ်သည့်စနစ်ကို ထူထောင်ခြင်း၊ ဥပဒေစိုးမိုးရေးအခြေခံပေါ်တွင် လွတ်လပ်သည့်အစိုးရနှင့် ဆက်စပ်သော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် လူထုအသင်းအဖွဲ့များ ဖန်တီးတည်ရှိနေခြင်းတို့မှတဆင့် ၎င်းသဟဇာတဖြစ်မှု ပေါ်လာလိမ့်မည်ဖြစ်သည်။ တဆက်တည်းတွင် အရွယ်ရောက်သူတိုင်း မဲပေးခွင့်ကိုအခြေခံပြီး ပြည်သူလူထုက ရွေးကောက်တင်မြှောက်သောအစိုးရကို ထူထောင်ဖွဲ့စည်းရမည်ဖြစ်သည်။ သို့ရာတွင် နအဖအခြေခံမူများသည် အခြေခံဥပဒေဘောင်ကားချပ်ကြီး၏ ယခုလို အဓိကကျလှသော အစိတ်အပိုင်းများနှင့်ပတ်သက်၍ မည်သို့မျှ ဖော်ပြပါရှိခြင်းမရှိချေ။ ထို့ကြောင့် လူ့အဖွဲ့အစည်း၌ တရားမျှတမှု၊ လွတ်လပ်မှုနှင့် တန်းတူ ညီမျှမှုတို့ကို လက်တွေ့ဖော်ဆောင်ရန် ဖြစ်နိုင်လိမ့်မည် မဟုတ်ချေ။

## ( ၆ ) အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးတွင် တပ်မတော်က ဦးဆောင်အခန်းမှ ပါဝင်ရေး

နအဖ၏အခြေခံမူများထဲတွင် နိုင်ငံတော်အာဏာကျင့်သုံးမည့် အာဏာပိုင်အဖွဲ့အစည်းများ၌ တာဝန်ထမ်းဆောင်ရန် စစ်ဘက်မှ ပုဂ္ဂိုလ်အစုကြီးတစုကို ရွေးကောက်မခံရဘဲ ခန့်အပ်ဖို့ သတ်မှတ်ထားသည်။ ၎င်းတို့၏ ပါဝင်မှု၊ လွှမ်းမိုးမှုနှင့် အခန်းကဏ္ဍမှာ တင်းစီးလွန်း၊ အခွင့်အရေးယူလွန်းလှသည်။ ပြည်သူလူထုမှာ မိမိတို့၏အချုပ်အခြာအာဏာကို ဗဟိုအဆင့်တွင် ပြည်ထောင်စုလွှတ်တော်မှတဆင့်လည်းကောင်း၊ ပြည်နယ်အဆင့်တွင် ပြည်နယ်

လွှတ်တော်မှတဆင့်လည်းကောင်း ကျင့်သုံးရမည်ဖြစ်သည်။ ထိုလွှတ်တော်များတွင် စစ်ဘက်ပုဂ္ဂိုလ်များအတွက် အမတ်နေရာချန်ထားပေးရမည်ဟူသည့်မူမှာ တလောကလုံးလက်ခံထားသည့် ဒီမိုကရေစီကျင့်စဉ်နှင့် ဆန့်ကျင်ဖက်ဖြစ်နေသည်။ ဒီမိုကရေစီမူအရ ပြည်သူလူထု၏ဆန္ဒက အစိုးရဖွဲ့စည်းမှုပုံသဏ္ဍာန်ကို သတ်မှတ်ပြဋ္ဌာန်းရမည်ဖြစ်လေသည်။

အခြေခံဥပဒေဟူသည် လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းအမျိုးမျိုးကို ယှဉ်ပြိုင်ခွင့်ပေးထားရမည်ဖြစ်သည်။ ဤသည်နှင့်ဆန့်ကျင်စွာ နအဖအခြေခံမူများသည် လူမှုလူတန်းစားအလွှာများကို ခွဲခြားဆက်ဆံပြီး စစ်ဘက်ကို အခြားအလွှာအားလုံး၏ အထက်တွင်ထားရှိသည်။ ယင်း၏အကျိုးဆက်အဖြစ် နိုင်ငံရေးပါတီများနှင့် လူထုအသင်းအဖွဲ့များအနေဖြင့် လူ့အဖွဲ့အစည်းအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ငြင်းပယ်ဟန့်တားခံရသည်။ ပါလီမန်ဒီမိုကရေစီ၏ အဓိကသရုပ်မှာ အတိုက်အခံပါတီများ တည်ရှိမှုပင်ဖြစ်သည်။ ဤအရာအားလုံးချို့တဲ့နေခြင်းက “နအဖအခြေခံမူများ” ဆိုသည်မှာ စစ်တပ်ကြီးစိုးသော အတုအယောင်သမတစနစ်တခု ဖန်တီးဖို့ရည်ရွယ်ချက်ဖြင့် ဖော်ထုတ်ထားခြင်းဖြစ်သည်ကို သက်သေပြနေသည်။ အခြေခံဥပဒေသည် မိမိပြည်သူ၏ လေးစားမှုနှင့်ယုံကြည်မှုကို ရယူနိုင်ရပါမည်။ လူ့အဖွဲ့အစည်း၌ လူ့အလွှာတခုတည်းကိုသာ အထူးအခွင့်အရေးပေးထားသော အခြေခံဥပဒေကို ပြည်သူလူထုတရပ်လုံးက လေးစား၊ ယုံကြည်၊ လက်ခံကျင့်သုံးရန်မဖြစ်နိုင်ချေ။ ဤမျှနှင့်ပင် နအဖ၏ “အခြေခံမူများ” မှာ လက်ခံနိုင်ဘွယ်မရှိကြောင်း ထင်ရှားသည်။

လူ့အဖွဲ့အစည်းကို စစ်ဘက်ဆိုင်ရာကသာ ကြီးစိုးလွှမ်းမိုးခြင်းအား လက်ခံနိုင်ဖွယ်မရှိပါ။ ဆွေးနွေးငြင်းခုံမှုကို ဂုဏ်သရေရှိအလုပ်အဖြစ် လက်ခံကျင့်သုံးသည့် လွတ်လပ်သောလူ့အဖွဲ့အစည်းမျိုးကို ပြည်သူတို့က လိုလားမျှော်မှန်းကြသည်။ လူတဦးချင်း၏တာဝန်ရှိမှုကို လူ့အစုအစည်း အဝန်းအဝိုင်း အကျိုးစီးပွားနှင့် ဟပ်စပ်အောင် လူ့အဖွဲ့အစည်းက အားထုတ်ရမည်ဖြစ်သည်။ ပြဋ္ဌာန်းချမှတ်ပေးခြင်းကြောင့်မဟုတ်ဘဲ မိမိဖာသာ စည်းကမ်းစောင့်ထိန်းမှုနှင့် မူရင်းအခြေခံတန်ဖိုးစံများကို မြှင့်တင်ခွင့်ရစေမည့် လူ့အဖွဲ့အစည်းမျိုးဖြစ်သင့်သည်။ လူ့အဖွဲ့အစည်းသည် နိုင်ငံသားကောင်းစိတ်ဓာတ်ကို ကောင်းကျိုး ဖြစ်ထွန်းစေသင့်သည်။ အခြေခံဥပဒေတရပ်၏ ပင်မတာဝန်သည် အထက်၌ဆိုခဲ့သည့် လူ့အဖွဲ့အစည်းမျိုးတခုကို မွေးဖွားပေါ်ထွန်းစေရန်ဖြစ်သည်။ စစ်ဘက်ဆိုင်ရာက ကြီးစိုးလွှမ်းမိုးသည့် အခြေခံဥပဒေသည် လူသားမျိုးနွယ်တို့ကမ္ဘာဦးအစကတည်းက အလေးအမြတ်ထားခဲ့ကြသည့် တန်ဖိုးစံအားလုံးကို ပျက်စီးပျောက်ကွယ်သွားစေလိမ့်မည်။ ထို့အတွက်ကြောင့် မည်သည့်နိုင်ငံကမျှ စစ်တပ်ကို အစိုးရဖွဲ့စည်းခွင့် သို့မဟုတ် အခြေခံဥပဒေချမှတ်ခွင့် မပြုသည်မှာ အံ့သြစရာမရှိချေ။ တပါတီအာဏာရှင်စနစ်နိုင်ငံများနှင့် ကွန်မြူနစ်အုပ်စိုးသောနိုင်ငံများတွင်ပင် စစ်တပ်ကို အရပ်ဖက်အုပ်စိုးမှုအထက်တွင်မထားဘဲ အောက်တွင်ထားရှိကြသည်။ အာဏာသဘောတရားထဲ၌ သမိုင်းဝင်ပကတိအရှိတရားတခုရှိသည်။ ယင်းမှာ ပြည်သူလူထုသည် မည်သည့်နိုင်ငံရေးစနစ်မဆို၏ အလယ်ဗဟိုတွင်ရှိသည်ဟူသော အချက်ဖြစ်သည်။

နိုင်ငံရေးတွင် စစ်ဘက်ဆိုင်ရာ၏ ဦးဆောင်မှုအခန်းကိုပြဋ္ဌာန်းလိုက်ခြင်းအားဖြင့် နိုင်ငံသားများအတွင်း လူတန်းစားနှစ်ရပ်ကိုဖန်တီးလိုက်ခြင်းဖြစ်သည်။ စစ်တပ်သည် ပြည်သူလူထု၏ ကယ်တင်ရှင်ဖြစ်သည်ဟူသော အမြင်ကို ဖန်တီးလိုက်ခြင်းလည်းဖြစ်သည်။ နိုင်ငံခြားကျူး

ကျော်မှုရှိလာပါက စစ်တပ်သည် အရေးပါသည့်အခန်းမှပါနိုင်သည်။ ဤအခြေအနေ၌ပင် ပြည်သူ့စစ်ပွဲအဖြစ် မဆင်နွှဲနိုင်လျှင် စစ်တပ်တခုတည်းဖြင့် နိုင်အောင်တိုက်နိုင်မည်မဟုတ်။ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရန်အတွက်  ပထမဆုံးနှင့်အရေးကြီးဆုံးလိုအပ်ချက်မှာ ပဋိပက္ခမရှိဖို့ဖြစ်သည်။ ပဋိပက္ခသည် ခွန်အားနှင့်အချိန်ကို ပြုန်းတီးစေသည်။ ပျက်စီးမှုဆီသို့ ဦးတည်သည်။ အတူတကွနေထိုင်ဖို့ မဖြစ်နိုင်သည့် စိတ်သဘောထားများ ဖြစ်ပေါ်စေသည်။ စစ်တပ်အား နိုင်ငံရေးတွင် ဦးဆောင်အခန်းပေးခြင်းဖြင့် ငြိမ်းချမ်းသာယာသော နိုင်ငံတော် ပေါ်ထွန်းလာနိုင်စေမည့် အခြေခံဥပဒေ ပန္နက်ဘောင်တခု ဖန်တီးရန် အားထုတ်မှုကို လွယ်ကူချောမွေ့သွားစေမည်မဟုတ်ပါ။ ပဋိပက္ခများသာ တိုးပွားလာမည်ဖြစ်သည်။ ကွဲပြဲမှုများ ပိုကြီးလာမည်ဖြစ်သည်။ ဤအချက်မှာ ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းယူ အုပ်ချုပ်လိုက်ချိန်ကတည်းက သိသာထင်ရှားခဲ့သည်။ တိုင်းပြည်မှာလည်း ဒုက္ခဆင်းရဲတွင်းထဲကျခဲ့ရသည်။

အခြေခံဥပဒေသည် ပဋိပက္ခကို ဖယ်ရှားရှင်းလင်းပစ်ဖို့ ကြိုးပမ်းသည့်ကရိယာတခုဖြစ်သည်။ အခြေခံဥပဒေသည် လူ့အဖွဲ့အစည်းတခုတွင် အတူတကွယှဉ်တွဲနေထိုင်ဖို့ လိုအပ်သည့်အခြေအနေများကို ဖန်တီးဖော်ထုတ်ပေးသည်။ လူတဦးချင်းနှင့် အစုအဝေးအကြား ဆက်စပ်မှုကို အခြေခံဥပဒေက ထိန်းညှိချိန်ကိုက်ပေးသည်။ ထိန်းညှိချိန်ကိုက်ရန်အတွက် လိုအပ်သော အခြေအနေများကို အခြေခံဥပဒေက ချမှတ်ပေးနိုင်သည်။ အခြေခံဥပဒေသည် ဒီမိုကရေစီကို နားလည်ကျင့်သုံးစေမည့် ခေါင်းဆောင်မှုအမျိုးအစားကိုလည်း ထုတ်လုပ်ပေးနိုင်သည်။ အခြေခံဥပဒေ တွန်းအားပေးစေ့ဆော်မှုဖြင့် ၎င်းတို့က ပြည်သူလူထုကို အခြေခံဥပဒေထဲ၌ ချမှတ်ထားသည့်မူများနှင့်အညီ ပြန်လည်ပုံဖော်သွားပေလိမ့်မည်။ သို့ရာတွင် စစ်တပ်က နိုင်ငံရေးတွင် ဦးဆောင်နေရာယူထားသမျှကာလပတ်လုံး မည်သည့်အခါတွင်မျှ ဤသို့ဖြစ်လာမည်မဟုတ်ချေ။ ဤသည်ကို လက်တင်အမေရိကတိုင်းပြည် နှစ်ဆယ်နှင့် နိုင်ငံတကာ အချို့နိုင်ငံများတွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်များက သက်သေထူခဲ့ပြီးဖြစ်သည်။

မြန်မာ့သမိုင်းတွင် လွတ်လပ်ရေးတိုက်ပွဲဝင်သူများအဖြစ် အသိအမှတ်ပြုခံရသော ရဲဘော်သုံးကျိပ်ကပင်လျှင် ၁၉၄၇ အခြေခံဥပဒေရေးဆွဲရာ၌လည်းကောင်း၊ ထိုဥပဒေကို ရေးဆွဲခဲ့သည့် တိုင်းပြုပြည်ပြုလွှတ်တော်တွင်လည်းကောင်း အထူးအခန်းကဏ္ဍရဖို့ မတောင်းဆိုခဲ့ကြချေ။ ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင်ပင် စစ်တပ်အကြီးအကဲဖြစ်နေခဲ့စဉ်က တိုင်းပြည်၏ ပထမဆုံးအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပါလီမန်လွှတ်တော်တွင် စစ်တပ်အတွက်နေရာ ခွဲတမ်းပေးဖို့ မတောင်းဆိုခဲ့ချေ။ ၁၉၅၈ ခုတွင် ဝန်ကြီးချုပ်ဦးနု၏ အာဏာရပါတီ ဒေါင်လိုက်ကွဲအက်သွားသည့်အခါ ၎င်းက ဗိုလ်ချုပ်ကြီးနေဝင်းအား အိမ်စောင့်အစိုးရဖွဲ့ရန် ပန်ကြားခဲ့သည်။ ဗိုလ်ချုပ်ကြီးနေဝင်းက စစ်တပ်မှ မဟုတ်သည့် ထင်ရှားထူးချွန်ပြီး ပါတီနောက်ခံမရှိသည့် အရပ်သားများဖြင့် အစိုးရဖွဲ့ခဲ့သည်။ စစ်တပ်အနေဖြင့် နိုင်ငံရေးဦးဆောင်မှုယူခြင်းသည် မြန်မာနိုင်ငံ၏ အကောင်းဆုံးအစဉ်အလာများနှင့်လည်းကောင်း၊ မြန်မာ့သမိုင်းနှင့်လည်းကောင်း ဆန့်ကျင်သည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ ဒီမိုကရေစီအစဉ်အလာနှင့်လည်း ကိုက်ညီခြင်းမရှိပါ။

## စည်းကမ်းပြည့်ဝသောဒီမိုကရေစီ၊ လူသားလုံခြုံမှုနှင့် တဦးချင်းလွတ်လပ်မှုများ

နအဖ၏ ဒီမိုကရေစီအယူအဆသည် စည်းကမ်းအယူအဆနှင့် တွဲဘက်ထားပြီး လုံခြုံမှု၏ အရေးကြီးမှုကို အလေးပေးနေသည်။ ဤနှစ်ခုမှာ အခြေခံအားဖြင့် ဆန့်ကျင်ဖက်ဖြစ်သည်။ ဦးစွာအားဖြင့် လုံခြုံမှုဆိုသည်မှာ လူသားလုံခြုံမှု[၃] ကိုဆိုလိုပြီး နိုင်ငံတော်လုံခြုံမှု[၄] ကိုဆိုလိုခြင်းမဟုတ်ပါ။ လူသားလုံခြုံမှုရှိနေပါက ပြည်တွင်းလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် ဘာအန္တရာယ်မှမရှိတော့။ သို့ဖြစ်၍ မြန်မာပြည်အနေအထားအရ လူသားလုံခြုံမှုဆိုသည်မှာဘာလဲ။ ဆင်းရဲမွဲတေမှုလျော့ပါးရေးလား။ သို့မဟုတ် အစိုးရ၏လုံခြုံမှုကို မြှင့်တင်ရေးလား။ လုံခြုံမှုဟူသည် လူသားဆိုင်ရာလွတ်လပ်မှုနှင့်ပြည့်ဝမှု[၅] ကို အထောက်အပံ့ဖြစ်စေသည့်နည်းလမ်းဖြင့် လူသားဘဝ၏ ပင်မအနှစ်ကို ကာကွယ်စောင့်ရှောက်ခြင်းကိုဆိုလိုသည်။ လုံခြုံမှုကို ပြည်သူတို့၏ခွန်အားနှင့် မျှော်မှန်းချက်များအပေါ်တွင် တည်ဆောက်ရသည်။ လုံခြုံမှုဆိုသည်မှာ ပြည်သူများအတွက် အသက်ရှင်ရပ်တည်မှု၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ဂုဏ်သိက္ခာတို့ကို တည်ဆောက်ပေးနိုင်မည့် နိုင်ငံရေး၊ လူမှုရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ စီးပွားရေး၊ စစ်ရေးနှင့် ယဉ်ကျေးမှုစနစ်များ ဖန်တီးခြင်းကိုဆိုလိုသည်။ ထို့အပြင် လူ့အခွင့်အရေးများနှင့် ကောင်းမွန်သော လွှမ်းမိုးအုပ်ချုပ်မှုတို့ကို လေးစားရေးတို့လည်းပါဝင်သည်။ လူသားလုံခြုံမှုအတွက် အဓိကအဟန့်အတားမှာ အကြမ်းဖက်ပဋိပက္ခဖြစ်သည်။ ထို့ကြောင့် မြန်မာပြည်အခင်းအကျင်းအတွင်း၌ လုံခြုံမှုဆိုသည်မှာ ပြည်သူများကို ကာကွယ်စောင့်ရှောက်ရေးနှင့် ပြည်သူများကိုယ်တိုင် ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိလာအောင် အင်အားဖြည့်ဆည်းပေးရေးတို့ဖြစ်သည်။ ပြီးခဲ့သောဆယ်စုနှစ်လေးခုကြာ စစ်တပ် အုပ်စိုးထားသည့်ကာလအတွင်း ပြည်သူတို့ အင်အားပြည့်တင်းလာအောင် ဖြည့်ဆည်းသည့်လုပ်ငန်းကို စိုးစဉ်းမျှလုပ်ဆောင်ခဲ့ခြင်းမရှိချေ။

ပြည်သူများ အင်အားပြည့်တင်းလာခြင်းအားဖြင့် ခက်ခဲသည့်အခြေအနေများကို ခံနိုင်ရည်ရှိလာစေသည်ဟူသော အယူအဆသည်ပင် ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။ မြန်မာပြည်သူတို့သည် လူမှုအနေအထားအစီအစဉ်များကို စူးစမ်းလေ့လာနိုင်စွမ်း မရှိတော့ဘဲ စုပေါင်းလှုပ်ရှားဆောင်ရွက်ဖို့ ကြောက်လန့်လာကြသည်။ ပြည်သူတို့ အင်အားပြည့်တင်းလာစေရေးအတွက် အနာဂတ်မြန်မာနိုင်ငံအခြေခံဥပဒေတွင် အတိုက်အခံအတွက် အများပိုင်နေရာ သတ်မှတ်ခန့်ခွဲပေးရပါမည်။ ယင်းနေရာသည် အစိုးရနှင့်တကွ အစိုးရမိုက်ဖော်ဆိုးဖက်များ၏ ချုပ်ကိုင်မှုမှ ကင်းလွတ်ရပါမည်။ အောက်ခြေလူထု၏ ခေါင်းဆောင်မှု၊ ဗဟုဝါဒနှင့် အများပြည်သူအကြား ဆွေးနွေးငြင်းခုံမှုတို့ကို အားပေးပျိုးထောင်ရပါမည်။ စည်းကမ်းဟူသည်ကို အကြောင်းပြ၍ ပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထက်ပါလိုအပ်ချက်ကို မပယ်ရှားသင့်ပါ။ ကံမကောင်းလှစွာပင် နအဖသည် နိုင်ငံတော်လုံခြုံရေး အခင်းအကျင်းတွင်းမှ လူသားလုံခြုံမှုအယူအဆကို နားမလည်ရှာပေ။ ပိုဆိုးသည်မှာ ပါမောက္ခအမာတာဆင်း မှန်ကန်စွာထောက်ပြထားသောအချက်ဖြစ်သည့် လူသားလုံခြုံမှုဟူသည် တဦးချင်းလွတ်လပ်မှုကို တိုးချဲ့ကျင့်သုံးခြင်းဟူသည်ကို နအဖအစိုးရ လုံးဝသဘောမပေါက်ခြင်းပင်ဖြစ်သည်။ လုံခြုံမှုအစီအစဉ်အခင်းအကျင်းကို ပြည်သူလူထုက ဖန်တီးချမှတ်ရမည်ဖြစ်ပြီး အာဏာကိုသာ စိတ်ဝင်စားသည့် စစ်ဘက်အထက်လွှာက လက်ဝါးကြီးအုပ်မထားသင့်ပေ။

ဤလူတစုသည် မြန်မာပြည်သူတို့ကို ဘေးဖယ်ထုတ်ထားပြီး မလှုပ်နိုင်အောင်လုပ်ထားသည့်အပြင် ထာဝရကျွန်ပြုဖို့နည်းလမ်းကို ဖော်ထုတ်ထားသည်။ ထို့ကြောင့် ကျနော်တို့၏ အနာဂတ်အခြေခံဥပဒေသည် ပြည်သူလူထုနှင့် ပြည်သူလူထုပါဝင်ဆောင်ရွက်မှုကို ဗဟိုချက်မနေရာ၌ထားဖို့လိုအပ်သည်။ အပေါက်အလမ်းမတည့်သည့်လုပ်စွာပင် နအဖ လမ်းညွှန်မှုများသည် လာမည့်နှစ်များအတွင်းတွင် မလုံခြုံမှုကို အများဆုံးဖန်တီးမည့်အရာဖြစ်ပေလိမ့်မည်။ စစ်တပ်သည် မြန်မာနိုင်ငံကို နှစ်ပေါင်းငါးဆယ်နီးပါး အုပ်ချုပ်ခဲ့သော်လည်း နအဖ တို့နားလည်သဘောပေါက်ထားသည့် နိုင်ငံတော်လုံခြုံရေးကို မရနိုင်ခဲ့သည်မှာ ဝမ်းနည်းစရာပင်ဖြစ်သည်။ ၎င်းတို့၏ နိုင်ငံတော်လုံခြုံရေးသဘောတရားသည် ပျက်သုဉ်းခြင်းကိုဆောင်ကျဉ်းလာပြီး ပြည်သူတို့ကို ဆင်းရဲမွဲတေသွားစေခဲ့သည်။ ထာဝစဉ်မတည်ငြိမ်မှုအခြေအနေကို ဖြစ်ပေါ်စေပြီး ထိုမှတဆင့် အခြေခံမူလအခွင့်အရေးများ ဖောက်ဖျက်မှုနှင့် လူ့အခွင့်အရေးအကြီးအကျယ်ချိုးဖောက်မှုများကို သက်ဆိုးရှည်စေလျှက်ရှိသည်။

စစ်တပ်သည် မိမိ၏စိတ်နေစိတ်ထားကို ပြောင်းလဲပစ်ပြီး အခြားကြီးပွားတိုးတက်နေသော တိုင်းပြည်အားလုံးမှ စစ်ဘက်ခေါင်းဆောင်များ လျှောက်လှမ်းနေကြသောလမ်းကို လိုက်ဖို့ အချိန်တန်လေပြီ။ စစ်တပ်အထက်လွှာ၏ ဘဝင်စိတ္တဇသည် အခြေခံမူ ( ၁၀၄ ) ချက်တွင် တောက်လျှောက်ထင်ဟပ်နေသည်။ ဤအချက်ကို အနှစ်ချုပ်ပြောရလျှင် " တပ်မတော်၏ဦးဆောင်မှုအခန်း " ဖြစ်သည်။ ဒီမိုကရေစီက စည်းကမ်းကိုမဖန်တီးပါ။ ပြည်သူလူထုကို အင်အားပြည့်တင်းစေပြီး ဆုံးဖြတ်ချက်ချရာ၌ ပါဝင်နိုင်ခွင့်ပြုသော သင့်တော်သည့် လည်ပတ်မှုစနစ်များ[၆] ရှိပါက ဒီမိုကရေစီသည် တန်ခိုးစွမ်းအားကြီးမားလာပြီး လူ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် မပြိုပျက်နိုင်သော ဝရဇိန်လက်နက်ဖြစ်လာသည်။ ဒီမိုကရေစီ၌ ခိုင်မာသောစွမ်းအားရှိသည်။ အခြားအစိုးရအမျိုးအစားများ၌ ယင်းသို့မရှိ။ ဒီမိုကရေစီသည် ဥဏ်ကြီးရှင်တယောက် သို့မဟုတ် ပါရမီရှင်အချို့ သို့မဟုတ် မည်သို့သော ရေပေါ်ဆီလူတန်းစားဖြစ်စေ ခေါင်းဆောင်သည့် အစိုးရတခုထက် အများကြီး ပို၍စွမ်းအားကြီးသော လက်ဆယ်ချောင်း ခေါင်းဆယ်လုံးမကရှိသည့် ဘီလူးကြီးသဘွယ်ဖြစ်သည်။

နအဖ၏အခြေခံမူများတွင် နိုင်ငံတော်သည် သမတနိုင်ငံဖြစ်သည်ဟု ဆိုထားသည်။ ဤသည်မှာ မှားယွင်းသောအဆိုဖြစ်သည်။ သမတနိုင်ငံ ဟူသောစကားလုံးကို အပြည့်အဝအဓိပ္ပါယ်ဖွင့်မထားသော်လည်း အခြေခံအားဖြင့်ပြောရလျှင် အရွယ်ရောက်သူတိုင်း မဲပေးခွင့်အခြေခံပေါ်မှ ဖွဲ့စည်းသော ( ဝါ ) ပြည်သူလူထုက ရွေးကောက်တင်မြှောက်သော အစိုးရရှိသည့်နိုင်ငံကို ဆိုလိုသည်။ ယင်းအခြေအနေကင်းမဲ့နေလျှင် သမတနိုင်ငံဟု မဆိုနိုင်ချေ။

မြန်မာနိုင်ငံ၏ အမျိုးသားသူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်းက **'ပြည်သူ' တို့၊ 'ဒီမိုကရေစီ ' တို့ဆိုတဲ့စကားလုံးတွေကို ရေလဲနဲ့သုံးနေကြတယ်၊ ဒါပေမဲ့ အမြဲပဲအရိုးခံစိတ်နဲ့သုံးတာတော့မဟုတ်ဘူး။ ဒါတွေဟာ လူတွေကိုဖမ်းစားဖို့ စကားလုံးတွေပဲဖြစ်ပြီး ပြည်သူလူထုအကျိုးအတွက် အာဏာကိုအသုံးချမယ်လို့ ထင်ရသူတွေလက်ထဲ အာဏာရောက်အောင် လှည့်စားတာသာဖြစ်တယ်။ ဒါပေမဲ့ ဒီလူတွေဟာ နောက်ဆုံးမှာတော့ ပြည်သူတွေရဲ့အကျိုးစီးပွားကိုဆန့်ကျင်ပြီး အာဏာရလူတန်းစားအကျိုးအတွက်ပဲ ဒါတွေကို အသုံးချကြတယ်"** ဟုသတိပေးခဲ့သည်။

## အပိုင်း ( ၂ )
## နိုင်ငံဖွဲ့စည်းရာ၌ ပါဝင်သည့် ယူနစ်များ

နအဖ၏အခြေခံမူများထဲတွင် ဒီမိုကရေစီသဘောတရားသည် နိုင်ငံတော်၏ အဓိက အာဏာပိုင်သုံးရပ်ဖြစ်သော အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့၌ လုံးဝပင်ချို့တဲ့လျှက်ရှိသည်။ ဤအခြေခံမူများသည် အာဏာရှင်စနစ်ကို သိက္ခာမဲ့စွာ ဖုံးအုပ်ပေးထားသည်ဟူသည်ကို အောက်ပါခွဲခြမ်းစိတ်ဖြာချက်က သက်သေပြနေသည်။ အခြေခံမူများသည် ဖွဲ့စည်းတည်ဆောက်မှုအရလည်းကောင်း၊ သဘောတရားအယူအဆအရလည်းကောင်း အားနည်းချက်များ လွန်စွာမှပင် ပြည့်လျှမ်းလျှက်ရှိသည်။ ယင်းတို့မှာ ခရီးသွားတယောက်က ကြိုးပမ်းသွားရောက်ကာ ရယူရန်ကြိုးပမ်းပါသော်လည်း မည်သည့်အခါတွင်မျှ လှမ်းကိုင်ဆုပ်၍မရနိုင်သော တံလျှပ်နှယ်ဖြစ်သည်။

နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ထောင်သည်ဟုဆိုသည်။ " ပြည်ထောင်စုစနစ် " ကို သဘောပေါက်ရန် ကမ္ဘာအနှံ့မှ အခြေခံဥပဒေပုံစံများကို တချက်မျှကြည့်ရန်လိုပါမည်။ ယေဘုယျအားဖြင့် တိုင်းပြည်တည်ဆောက်ပုံစနစ် နှစ်မျိုးကိုတွေ့ရသည်။ တပြည်ထောင်စနစ်နှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်တို့ဖြစ်သည်။ တပြည်ထောင်စနစ်မှာ တခုတည်းသောဗဟိုမှနေ၍ အုပ်ချုပ်ရေးတခုလုံးကို ဆောင်ရွက်ခြင်းဖြစ်သည်။ အုပ်ချုပ်ရေးအာဏာကို ဗဟိုမှချပေးပြီး လက်အောက်ခံ အုပ်ချုပ်ရေးအာဏာပိုင်များ၏ လုပ်ဆောင်ချက်ကို သဘောမတွေ့ပါက အချိန်မရွေး ဗဟိုမှပြန်ရုပ်သိမ်းနိုင်သည်။ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ၊ အင်ဒိုနီးရှားနှင့် အခြားတိုင်းပြည်အများအပြားတွင် တပြည်ထောင်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများရှိကြသည်။ ဖက်ဒရယ်အခြေခံဥပဒေကမူ ဗဟိုနှင့် ပါဝင်ဖွဲ့စည်းရာယူနစ်များအကြား နိုင်ငံတော်အာဏာကို စေ့စေ့စပ်စပ် အသေးစိတ်ခွဲဝေထားသည်။ ပါဝင်သည့်ယူနစ်များသည် မိမိတို့ဒေသန္တရအကျိုးအတွက် အာဏာကျင့်သုံးနိုင်ရန် အထူးသီးသန့် အခွင့်အာဏာရှိပြီး မိမိတို့အာရုံကျရာကို ကိုင်တွယ်နိုင်သည့် အခွင့်အာဏာရှိသည်။ ထို့အပြင် ဖက်ဒရယ်အဆင့်အတွက် သီးသန့်အာဏာကို ဖက်ဒရယ်ပြည်ထောင်စုဘောင်အတွင်း ခွဲခြမ်းထားသေးသည်။ ဥပဒေပြုမှု၊ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုလုပ်ရပ်အားလုံးကို ကြီးကြပ်ထိန်းကွပ်ရန် လွတ်လပ်သည့်တရားစီရင်ရေးစနစ်ကို ထူထောင်ထားရှိသည်။ ပြည်သူလူထုသည် တိုင်းပြည်၏ ထူးခြားသောအခြေအနေများအရ အကောင်းဆုံးဖြစ်မည့် တိုင်းပြည် တည်ဆောက်ပုံစနစ်ကို ရွေးချယ်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံလူ့အဖွဲ့အစည်းဖြစ်ပြီး သင့်တော်မည့်အခြေခံဥပဒေကို ရွေးချယ်ရာတွင် တိုင်းပြည်ကြုံတွေ့ခဲ့ရသည့် အရင်းခံပြဿနာရပ်များကို ထည့်သွင်းစဉ်းစားဖို့လိုပါသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအောက်တွင် နိုင်ငံတော်ဖွဲ့စည်းမှုကို ပြည်ထောင်စုစနစ်အဖြစ် သတ်မှတ်ထားသော်လည်း ဖက်ဒရယ်တပိုင်းသာဖြစ်ခဲ့သည်။ ၎င်းအခြေခံဥပဒေသည် လူတဦးချင်းအခွင့်အရေးများကို အတိုင်းအတာကြီးကြီးမားမား ကာကွယ်စောင့်ရှောက်ပေးခဲ့သော်လည်း တိုင်းရင်းသားလူမျိုးစုများအတွက် တန်းတူအခွင့်အရေးများကိုမူ ထိထိရောက်ရောက် အာမမခံနိုင်ခဲ့ပေ။ ဗိုလ်ချုပ်ကြီးနေဝင်း မွေးထုတ်ခဲ့သော

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းမှုယူနစ်များအဖြစ် ပြည်နယ်ခုနစ်ခုနှင့် တိုင်းခုနစ်တိုင်းကို ဖန်တီးခဲ့သည်။ ၎င်းအရ တပါတီစနစ်အောက်တွင် တင်းကြပ်သော ဗဟိုချုပ်ကိုင်မှုကို ကျင့်သုံးခဲ့ပြီး တိုင်းရင်းသားလူမျိုးစုများမှာ တန်းတူညီမျှမှုကို လုံးဝပင်ငြင်းပယ်ခံခဲ့ရသည်။ နအဖအခြေခံမူများကလည်း အလားတူ ဖွဲ့စည်းမှုယူနစ်များဖြစ်သည့် ပြည်နယ်ခုနစ်ခုနှင့် တိုင်းခုနစ်တိုင်းကို ဆက်လက်ဖော်ထုတ်လျက်ရှိသည်။




*မှတ်ချက် – ( ၁ ) တိုင်းဒေသကြီးများနှင့် ပြည်နယ်များသည် အဆင့်အတန်းတူသည်။*

*( ၂ ) ၎င်းတို့သည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲထွက်ခွင့်မရှိစေရ။*

နိုင်ငံတော်သည် ပြည်ထောင်စုစနစ်အပေါ်တွင် တည်ထောင်ထားသည်ဟု နအဖအခြေခံမူများက ဆိုထားသော်လည်း ရှင်းလင်းတိကျစွာ အဓိပ္ပါယ်မသတ်မှတ်ထားပေ။ အခြေခံဥပဒေစနစ်တခုသည် တပြည်ထောင်သော်လည်းကောင်း၊ ဖက်ဒရယ်ပြည်ထောင်စုသော်လည်းကောင်း၊ ဖက်ဒရယ်တပိုင်းပြည်ထောင်စုသော်လည်းကောင်း ဖြစ်နိုင်သည်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ အနည်းနှင့်အများဆိုသလို ဖက်ဒရယ်တပိုင်းဖြစ်ခဲ့သည်။ သို့သော် ယင်းသည် သမတဦးဆောင်စနစ်မဟုတ်ခဲ့။ လက်ရှိ နအဖအခြေခံမူများကမူ အနာဂတ်အခြေခံဥပဒေကို သမတဦးဆောင်စနစ်အဖြစ် ပုံဖော်ထားသည်။ ၁၉၄၇ အခြေခံဥပဒေသည် ချို့ယွင်းချက်များရှိခဲ့သော်လည်း ပါလီမန်စနစ်အပေါ်အခြေခံထားပြီး တိုင်းပြည်အတွက် အကျိုးဖြစ်တန်သလောက် ဖြစ်ထွန်းခဲ့သည်။ ၁၉၇၄ အခြေခံဥပဒေတွင်မူ တပြည်ထောင်စနစ်အဖြစ် ပုံဖော်ထားပြီး တင်းကြပ်သော ဗဟိုချုပ်ကိုင်မှုကို ကျင့်သုံးခဲ့သည်။ ရလဒ် အနေဖြင့် တိုင်းရင်းသားလူမျိုးစုများ၏ အခွင့်အရေးကို လုံးလုံးလျားလျား ပိတ်ပင်ပစ်ခဲ့ပြီး မြန်မာနိုင်ငံကို ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးတိုင်းပြည်အဖြစ်သို့ ကျဆင်းသွားစေခဲ့သည်။

ယခုအခါ နအဖသည် ပြည်ထောင်စုစနစ်ဟူသည်ကို ပို၍ ပုံပျက်ပန်းပျက်အသွင်ဖြင့် ပြန်လည်သွတ်သွင်းလာပြန်သည်။ ၁၉၄၇ အခြေခံဥပဒေတွင်မရှိခဲ့သော ပြည်ထောင်စုနယ်မြေ ဆိုသည်များကို ထည့်လာသည်။ နအဖအခြေခံမူများက ကြံဆထားသော ပြည်ထောင်စု

စနစ်တွင် မည်သို့သော အတွင်းခံကိုယ်ပိုင်အုပ်ချုပ်ရေး ဖွဲ့စည်းမှုမျှ ထည့်သွင်းမထားသဖြင့် လွန်စွာမှ ဒီမိုကရေစီမကျသည့် ဗဟိုချုပ်ကိုင်မှုစနစ်အဖြစ်သို့ အလွယ်တကူ အသွင်ပြောင်း ပစ်နိုင်သည်။ နအဖအခြေခံမူများအရကြည့်လျှင် ပြည်နယ် ( ၇ ) ခုနှင့် တိုင်းဒေသကြီး ( ၇) ခုမှာ တခုချင်း အဆင့်အတန်းတူညီကြသည်။ စင်စစ်အားဖြင့် တိုင်းဒေသကြီး ( ၇ ) ခုစလုံးမှာ ဗမာတိုင်းရင်းသားလူမျိုးစု အဓိကနေထိုင်ရာဖြစ်နေသည်။ တနည်းအားဖြင့်ဆိုရလျှင် တန်းတူ ညီသည်ဟုဆိုသောအရာသည် အမျိုးသားလွှတ်တော်တွင်း၌ ပြည်နယ်နှင့်တိုင်း ဒေသကြီး များကို ရေတွက်လိုက်သည့်အခါ ပျောက်ကွယ်သွားတော့သည်။

နအဖအခြေခံမူက “တိုင်းပြည်အတွင်းရှိ တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည် ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ” ဟု ပြဋ္ဌာန်းထားသည်။ ဤအချက်မှာ လုံးလုံးလျားလျား အပျက်ဘက်မှ ဖော်ပြ ထားခြင်းဖြစ်သည်။ ဤသို့သောပြဋ္ဌာန်းပုံမျိုးကို ကမ္ဘာပေါ်တွင် ယခင်ဆိုဗီယက်ပြည်ထောင်စု အခြေခံဥပဒေနှင့် မြန်မာနိုင်ငံ ၁၉၄၇ အခြေခံဥပဒေတို့မှလွဲ၍ အခြားမည်သည့် အခြေခံဥပဒေ တွင်မှ မပါရှိပေ။ ဖက်ဒရယ်စနစ်နှင့်ကိုက်ညီသည့် ဥပဒေပိုင်း အခြေခံဘောင်တခုကို အပြုသ ဘောဖြင့် ထူထောင်နိုင်ပါက ခွဲထွက်ရေးပြဿနာမပေါ်နိုင်ပေ။ နအဖအခြေခံမူများသည် နိုင် ငံတော်အာဏာပိုင်းမှ အရေးကြီးသည့် သီးသန့်အခွင့်အာဏာများကို မဖော်ပြဘဲ သဏ္ဌာန် ပိုင်းနှင့် လုပ်ထုံးလုပ်နည်းပိုင်းများကိုသာ အလေးပေးထားသည်။ အဆင့်ဆင့် ကိုယ်ပိုင်အုပ် ချုပ်ရေးအသွင်လိုလို ပြထားသော်လည်း အဆောက်အအုံပိုင်းအရ ဖွဲ့စည်းမှုအရ စီစဉ်ခင်း ကျင်းထားခြင်းမရှိပေ။ ပြည်နယ်များသည် အရေးမပါတော့ဘဲ ဗဟို၏ ဖွံ့ဖြိုးရေးကိုယ်စားလှယ် ဌာနများသာဖြစ်လာရသည်။

၁၉၇၄ အခြေခံဥပဒေက (၇) ပြည်နယ် (၇) ဒေသပုံစံကို ယူခဲ့သည်။ သို့သော် တိုင်းရင်း သားလူမျိုးအားလုံး တန်းတူညီမျှရေး ဟူသောပြဿနာအနှစ်ကို မဖြေရှင်းပေးနိုင်ခဲ့။ ဤပုံစံ မျိုးသည် ပြဿနာကို အဖြေရှာမပေးနိုင်ကြောင်း ကောင်းစွာသိထားသည့် အားလျော်စွာ မည်သို့မှ အတုယူလေ့လာစရာမရှိဘဲ ဤလမ်းမှားကို စွန့်ပစ်သင့်ပေသည်။ ကမ္ဘာပေါ်မှ ဖွဲ့ စည်းပုံအခြေခံဥပဒေများကို နှိုင်းယှဉ်လေ့လာကာ တူညီမှု ကွဲပြားမှုများကိုလည်းကောင်း၊ မိမိတို့လူ့ဘောင်၏ အခိုင်အမာထူးခြားသည့် အခြေအနေများကိုလည်းကောင်း စူးစမ်း ကြည့်ရှုခြင်းဖြင့် ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံသည်သာ တိုင်းပြည်ကို ငြိမ်းချမ်းရေး၊ သဟဇာတဖြစ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆီ ဦးတည်သွားစေမည့် တခုတည်းသောအလုပ်ဖြစ် သည့်အဖြေဖြစ်ကြောင်း ကောက်ချက်များဆွဲနိုင်ပါသည်။

## အပိုင်း ၃
## ဥပဒေပြုအဖွဲ့

ဥပဒေပြုလွှတ်တော်အတွင်း ရွေးကောက်မခံရသည့် စစ်ဘက်ပုဂ္ဂိုလ်များ ပါဝင်နေခြင်း သည် ဒီမိုကရေစီ၏ အရင်းခံမူများကို ဆန့်ကျင်နေသည့် ပြည်ထောင်စုလွှတ်တော်သည် တနိုင်ငံလုံးတွင် အမြင့်ဆုံးဥပဒေပြုအဖွဲ့ဖြစ်ကြောင်း နအဖအခြေခံမူများက ဆိုထားသည်။

ဤနေရာတွင် ပြဿနာအတက်ဆုံးအကြောင်းအချက်မှာ ပြည်ထောင်စုလွှတ်တော်နှစ်ရပ်စလုံးတွင် ရွေးကောက်မခံရသည့် စစ်ဘက်ပုဂ္ဂိုလ်များရှိနေခြင်းဖြစ်သည်။ ဤအချက်မှာ ဒီမိုကရေစီနိုင်ငံတခုတွင် တခါမှမကြားဖူးသောအရာဖြစ်သည်။ စစ်တပ်ပါဝင်မှုကို အောက်ပါအခြေခံမူများတွင် မူရင်းအတိုင်း ရှင်းရှင်းလင်းလင်းတွေ့ရသည်။

## ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုလွှတ်တော်ကို အောက်ပါလွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းသည်။

(က) ပြည်သူ့လွှတ်တော်ကို လူဦးရေအပေါ် အခြေခံ၍လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသော စစ်ဖက်မှ ကိုယ်စားလှယ်များဖြင့်လည်းကောင်း ဖွဲ့စည်းသည်။

( ခ ) လူမျိုးစုလွှတ်တော်ကို တိုင်းဒေသကြီးများနှင့်ပြည်နယ်များမှ အရေအတွက်တူညီသည့် ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသော စစ်ဖက်မှကိုယ်စားလှယ်များဖြင့်လည်းကောင်း ဖွဲ့စည်းသည်။

## ပြည်သူ့လွှတ်တော်၏ အရွယ်အစား

ပြည်သူ့လွှတ်တော်ကို ကိုယ်စားလှယ်ဦးရေ အများဆုံး ( ၄၄၀ ) ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်။

(က) လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သော ( ၃၃၀ ) ဦးထက်မများသော ကိုယ်စားလှယ်များ နှင့် –

( ခ ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသော ( ၁၁၀ ) ဦးထက်မများသော စစ်ဖက်မှကိုယ်စားလှယ်များ၊

## လူမျိုးစုလွှတ်တော်၏ အရွယ်အစား

လူမျိုးစုလွှတ်တော်ကို ကိုယ်စားလှယ်ဦးရေ အများဆုံး ( ၂၂၄ ) ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်။

(က) ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီးတခုလျှင် ( ၁၂ ) ဦးနှုန်းဖြင့်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတခုစီမှ ကိုယ်စားလှယ်တဦးစီပါဝင်လျက် ပြည်နယ်တခုလျှင် ( ၁၂ ) ဦးနှုန်းဖြင့်လည်းကောင်း၊ အခြေခံ၍ ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်စုစုပေါင်း ( ၁၆၈ ) ဦး –

( ခ ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်း

ဒေသကြီးတခုလျှင် ( ၄ ) ဦးနှုန်းဖြင့်လည်းကောင်း၊ ပြည်နယ်တခုလျှင် ( ၄ ) ဦးနှုန်းဖြင့်လည်းကောင်း၊ အခြေခံ၍ ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသော စစ်ဘက်မှ ကိုယ်စားလှယ် စုစုပေါင်း ( ၅၆ ) ဦး၊

## လူထုအုပ်ချုပ်ရေးတွင် စစ်တပ်က ဦးဆောင်အခန်းယူသည့် အကြောင်းပြချက်အပေါ် သုံးသပ်ခြင်း

လူထုအုပ်ချုပ်ရေးတွင် စစ်တပ်က ဦးဆောင်အခန်းယူရန် ကြိုးပမ်းမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် အင်ဒိုနီးရှားအတွေ့အကြုံကို သင်ခန်းစာယူသင့်သည်။ အနေအထားများမှာ တနည်းမဟုတ်တနည်း အတော်ပင်ဆင်တူနေသဖြင့် အင်ဒိုနီးရှားနိုင်ငံသည် မြန်မာနိုင်ငံကို မှတ်သားလောက်ဖွယ်သင်ခန်းစာများပေးနိုင်သည်။ အင်ဒိုနီးရှားစစ်တပ်သည် လွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်ခဲ့မှုကို ရည်ညွှန်းလျက် နိုင်ငံရေးတွင် အမြဲတမ်းအခန်းကဏ္ဍရထိုက်သည်ဟုဆိုခဲ့ကြသည်။ ဒွိတာဝန်ဆိုသောဝါဒအရ အင်ဒိုနီးရှားစစ်တပ်တွင် တိုင်းပြည်ကိုကာကွယ်ဖို့ အချိန်ပြည့်စစ်အင်အား သက်သက်တင်မကဘဲ အမျိုးသားဘဝ၏ ဘက်ပေါင်းစုံ၌ ပါဝင်ပတ်သက်ခွင့်ရှိသည့် လူမှုနိုင်ငံရေးအခန်းကဏ္ဍရှိသည်ဟု ဆိုထားသည်။ ၁၉၄၅ ခု၊ ဩဂုတ် ( ၁၇ ) ရက်တွင် သမရိုးကျမဟုတ်သော ပြောက်ကျားတော်လှန်ရေး တပ်ဖွဲ့များဖြင့် ဖွဲ့စည်းထားသည့် သူပုန်တိုင်းပြည်မှနေ၍ အင်ဒိုနီးရှားသမတနိုင်ငံ ပေါက်ဖွားလာခဲ့သည်။ အင်ဒိုနီးရှားတပ်မတော်သည် သမတနိုင်ငံကို မွေးဖွားပေးခဲ့သော ဤသမားရိုးကျမဟုတ်သည့် တော်လှန်ရေးတပ်ဖွဲ့များမှ အခြေတည်ခဲ့သဖြင့် နိုင်ငံရေးသမားများက ဖန်တီးတည်ဆောက်ခဲ့သော စစ်တပ်အဆောက်အအုံတခု မဟုတ်ပါချေ။

မြန်မာပြည်တွင်မူ ဤပုံနှင့် ဆန့်ကျင်ကွဲလွဲနေသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးတိုက်ပွဲ၌ အရပ်သားနိုင်ငံရေးသမားများနှင့် နိုင်ငံရေးပါတီများက အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ဒို့ဗမာအစည်းအရုံးဟူသော ပြည်သူလူထု၏ နိုင်ငံရေးပါတီခေါင်းဆောင်မှု အောက်တွင် အရပ်သားနိုင်ငံရေးခေါင်းဆောင်တဦးဖြစ်သည့် သခင်အောင်ဆန်းက ယခုအခါ ဗမာ့တပ်မတော်ဟု အများသိကြသော ဗမာ့လွတ်လပ်ရေးတပ်မတော်ကို တည်ထောင်ခဲ့သည်။ ဗမာ့တပ်မတော်သည် အရပ်သားနိုင်ငံရေးသမားများက တည်ထောင်ဖန်တီးခဲ့သော စစ်အဆောက်အအုံတခုဖြစ်သည်။ သမိုင်းရှုဒေါင့်မှကြည့်လျှင် မြန်မာနိုင်ငံမှစစ်တပ်သည် အင်ဒိုနီးရှားစစ်တပ်ကဲ့သို့ ဥပဒေပြုအဖွဲ့အပါအဝင် ပြည်သူ့အုပ်ချုပ်ရေးတွင် ဦးဆောင်အခန်းတောင်းဆိုရန် ကြောင်းကျိုးဆီလျော်မှု မပြနိုင်ချေ။ အင်ဒိုနီးရှားစစ်တပ်၏ ဆီလျော်မှုကိုယ်၌မှာလည်း အငြင်းပွားစရာဖြစ်နေသည်။ အကြောင်းမူ ယင်းသည် ဒီမိုကရေစီအုပ်ချုပ်ရေး၏ အဓိကအတွေးအခေါ် ဖြစ်သည့် အရပ်ဖက်ကြီးစိုးမှုအယူအဆကို ဆန့်ကျင်နေသောကြောင့် ဖြစ်သည်။ ဒီမိုကရေစီအုပ်ချုပ်ရေးဆိုသည်မှာလည်း လက်ရှိအင်ဒိုနီးရှားစစ်တပ် အထက်တန်းခေါင်းဆောင်များ လက်ခံအသားကျလာသော အတွေးအခေါ် ဖြစ်လာသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ဆယ်စုနှစ်ငါးခုကျော်၊ မြန်မာနိုင်ငံတွင် ဆယ်စုနှစ်လေးခုကျော် စစ်တပ်အုပ်စိုးမှုအောက်တွင် နှစ်နိုင်ငံစလုံး ယိုယွင်းပျက်စီးပြီး ပြဿနာတခုပြီးတခု ကြုံခဲ့ရ

သည်။ ရလဒ်အဖြစ် ၁၉၉၈ ခုတွင် အင်ဒိုနီးရှားပြည်၌ ကျောင်းသားအုံကြွမှုများ ပေါ်ပေါက်ပြီး အရပ်ဖက်အုပ်စိုးမှုသို့ အသွင်ပြောင်းသွားသည်။ မြန်မာပြည်သည် လွတ်လပ်ရေးရပြီးကာလ စစ်တပ်အာဏာမသိမ်းခင် အထိ ၁၉၄၈–၆၂ အတွင်း ချမ်းသာကြွယ်ဝခဲ့သော်လည်း ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးမှုအနိမ့်ဆုံးတိုင်းပြည်ဖြစ်လာခဲ့သည်။ ထို့အပြင် နှစ်နိုင်ငံစလုံးတွင် စစ်တပ် အုပ်စိုးမှုကြောင့် ဆိုးဝါးသည့် လူ့အခွင့်အရေးဖောက်ဖျက်မှုများပေါ်ခဲ့ပြီး လူသားမျိုးနွယ် ဆန့်ကျင်သည့်ပြစ်မှုများပင်ဖြစ်ခဲ့သည်။

အရှေ့တောင်အာရှတခွင်လုံးတွင် ဖြစ်ပေါ်လာသည့်အနေအထားမှာ စစ်ဖက်က နိုင်ငံရေးနယ်ပယ်မှ ရုပ်သိမ်းဆုတ်ခွာကြခြင်းဖြစ်သည်။ အင်ဒိုနီးရှားတွင် ဤအတိုင်းဖြစ်နေသည်။ အင်ဒိုနီးရှားမှ အဆင့်မြင့်စစ်အရာရှိအများအပြားသည် လူထုလွှမ်းမိုးကြီးစိုးမှု အယူအဆကို စတင်လက်ခံကျင့်သုံးလာကြပြီဖြစ်သည်။ အင်ဒိုနီးရှားစစ်တပ်သည် ဥပဒေပြုအဖွဲ့ထဲမှ မိမိကိုယ်စားလှယ် အားလုံးကို ရုပ်သိမ်းဖို့ သဘောတူလိုက်ပြီဖြစ်သည်။ သို့သော်လည်း မြန်မာစစ်တပ်ကမူ လွှတ်တော်နှစ်ရပ်လုံးမှ အဖွဲ့ဝင်အားလုံး ပေါင်းနေရာ၏ လေးပုံတပုံကို ရွေးကောက်မခံရသည့် စစ်တပ်ကိုယ်စားလှယ်များကယူရန် ယခုအခါ ကြိုးပမ်းနေသည်။ ဤလုပ်ရပ်သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ ဒီမိုကရေစီမူဝါဒများနှင့်ဆန့်ကျင်သည်။ ဥပဒေစိုးမိုးရေးအခြေခံပေါ်တွင် စစ်မှန်သော တရားဝင်မှုဆိုင်ရာပြဋ္ဌာန်းချက်ဖြစ်သည့် ***ရွေးချယ်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်များကသာ တိုင်းပြည်ကို အုပ်ချုပ်ရမည်*** ဟူသည်ကိုလည်း ငြင်းပယ်ခြင်းဖြစ်သည်။

## တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များဖွဲ့စည်းမှု

ကိုယ်စားလှယ်များကို ရွေးကောက်ပုံမှာ တမြို့နယ်လျှင်နှစ်ဦးနှုန်းဖြင့် လူဦးရေကို အခြေခံထားသည်။ ဤအတိုင်းသာဆိုပါက မြို့နယ်တိုင်းတွင် လူများစုဖြစ်သည့် ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးစုများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အဖြစ် သေချာပေါက် ရွေးကောက်ခံရလိမ့်မည်ဖြစ်သည်။ ကိုယ်စားလှယ်ဦးရေ၏ သုံးပုံတပုံနှင့် ညီမျှသည့် စစ်ဘက်မှကိုယ်စားလှယ်ပါခွင့်သည် ပြည်သူလူထုမှ မိမိတို့ကိုယ်စားလှယ်များ ရွေးကောက်ခွင့်ကို ပိတ်ပင်ဟန့်တားရာရောက်ပေသည်။

## အရွေးခံခွင့်

နအဖအခြေခံမူများအရ ပြစ်မှုတခုခုကြောင့် တရားရုံးမှ ပြစ်ဒဏ်ချမှတ်ခံထားရပြီး ပြစ်ဒဏ်ကျခံနေရသူသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ခံခွင့် မရှိစေရဟု ချမှတ်ထားသည်။ ဤမူအရကြည့်လျှင် ပြစ်ဒဏ်ချမှတ်ခံရပြီး ထောင်ဒဏ်ကျခံခဲ့ရသော နိုင်ငံရေးအကျဉ်းသားအားလုံးသည် အခြေခံအခွင့်အရေးဖြစ်သော မဲပေးခွင့်နှင့် ရွေးကောက်ခံခွင့်ကိုပါ ဆုံးရှုံးသွားကြသည်။

## ဥပဒေပြုအာဏာကိုခွဲဝေခြင်း

နအဖအခြေခံမူများတွင် ဥပဒေပြုမှုအာဏာကို ခွဲဝေထားသည်ဟုဆိုသော်လည်း မည်ကဲ့သို့ခွဲဝေကြောင်းပြောမထားပေ။ လူ့အဖွဲ့အစည်းတရပ်တွင် လူမျိုးပေါင်းစုံကွဲနေလျှင် ဗဟိုနှင့်ပြည်နယ်များအကြား ဥပဒေပြုအာဏာ၊ ဘဏ္ဍာရေးအာဏာနှင့် အုပ်ချုပ်မှု ဆက်ဆံရေးများကို ခွဲဝေဖြန့်ဖြူးမှုမှာ အထူးအရေးကြီးလာသည်။ ခွဲဝေခြင်းသည် အခြေခံဥပဒေ၏ တည်ဆောက်ဖွဲ့စည်းမှုနှင့် လည်ပတ်ဆောင်ရွက်မှုတို့တွင် အရင်းခံကျသော အပိုင်းလည်းဖြစ်သည်။ နအဖ၏ ဥပဒေပြုအာဏာခွဲဝေရေးအခြေခံမူများက ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအကြား မည်သို့ခွဲဝေမည်ကို ဖော်ပြခြင်းမရှိပေ။ အခြေခံဥပဒေပုံသဏ္ဍာန်ဆိုသည်မှာ ကိစ္စတခုဖြစ်ပြီး တကယ့်လက်တွေ့လုပ်ရှားမှုက ကိစ္စတခုဖြစ်သည်။ သို့ဖြစ်၍ အာဏာနှင့် ရင်းမြစ်များခွဲဝေမှုကို နားလည်သဘောပေါက်ရန်မှာ ဖွဲ့စည်းတည်ဆောက်ပုံအသွင်အပြင်များသာမက နိုင်ငံရေးဖြစ်စဉ်တို့၏သဘာဝကလည်း အရေးကြီးလာသည်။

ပြည်ထောင်စုနှင့် ပြည်နယ်လွှတ်တော်အသီးသီးတို့ ကျင့်သုံးခွင့်ရှိသည့် သီးသန့်အာဏာများကိုလည်းကောင်း၊ ထပ်တူပြုအာဏာများကိုလည်းကောင်း၊ ကြွင်းကျန်အာဏာများကိုလည်းကောင်း စာရင်းမဖော်ပြခြင်းသည် **ဗဟိုချုပ်ကိုင်မှုကို ဆက်လက်တင်းကြပ်** ထားနိုင်ရန် တမင်ရည်ရွယ်၍လုပ်ခြင်းဖြစ်သည်။ အုပ်ချုပ်ရေးပိုင်းတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချသည့်မူပေါ်၌ အုပ်ချုပ်ရေးအရ တာဝန်များခွဲဝေမှုကို အခြေခံဥပဒေတွင် ချမှတ်ပြဋ္ဌာန်းရမည်ဖြစ်သည်။ သို့သော်လည်း နအဖအခြေခံမူများသည် လွှတ်တော်တခုစီ၏ တကယ့်သဘောသဘာဝနှင့် တာဝန်များအကြောင်းကို ဝေဝေဝါးဝါးလုပ်ထားသည်။ အချက်အချာကျသော ဥပဒေပြုလုပ်ရေးဖြစ်စဉ်နှင့် ပတ်သက်၍လည်း နှုတ်ဆိတ်လျှက်ရှိနေပေသည်။

## ရွေးချယ်တင်မြှောက်သည့်စနစ်နှင့် သက်ဆိုင်သော အခြေခံမူများမပါခြင်း

လွှတ်တော်နှစ်ရပ်စလုံးတွင် လေးပုံတပုံဖြစ်သော စစ်ဘက်ကိုယ်စားလှယ်များကို စစ်တပ်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်သည်။ ကျန်ရှိသည့် ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်နေရာများအတွက်မူ မည်သို့သောရွေးချယ်တင်မြှောက်သည့်စနစ်ကိုမျှ ဖော်ပြမထား။ တန်းတူညီမျှရေးသည် မြန်မာနိုင်ငံလွှတ်လပ်ရေးရကတည်းက စိန်ခေါ်နေသောပြဿနာဖြစ်ခဲ့သည်။ မေးစရာရှိသည်က တိုင်းရင်းသားလူမျိုးစုများကြားတွင် အခြေခံဥပဒေအရ တန်းတူညီမျှခွင့်ကို မည်သို့အာမခံမည်နည်း ဟူ၍ဖြစ်သည်။ တန်းတူညီမျှခွင့်ကို ဥပဒေပြုအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့ဟူသော နိုင်ငံတော်အဆောက်အအုံအားလုံး၏ ဖွဲ့စည်းမှုတွင် ကျင့်သုံးရမည်ဖြစ်သည်။ နအဖအခြေခံမူများတွင် မည်သို့သောရွေးချယ်တင်မြှောက်သည့်စနစ်ကိုမျှ ဖော်ပြမထားခြင်းအားဖြင့် လူမျိုးပေါင်းစုံလူ့အဖွဲ့အစည်းဖြစ်သော မြန်မာနိုင်ငံအတွက် မသင့်တော်သည့် လက်ရှိဆန္ဒမဲပေးစနစ်ဖြစ်သော မဲအများစုရသူနိုင်စတမ်းစနစ်ကို ဆက်လက်ကျင့်သုံးသွားလိမ့်မည်ဟု သုံးသပ်ရသည်။ ဤစနစ်အောက်

တွင် ဗမာလူများစုက ဗမာမဟုတ်သည့် တိုင်းရင်းသားလူနည်းစုများကို သိသာစွာ အသားစီးရပြီး လွှတ်တော်နှစ်ရပ်စလုံး၏ ကျန်ရှိသောနေရာ လေးပုံသုံးပုံမှ အများစုကိုရယူမည်မှာ သေချာသည်။ ဤအတိုင်းဆိုပါက ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးစုအားလုံးအကြား တန်းတူညီမျှရေးဟူသော အရေးပါသည့်ပြဿနာသည် ပြေလည်ဦးမည်မဟုတ်သေး။ တန်းတူညီမျှရေးပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် အခြေခံဥပဒေက အချိုးကျ ကိုယ်စားပြုစနစ်တခုကို ကျင့်သုံးဖို့လိုလေသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဥပဒေပြုအဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် တရားစီရင်ရေးအဖွဲ့များ တည်ထောင်ရေးနှင့်ပတ်သက်၍မူ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ပြည်ထောင်စုတခုလုံးအတွက် ဘောင်ချပေးရုံသာဖြစ်ရပါမည်။ ဒေသန္တရပြည်သူလူထု၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အသိအမှတ်ပြုပါက သက်ဆိုင်ရာဖွဲ့စည်းမှုယူနစ်များအတွက် အသေးစိတ်ပြဋ္ဌာန်းချက်များချမှတ်ဖို့ မလိုအပ်ပေ။ ဥပမာအားဖြင့် ပါဝင်ဖွဲ့စည်းထားသည့်ယူနစ်များသည် ပြည်နယ်ဖြစ်စေ၊ တိုင်းဒေသကြီးဖြစ်စေ လွှတ်တော်တခုထားမည် နှစ်ခုထားမည်ကိုလည်းကောင်း၊ အုပ်ချုပ်ရေးယူနစ်များ မည်သို့ဖန်တီးတည်ထောင်မည်ကိုလည်းကောင်း၊ မိမိတို့၏ ဒေသန္တရအုပ်ချုပ်ရေးအာဏာပိုင်များကို မည်သို့ရွေးကောက်တင်မြှောက်မည်ကိုလည်းကောင်း၊ စသည်စသည်တို့နှင့် စပ်လျဉ်း၍ ဒေသအသီးသီးအတွင်း နေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူထုများအနေဖြင့် မိမိတို့ဖာသာ မိမိတို့ဆုံးဖြတ်ရပါမည်။

## အပိုင်း (၄)
## နိုင်ငံ့အကြီးအကဲနှင့် အုပ်ချုပ်ရေးအာဏာ

နအဖအခြေခံမူများအရ သမတလောင်းသည် စစ်ရေးကိစ္စများနှင့်ပတ်သက်၍ အသိအမြင်ရှိရမည်ဖြစ်သည်။ တနည်းအားဖြင့် ဆိုလျှင် စစ်ဘက်မှမဟုတ်သည့်ပုဂ္ဂိုလ်သည် သမတဖြစ်ရန် အရည်အချင်းမပြည့်မှီ ဟူ၍ဖြစ်၏။ သမတလောင်းအတွက် လိုအပ်ချက်ဖြစ်သည့် တိုင်းပြည်တွင်း၌ အနည်းဆုံး နှစ်နှစ်ဆယ် တောက်လျှောက်နေသူဖြစ်ရမည်ဆိုသော အချက်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ယင်းရာထူးမရနိုင်စေရန် ပိတ်ပင်တားမြစ်ဖို့ ထည့်သွင်းထားခြင်းဖြစ်သည်။

### အမျိုးသားညီလာခံမှ သတ်မှတ်ထားသည့် သမတစနစ်အပေါ် ဝေဖန်ချက်များ

အခြေခံမူများကို ရေးဆွဲဖော်ထုတ်ထားပုံမှာ လိပ်ခဲတင်းလင်းအခြေဆိုက်စေရန်ဖြစ်ပြီး အခြေခံဥပဒေ အလုပ်မဖြစ် မလည်ပတ်နိုင်စေရန်ဖြစ်သည်။ ယင်းသို့သောအခြေအနေတွင် စစ်တပ်သည် အာဏာကို အချိန်အကန့်အသတ်မရှိ ချုပ်ကိုင်ထားနိုင်သည်။ အမျိုးသားညီလာခံမှ ယခုအချိန်အထိ ချမှတ်ထားပြီးသော အခြေခံမူများအရ သမတဦးဆောင်သော အစိုးရစနစ်ကို ထူထောင်မည်ဖြစ်သည်။ သို့ဖြစ်၍ သမတကို ရွေးကောက်ရေးအဖွဲ့က ရွေးကောက်မည်ဖြစ်သည်။ သမတရွေးကောက်ရေးအဖွဲ့ကို အောက်ပါအဖွဲ့သုံးဖွဲ့ဖြင့် ဖွဲ့စည်းထားသည်။

( ၁ ) တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ အရေအတွက်တူကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသောလွှတ်တော်မှ ရွေးကောက် ခံလွှတ်တော်ကိုယ်စားလှယ်များ အုပ်စု၊

( ၂ ) လူဦးရေအခြေခံပေါ်မှ ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသောလွှတ်တော်မှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ အုပ်စု၊

( ၃ ) အထက်ဖော်ပြပါလွှတ်တော်နှစ်ရပ်တွင် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်ရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ခန့်အပ်ထားသော စစ်ဖက်ပုဂ္ဂိုလ်များ အုပ်စုအုပ်စုတခုစီမှ ဒုသမတ တဦးစီ ရွေးကောက်ရမည်။ ထို့နောက် သမတရွေးကောက်ရေးအဖွဲ့က ဒုသမတ သုံးဦးအနက်မှ သမတကို ရွေးကောက်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ဤ ဒုသမတသုံးဦးအနက် တဦးမှာ သမတဖြစ်လာပြီး ကျန်နှစ်ဦးမှာ ဒုသမတများဖြစ်လိမ့်မည်။ ဤအခြေအနေအရ စစ်ဖက်ဆိုင်ရာမှ အမည်စာရင်း တင်သွင်းခံရသောကိုယ်စားလှယ်သည် သမတသော်လည်းကောင်း၊ အနိမ့်ဆုံးအားဖြင့် ဒုသမတသော်လည်းကောင်း ဖြစ်လာမည်မှာသေချာသည်။

သမတရွေးကောက်ရေးအဖွဲ့တွင်ပါဝင်သည့် အုပ်စုသုံးစုအနက် စစ်ဘက်ကိုယ်စားလှယ်များအုပ်စုသည် တသွေးတသံတည်းဖြစ်သည်။ ထို့အပြင် ကျန်အုပ်စုနှစ်ခုထဲတွင်လည်း စစ်ဘက်ပုဂ္ဂိုလ်ဟောင်းများ သို့မဟုတ် စစ်တပ်၏မဟာမိတ်များရှိနိုင်သည်။ ဤအနေအထား၌ သမတရွေးကောက်ရေးအဖွဲ့သည် စစ်သားဟောင်းတယောက် သို့မဟုတ် လက်ရှိတာဝန်ထမ်းဆောင်ဆဲ စစ်သားတယောက်ကို သမတအဖြစ် ရွေးကောက်နိုင်စရာရှိသည်။

သမတဦးဆောင်စနစ်ကို ကျင့်သုံးပြီး အုပ်ချုပ်သည့် ဒီမိုကရေစီနိုင်ငံများတွင် အစိုးရအဖွဲ့ အကြီးအကဲလည်းဖြစ်၊ အမြင့်ဆုံးအုပ်ချုပ်ရေးအာဏာကျင့်သုံးသူလည်းဖြစ်နေသည့် သမတကိုရွေးကောက်ခြင်းသည် ဒီမိုကရေစီအကျဆုံးဖြစ်ရေးအတွက် စီမံဆောင်ရွက်ထားလေ့ရှိသည်။ အများအားဖြင့် လူတိုင်းမဲပေးခွင့်အခြခံဖြင့် တိုက်ရိုက် ရွေးကောက်တင်မြှောက်သည့်စနစ်ကို ကျင့်သုံးကြသည်။ ဖိလိပိုင်နိုင်ငံသမတရွေးကောက်ပွဲသည် သမတအား ဒီမိုကရေစီကျသော လူတိုင်းမဲပေးခွင့်အခြေခံဖြင့် ရွေးကောက်ခြင်း၏ အကောင်းဆုံးနမူနာဖြစ်သည်။ သမတစနစ် အောင်မြင်စွာဖြစ်ထွန်းနေသော အမေရိကန်ပြည်ထောင်စုတွင်မူ ပြည်သူတို့က ရွေးကောက်ရေးအဖွဲ့ဝင်များကို ပထမဦးစွာ ရွေးကောက်ကြရသည်။ ထို့ နောက်မှ ပြည်သူလူထု၏ မဲများအပေါ် အခြေခံထားသော ပြည်နယ်တခုစီမှ ရွေးကောက်ရေးအဖွဲ့ဝင်များက သမတလောင်းအတွက် မိမိတို့မဲဆန္ဒများကိုပေးကြရသည်။ လုပ်ငန်းသဘောအရ အမေရိကန်သမတရွေးကောက်ပွဲသည် သွယ်ဝိုက်ရွေးကောက်ခြင်းဖြစ်သော်လည်း ပြည်သူလူထုက တိုက်ရိုက်ရွေးကောက်သည့် သဘောမျိုးပင်ဖြစ်သည်။ ( အဘယ်ကြောင့်ဆိုသော် လူထုမှ အဆိုပြုထားသော သမတကို ထပ်ဆင့်အဆိုမပြုဘဲ ရွေးကောက်ရေးအဖွဲ့ဝင် တဦးခြင်းစီက မိမိသဘောအလျှောက်ပြောင်းလဲ အဆိုမပြုနိုင်ခြင်းကြောင့်ဖြစ်သည်။ )

အမျိုးသားညီလာခံမှ ချမှတ်ပြီးဖြစ်သော နအဖအခြေခံမူများအောက်တွင် သွယ်ဝိုက်မဲပေးစနစ်ကျင့်သုံးမှုကြောင့် ပြည်သူတို့မှာ မိမိတို့နှစ်သက်သည့် သမတလောင်းကို မဲပေးခွင့်

ဆုံးရှုံးသွားကြသည်။ သမတရာထူး မည်သူရနိုင်သည်ကို ပြည်သူတို့အနေဖြင့် မည်သည့်အခါ တွင်မျှ သိလိမ့်မည်မဟုတ်။ ရွေးချယ်မှုမှာ စစ်ဘက်ကိုယ်စားလှယ် သုံးပုံတပုံပါသည့် သမတ ရွေးကောက်ရေးအဖွဲ့ လက်ထဲတွင်သာ လုံးဝရှိနေလိမ့်မည်။

နအဖမှအဆိုပြုထားသော သမတစနစ်၏ ဒီမိုကရေစီမကျသော သဘာဝကို ပြုပြင်ဖို့ ဆိုလျှင် သမတရွေးကောက်ရေးစနစ်သည် လူတိုင်း မဲပေးခွင့်ဖြင့် တိုက်ရိုက်ရွေးကောက်ခြင်း ဖြစ်သင့်သည်။ သို့သော်လည်း ယင်းသို့သော တိုက်ရိုက်ရွေးကောက်မှု ကျင့်သုံးခြင်းသည် မြန်မာနိုင်ငံအတွက် နောက်ထပ်ပြဿနာတခု ဆောင်ကျဉ်းလာလိမ့်မည်။ ယင်းမှာ ဗမာတိုင်း ရင်းသားလူမျိုးစုက လူဦးရေစုစုပေါင်း ၅၀% ခန့် ရှိနေသောကြောင့်ဖြစ်သည်။ လူဦးရေအခြေခံ အရလည်း လူမျိုးစုများ၏ တန်းတူရေးနှင့် ညီညွတ်ရေးကို ထိခိုက်မှုအနည်းဆုံးဖြစ်မည့်စနစ်ကို စဉ်းစားရန် အမြဲလိုအပ်သည်။ သမတရာထူးအတွက် လူတိုင်းမဲပေးခွင့်ဖြင့် တိုက်ရိုက်ရွေး ကောက်သည့်စနစ်ကို ကျင့်သုံးပါက ဗမာလူမျိုးစုတခုတည်း၏မဲက မြန်မာနိုင်ငံသမတ မည်သူ ဖြစ်မည်ကို ဆုံးဖြတ်နိုင်သည်။ သမတရာထူးအတွက် ပြည်လုံးကျွတ် တိုက်ရိုက်ရွေးကောက် ပွဲကို ကျင့်သုံးလျှင် လူနည်းစုဝင်ပြည်သူတို့၏ အသံနှင့် အခွင့်အရေးများကို ထာဝရ ဥပေက္ခာ ပြုခံရဖို့ အလားအလာများရှိနေသည်။ ဗမာမဟုတ်သည့် တိုင်းရင်းသားလူမျိုးစုဝင်များအနေ ဖြင့် သမတဖြစ်ဖို့ အခွင့်အလမ်းပိုနည်းသွားလိမ့်မည်။ ထိုသူတို့သည် စစ်တပ်အရာရှိဟောင်း ကြီး သို့မဟုတ် တာဝန်ထမ်းဆဲစစ်အရာရှိကြီးဖြစ်မှသာ သမတ ဖြစ်နိုင်ပေလိမ့်မည်။

အဆိုပြုထားသော သမတစနစ်သည် ဒီမိုကရေစီမကျရုံသာမက တိုင်းရင်းသားတန်းတူ ရေးနှင့် ညီညွတ်ရေးအတွက်လည်း အန္တရာယ်ဖြစ်သည်။ ၁၉၄၈–၆၂ ဒီမိုကရေစီအုပ်ချုပ်ရေး ကာလအတွင်း မြန်မာနိုင်ငံရရှိခဲ့သည့် အတွေ့အကြုံများနှင့် တိုင်းပြည်၏ လူမျိုးစုထွေပြားစုံ လင်မှုအရ ပါလီမန်အစိုးရစနစ်သည် လူမျိုးစုတန်းတူရေးနှင့် ညီညွတ်ရေးကို ထိခိုက်မှုနည်း ကြောင်းပြနေသည်။ ပါလီမန်ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြု ရွေးကောက်ရေးစနစ်က လူမျိုးစုငယ်များနှင့် ၎င်းတို့၏ပါတီများ ပါလီမန်တွင် မျှတစွာ ကိုယ်စားပြုခွင့်ရဖို့ ပို၍အခွင့် အရေးပေးသည်။ အကယ်၍ ဝန်ကြီးချုပ်အပါအဝင် အုပ်ချုပ်ရေးပိုင်းမှာ ပါလီမန်မှလာပါက လူမျိုးစုများအနေဖြင့် ( ပြည်ထောင်စုအဆင့်တွင်လည်း ) အစိုးရထဲပါဝင်နိုင်ရန် အခွင့်အလမ်း ပိုရှိသည်။ သမတဦးဆောင်သော အစိုးရတွင်မူ ဤသို့မဖြစ်နိုင်ချေ။ ထို့အပြင် ဝန်ကြီးချုပ်ဦး ဆောင်သော အစိုးရစနစ်တွင်မူ အရပ်သားဖြစ်သော်လည်း အုပ်ချုပ်ရေးအဖွဲ့အကြီးအကဲ ဝန်ကြီးချုပ်လည်း ဖြစ်လာနိုင်သည်။ အစိုးရအဖွဲ့ထဲပါနိုင်သည်။ ဤအရာအားလုံးသည် တိုင်း ပြည်တွင် နအဖအမျိုးသားညီလာခံက ချထားသည့် သမတစနစ်နှင့်ဆန့်ကျင်စွာ ( ဝန်ကြီး ချုပ်ဦးဆောင်သည့် ) ပါလီမန်အစိုးရစနစ်ကို ကျင့်သုံးမှ အကောင်အထည်ဖြစ်လာပေလိမ့် မည်။

## သမတဦးဆောင်သည့်အုပ်ချုပ်ပုံစနစ်လား၊ ဝန်ကြီးချုပ်ဦးဆောင်သည့်ပါလီမန်အစိုးရစနစ်လား

မြန်မာပြည်၏ စစ်ဘက်အုပ်စိုးသူများက လမ်းပြမြေပုံဟုလည်း လူသိများသည့် ဒီမိုက ရေစီသို့ကူးပြောင်းရေးကို ခံယူချမှတ်ထားခြင်းမှာ ကောင်းသည့်ကိစ္စဖြစ်သည်။ ကောင်းသည်

ဟုဆိုရခြင်းမှာ ၎င်းတို့ ဆယ်စုနှစ်ငါးခုနီးပါး စမ်းသပ်ခဲ့သော နိုင်ငံရေးစနစ်သည် အောင်မြင်မှုမရှိဘဲ တကယ့်ကိုပြောင်းလဲဖို့လိုအပ်နေကြောင်း ဝန်ခံရာရောက်သောကြောင့်ဖြစ်သည်။ ပြည်သူလူထုကို လှည့်စားရန် ရည်ရွယ်ထားသည့် ကြိုးပမ်းချက်ဖြစ်နေခြင်းသော်လည်းကောင်း၊ “ စည်းကမ်းပြည့်ဝသောဒီမိုကရေစီ ” ဟုခေါ်ထားခြင်းသော်လည်းကောင်း များစွာမထောင်းတာလှပါ။ အရေးကြီးသည့်အချက်မှာ ၎င်းတို့သည် စစ်ယူနီဖောင်းများအစား နောက်ဆုံးတွင် ဒီမိုကရေစီဝတ်ရုံကို ခြုံရတော့မည်ဟူသောအချက်ပင်ဖြစ်သည်။ ဤသည်မှာ ဒီမိုကရေစီသည် ပြိုင်ဘက်ကင်းအောင် အားကြီးကြောင်းနှင့် စစ်အုပ်စုသည် အကြွင်းမဲ့တန်ခိုးကြီးသည် မဟုတ်ကြောင်း အသိအမှတ်ပြုရခြင်းပင်ဖြစ်သည်။

ဒီမိုကရေစီကို နည်းအမျိုးမျိုးနှင့် စီစဉ်ဆောင်ရွက်နိုင်ပါသည်။ အဓိကရွေးချယ်စရာပုံစံနှစ်ခုမှာ ပါလီမန်အစိုးရနှင့် သမတအစိုးရပုံစံများဖြစ်သည်။ မည်သည့်ပုံစံက သာလွန်ကြောင်း ငြင်းခုံမှုမှာ အလွန်ကြာမြင့်စွာကတည်းက ရှိနေခဲ့ပြီး ယခုအခါ ပျောက်သလောက်ဖြစ်နေပါပြီ။ သို့သော်လည်း စစ်အုပ်စုက အခြေခံမူများထဲတွင် ထိုအငြင်းပွားမှုကို ပြန်မီးမွှေးထားသည်။ ဟန်ပြ သမတတပိုင်းစနစ်လမ်းကြောင်းကို အလယ်အလတ်ကျသည့် ဒီမိုကရေစီပုံစံအဖြစ် စဉ်းလဲစွာ ပုံဖော်ပြထားခြင်းဖြစ်သည်။ သို့ရာတွင် ခေတ်ပြိုင်နှင့် အတိတ်ကာလအတွေ့အကြုံများအရ ပါလီမန်ပုံစံ သို့မဟုတ် သမတပုံစံ ( စစ်စစ်များ ) သာ ဒီမိုကရေစီကို ကျင့်သုံးအောင်မြင်ကြသည်ကို မျက်လုံးတွင် တိမ်သလ္လာဖုံးနေသော စစ်အုပ်စုမမြင်ချေ။ အခြေခံမူများထဲ၌ ပြထားသည့် ပုံစံသစ်သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအတွက် အံကိုက်လုပ်ထားခြင်းဖြစ်သည်။ ယင်းသည် အခြေခံဥပဒေသမိုင်းတွင် အဆိုးဝါးဆုံး ရေးဆွဲထားသည့် စာတမ်းဖြစ်နေသည်။ ဖော်ပြရန်ခဲယဉ်းလှသော အထွေထွေလက္ခဏာများရှိပြီး ကွဲပြားခြားနားလှသော အခြေခံဥပဒေဆိုင်ရာမူများအား ပေါင်းစပ်ဖို့ကြိုးစားထားခြင်းလည်းဖြစ်ကြောင်း တွေ့ရသည်။

## မှားနေသောဆေးညွှန်း

ပထမဦးဆုံးစတင်၍ ခွဲခြမ်းစိတ်ဖြာလေ့လာရန်အချက်မှာ တတိယကမ္ဘာနိုင်ငံ သုံးဆယ့်သုံးနိုင်ငံသည် သမတဦးဆောင်သည့် အခြေခံဥပဒေများ ချမှတ်ကျင့်သုံးလျှက်ရှိကြောင်းနှင့် ပထမ သို့မဟုတ် ဒုတိယကမ္ဘာနိုင်ငံများအနက် တနိုင်ငံသာ သမတစနစ် အခြေခံဥပဒေကို ချမှတ်ထားသည် ဟူသောအချက်ဖြစ်သည်။ သမတဦးဆောင်အစိုးရစနစ်ကို ကျင့်သုံးသည့် တတိယကမ္ဘာ နိုင်ငံအားလုံးလိုလိုသည် ဝရုန်းသုန်းကား ဗရုတ်ဗရက်ဖြစ်ရပ်များကို ယောဘယျကြုံကြရသည်။ အများအားဖြင့် စစ်အာဏာသိမ်းမှုများဖြစ်ပြီး လျှို့ဝှက်အကြံသမား စစ်ဗိုလ်အုပ်စုများက အာဏာသိမ်း၊ အခြေခံဥပဒေကိုပယ်ဖျက်၊ ရွေးကောက်ခံအရာရှိများကို ဖြုတ်ချ၊ မာရှယ်လောကျင့်သုံးပြီး အာဏာရှင်အုပ်ချုပ်ရေးကို ဖော်ဆောင်ကြသည်။ ဥပမာများမှာ ကိုးရီးယား၊ တောင်ဗီယက်နမ်၊ လိုက်ဘေးရီးယားနှင့် လက်တင်အမေရိကနိုင်ငံ အများအပြားတို့ဖြစ်သည်။ တခါတရံတွင်လည်း ရွေးကောက်ခံ သမတက လွှတ်တော်ကိုဖျက်သိမ်းပြီး မာရှယ်လောဖြင့်အုပ်ချုပ်ခြင်းမျိုးရှိသည်။ ဥပမာ – ဖိလစ်ပိုင်နိုင်ငံမှ ဖာဒီနန်မားကို့စ်၊ အထူးခြွင်းချက်အဖြစ် သမတအစိုးရကို ပြည်သူ့တော်လှန်ရေးက နိဂုံးချုပ်စေခဲ့ခြင်းမျိုး၊ နီကရာ

ကွာနိုင်ငံတွင်ဖြစ်ခဲ့ဖူးသည်။ အမေရိကန် ပြည်ထောင်စုမှလွဲလျှင် သမတပုံစံကျင့်သုံးသည့် တိုင်းပြည်တိုင်း ဗရုတ်ဗရက်အတွေ့အကြုံ အနည်းဆုံးတကြိမ် မကြုံဖူးသည်မရှိခဲ့။ ယင်း တိုင်းပြည်အများအပြားတွင် ဗရုတ်သုက္ခဖြစ်မှုများ မကြာမကြာဖြစ်တတ်သည်။

ဤသည်နှင့်ဆန့်ကျင်ကွဲလွဲစွာ ဗြိတိသျှ သို့မဟုတ် ပြင်သစ်ပုံစံကို အခြေခံသည့် ပါလီမန် အခြေခံဥပဒေများ ချမှတ်ထားသော တတိယကမ္ဘာ၏သုံးပုံနှစ်ပုံနီးပါး တိုင်းပြည်များမှာ မိမိတို့အုပ်ချုပ်ရေးကို ထိန်းသိမ်းထားနိုင်ပြီး အမေရိကန်ပုံစံစနစ်မျိုးတွင် ဖြစ်လေ့ရှိသည့် ဖရိုဖရဲဖြစ်ရပ်များကို ရှောင်လွှဲနိုင်ခဲ့သည်။ ဤအချက်ကြောင့် ထိုနိုင်ငံများသည် အစဉ်အမြဲ ကောင်းမွန်စွာအုပ်ချုပ်ခံရသည်ဟု မဆိုလိုပါ။ သို့သော်လည်း ထိုနိုင်ငံတို့သည် စစ်တပ်ကြီးစိုးမှုကို တနည်းနည်းဖြင့် ရှောင်နိုင်ခဲ့သည်ဟုသာ ဆိုလိုပါသည်။ ထို့ကြောင့် နိုင်ငံအားလုံး၏ သုံးပုံတပုံသည် စစ်တပ်စွက်ဖက်မှုများကို ကြုံတွေ့ခဲ့ဖူးသည်ဟုလည်း ဆိုနိုင်သည်။ အခြားအကြောင်းအချက်များလည်း အရေးပါသည်မှာ သံသယရှိဖွယ်မဟုတ်။ သို့ရာတွင် အချို့သော ပါလီမန်အစိုးရများက ရပ်တည်ရှင်သန်နိုင်ပြီး အချို့ပြိုကျရခြင်း အကြောင်းရင်းအဖြစ် ယဉ်ကျေးမှုပိုင်းထူးခြားချက်များကို အကြောင်းပြခြင်းအား များစွာလက်ခံနိုင်ဘွယ်မရှိပါ။ ယင်းသို့ပြိုကျရခြင်းနှင့်စပ်လျဉ်း၍ ပိုမိုအရေးကြီးသောအကြောင်းတရပ်မှာ စစ်ဘက်နှင့် အရပ်ဘက် ဝန်ထမ်းဗျူရိုကရေစီက အတော်လေး အားကောင်းစွာ လည်ပတ်နိုင်သော်လည်း ကိုယ်ပိုင်ရပ်တည်စီမံလုပ်ရှားနိုင်စွမ်းရှိသင့်သည့် လူထုအသင်းအဖွဲ့များနှင့် နိုင်ငံရေးပါတီများ အားနည်းနေခဲ့ကြခြင်းကြောင့်ဖြစ်သည်။

ဒီမိုကရေစီအခြေခံဥပဒေများကို ချမှတ်လိုက်သော တတိယကမ္ဘာမှ ခုနစ်ဆယ့်ခြောက်နိုင်ငံတို့အတွင်း ကြီးမားထင်ရှားသည့် ကွဲပြားမှုများရှိနေသည်။ သမတဦးဆောင်သော အစိုးရစနစ်ကို ကျင့်သုံးခဲ့သည့် သုံးဆယ့်သုံးနိုင်ငံအနက် အကြီးအကျယ် ဖရိုဖရဲဖြစ်မှုကို ကျော်လွှားရပ်တည်နိုင်သည့်နိုင်ငံ တနိုင်ငံမှမရှိ။ ပါလီမန်အစိုးရစနစ်ကို ကျင့်သုံးခဲ့သည့် လေးဆယ့်သုံးနိုင်ငံအနက် သုံးပုံနှစ်ပုံမှာ အကြီးအကျယ်ဖရိုဖရဲမဖြစ်ဘဲ ရပ်တည်ရှင်သန်နိုင်ခဲ့သည်။ ဤဆန်းစစ်ချက်သည် ၁၉၄၅ ခုမှ ၁၉၈၅ ခုထိ ကာလကို အကျုံးဝင်သည်။

## အုပ်ချုပ်ရေးအဖွဲ့

နအဖအခြေခံမှုများက သမတသည် နိုင်ငံ့အကြီးအကဲဖြစ်ပြီး အုပ်ချုပ်ရေးအာဏာကို ယူနစ်သုံးခုတွင် ဖြန့်ခွဲထားသည်ဟုဆိုသည်။ သို့သော် မည်သည့်အာဏာကို ဖြန့်ခွဲသည်၊ သို့မဟုတ် အာဏာကိုလွှဲပေးခြင်းလား၊ ခွဲပေးခြင်းလား ဆိုသည်ကိုမူ ရှင်းလင်းခြင်းမရှိ။ တနည်းအားဖြင့် အခြားယူနစ်များသည် သမတ၏ ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်ခြင်းဖြစ်သလား၊ မဖြစ်သလား မရှင်းလင်းချေ။ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများနှင့် ပတ်သက်၍ အခြေခံဥပဒေက သတ်မှတ်ပေးမည်ဟု ဆိုထားသော်လည်း အသေးစိတ်များကိုမပြောဘဲ ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် အခြေခံကျသည့်မူများကိုလည်း တခုမှချမှတ်ထားခြင်းမရှိ။ (ဂ) တွင် ပြည်ထောင်စု အစိုးရဖွဲ့စည်းမှုအကြောင်းပြောထားသည်။ အစိုးရအဖွဲ့တွင် နိုင်ငံတော်သမတ၊ ဒုသမတနှစ်ဦး၊ ရှေ့နေချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများပါဝင်သည်။ ပြည်ထောင်စု

ဝန်ကြီးအရေအတွက်ကို သမတက သတ်မှတ်ရမည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်၏ တရားဝင် အတည်ပြုချက်လိုကြောင်းကိုမူ ပြောထားသည်။ သမတသည် ပြည်ထောင်စုဝန်ကြီးသုံးဦးထဲနှင့်ပင် အလုပ်လုပ်၍ရနိုင်ပြီး အခြား ရွေးကောက်ခံကိုယ်စားလှယ်များ ဝန်ကြီးဖြစ်ရေးကို ငြင်းပယ်နိုင်သည်။ ပြည်ထောင်စုလွှတ်တော်က အတည်မပြုလျှင် မည်သို့ဖြစ်မည်ကိုလည်း ပြောမထား။ ဤဝေဝါးမှုများက အခြေခံဥပဒေကို လက်တွေ့အလုပ်မဖြစ်အောင် ဖန်တီးလိမ့်မည်။ ( င)(၁) အရ ပြည်ထောင်စု ဝန်ကြီးဖြစ်ရန် အသက်ကန့်သတ်ချက်ကို (၄၀) ဟုသတ်မှတ်ထားသည်။ ဤသည်မှာ လူငယ်များကို ဟန့်တားပိတ်ပင်ဖို့ ရည်ရွယ်ခြင်းဖြစ်သည်။ (၂)(က)(၂) အရ ကာကွယ်ရေး၊ လုံခြုံရေး/ပြည်ထဲရေးနှင့် နယ်စပ်ဒေသရေးရာ ပြည်ထောင်စုဝန်ကြီးများသည် စစ်ဘက်မှ ဖြစ်ရမည်ဟုဆိုထားသည်။ ရည်ရွယ်ထားသည့် ပြည်ထောင်စုဝန်ကြီးများစာရင်းကို အတည်ပြုရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်ဖြစ်သည်။ လက်တွေ့အားဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဝန်ကြီးရာထူးအတွက် ကိုယ်စားလှယ်လောင်းများကို ငြင်းပယ်ခွင့်မရှိ။ အဘယ့်ကြောင့်ဆိုသော် ပြည်ထောင်စုဝန်ကြီးတဦးကို သက်သေအထောက်အထား အခိုင်အမာရှိမှသာ အတည်မပြုဘဲ နေနိုင်သည်ဟု အခြေခံမူများက ဆိုထားသောကြောင့်ဖြစ်၏။ ဤကိစ္စကို စီရင်ဆုံးဖြတ်သူတရားသူကြီးမှာ သမတပင်ဖြစ်ပြီး ခိုင်မာသည့် သက်သေအထောက်အထားဆိုသည်ကိုလည်း သမတကသာ ဆုံးဖြတ်သတ်မှတ်မည်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးအားလုံးမှာ နိုင်ငံတော်သမတကို တာဝန်ခံရမည်ဖြစ်သည်။

သို့ရာတွင် ပြဿနာက ရောမခေတ် ဆီဇာပုံစံသမတစနစ်သည် လွှတ်လပ်သည့် ဒီမိုကရေစီ၏ ပုံမှန်ဖြစ်ထွန်းတိုးတက်မှုကို အဟန့်အတားပြုနေခြင်းဖြစ်သည်။ မှုမှန်မဟုတ်သည့် အလွန်အကျွံအာဏာစုစည်းမှုသည် အကျင့်ပျက်ခြစားမှုနှင့် အခြားမလျော်ကန်မှုများကို မလွဲမသွေဖိတ်ခေါ်နေသည်။ ယခင်ကိုးရီးယားသမတအားလုံးနှင့် အပေါင်းအဖော်များသည် ခြစားမှုအရှုပ်အထွေးများနှင့် ရာဇဝတ်ကြောင်းအရ စွဲချက်တင်ခံရခြင်းများကိုပင် ၎င်းတို့ရာထူးသက်တမ်းအဆုံး၌ ကြုံခဲ့ကြသည်။ "အကြီးမားဆုံးစိန်ခေါ်မှုမှာ သမတသည် နိုင်ငံရေးပါတီတခုနှင့် အမျိုးသားလွှတ်တော် ကျောထောက်နောက်ခံမရှိဘဲ အားကောင်းသည့် ခေါင်းဆောင်မှုကို ပေးနိုင် မပေးနိုင်ဖြစ်သည်။"

## ရှေ့နေချုပ်

၎င်းသည် ပြည်ထောင်စုဝန်ကြီးအဆင့်ရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့ဝင်လည်းဖြစ်သည်။ သို့သော် သူ့အားစွဲချက်တင်ဖြုတ်ချရာတွင်မူ သမတနှင့်တူသည်။ ၎င်းကို ပြည်ထောင်စုအစိုးရ သို့မဟုတ် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်မလိုဘဲ သမတက ထုတ်ပယ်ပစ်နိုင်သည်။ ဤပြဋ္ဌာန်းချက်က သမတ၏အာဏာကို ခိုင်ခံ့အားကောင်းစေသည်။

ပါလီမန်ဒီမိုကရေစီမှုတွင် ပြည်သူ့လွှတ်တော်က ဝန်ကြီးချုပ်ကို ရွေးကောက်တင်မြှောက်ပြီး ၎င်းက ပြည်ထောင်စုဝန်ကြီးများ စာရင်းရေးဆွဲကာ သမတမှ တရားဝင်အတည်ပြုပေးရန်တင်ပြသည်။ သို့သော် ယခုကိစ္စတွင် လုံးဝပြောင်းပြန်ဖြစ်နေသည်။ ဝန်ကြီးသည် ပြည်သူကို တာဝန်ခံရမည်လား၊ ပြည်သူ့လွှတ်တော်ကို တာဝန်ခံရမည်လား မရှင်းလင်းချေ။

နအဖအခြေခံမူများက ဆန်းကြယ်သည့်အသွင်အပြင်များရှိသော သမတစနစ်တခုကို ချမှတ်ထားသည်။ သမတသည် အခြေခံဥပဒေအရ အကြီးအကဲဖြစ်ပြီး ဝန်ကြီးချုပ်ရာထူးသို့မဟုတ် ဝန်ကြီးချုပ်ကဦးဆောင်သည့် ဝန်ကြီးအဖွဲ့အတွက် ပြဋ္ဌာန်းချက်မပါရှိချေ။ ပါလီမန်အစိုးရပုံစံ၏ ထင်ရှားသောအသွင်အပြင်တခုမှာ ဝန်ကြီးအဖွဲ့သည် အုပ်ချုပ်ရေးအဖွဲ့အစစ်အမှန်ဖြစ်ပြီး တကယ့်အာဏာကိုကိုင်ရသည်။ သို့ရာတွင် ပါလီမန်ကို တာဝန်ခံရသည်။ တနည်းအားဖြင့် ပြည်သူလူထုကို တာဝန်ခံရသည်။ အကြောင်းမူ ၎င်းတို့ကို ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသောကြောင့်ဖြစ်သည်။ ဤကား ကိုယ်စားပြုဒီမိုကရေစီ၏ အဓိကအခြေခံဖြစ်သည်။ ဝန်ကြီးအဖွဲ့ကိုအယုံအကြည်မရှိအဆိုတင်ကာ ဖြုတ်ချပစ်နိုင်သည်။ နအဖအခြေခံမူများထဲတွင် သမတသည် မည်သူ့ကိုမှ တာဝန်မခံရ၊ သို့သော် ဝန်ကြီးများမှာ သမတကို တာဝန်ခံရသည်။ ပါလီမန်ကို တာဝန်မခံရပေ။ သမတကို ပြည်သူလူထုက တိုက်ရိုက်ရွေးကောက်ခြင်းမဟုတ်ဘဲ ရွေးကောက်ရေးအဖွဲ့က သွယ်ဝိုက်ရွေးကောက်ခြင်းဖြစ်သည်။ ရွေးကောက်ရေးအဖွဲ့ကိုကား ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းခြင်းဖြစ်ပြီး ရွေးကောက်ခံရခြင်းမရှိသူများက အစိတ်အပိုင်းတခုအဖြစ် ပါဝင်နေသည်။ အဓိပ္ပါယ်ကား သမတသည် စစ်ဘက် ပုဂ္ဂိုလ်ဖြစ်နေပါက ဥပဒေပြုအဖွဲ့အပေါ် သြဇာလွှမ်းနိုင် ထိန်းချုပ်နိုင်သည်။ အာဏာပိုင်းခြားမှုဆိုသည်မှာလည်း ရှိမည်မဟုတ်။ ဤစနစ်တွင် သမတသည် ဥပဒေပြုအဖွဲ့မှ လူများစုပါတီဝင် ဟုတ်ချင်မှဟုတ်မည်။ ဝန်ကြီးများသည် သမတ၏လက်အောက်ဖြစ်ကာ သမတ သည် အာဏာရှင်ဆန်လာပေမည်။

ပါတီစုံစနစ်ကို ရည်မှန်းချက်အဖြစ် ကြေညာထားပြီးဖြစ်သည့်အပြင် လူမျိုးစု တခုက ရောမအများစုဖြစ်နေသောတိုင်းပြည်တွင် သမတစနစ်မှာ မသင့်တော်ပေ။ တိုင်းပြည်၏ ထူးခြားသည့်များနှင့် အတိတ်ကာလမှ ဗဟိုချုပ်ကိုင်သည့် စစ်အာဏာရှင်စနစ်အုပ်ချုပ်မှုအတွေ့အကြုံများကို အခြေခံလျှက် အနာဂတ်အတွက် ပဋိပက္ခဖြေရှင်းရေးကိုဦးတည်မည့် စနစ်တခု လိုအပ်နေသည်။ အောက်ခြေသို့ ဆုံးဖြတ်ချက်ချခွင့်အာဏာရပ်များ အပ်နှင်းရေးအခြေခံပေါ်တွင် ကောင်းမွန်သောလွှမ်းမိုးအုပ်ချုပ်မှုစနစ် ပေါ်ထွန်းရေးကိုအားပေးသည့် အခြေခံဥပဒေယခုအချိန်တွင် လိုအပ်နေသည်။ မရှင်းမလင်းသည့်အချက်များ၊ ညစ်ပတ်ကလိန်ကျနိုင်စရာ ပျော့ကွက်များ၊ လုပ်ငန်းအကြပ်ဆိုက်မှုနှင့် အခြေခံဥပဒေဆိုင်ရာအကျပ်အတည်း ပေါ်နိုင်စရာ အားနည်းချက်များ အပြည့်ရှိနေသည့် အခြေခံဥပဒေမှာ ယနေ့မြန်မာနိုင်ငံ၏ လိုအပ်ချက်နှင့်များစွာဝေးကွာလျှက်ရှိသည်။ နောက်ဖေးပေါက်မှဝင်လာမည့် သမတက အာဏာရှိရာထူးကို အလွဲသုံးအပိုင်စီးမည့်ထူးခြားလှသည့်ဖြစ်ရပ်ကို “ အခြေခံမူများ ” တွင် ဖော်ပြနေသည်။ နအဖ၏ အဆိုပါအခြေခံမူများဆိုသည်မှာ လက်ရှိအာဏာရှင်အစိုးရကို အများပြည်သူဆိုင်ရာ ဝတ်ရုံလွှမ်းပေးပြီး တရားဝင်အုပ်ချုပ်ခွင့်ရအောင်လုပ်ပေးသည့် ကောက်ကျစ်ယုတ်မာသော မဟာဗျူဟာတခုဖြစ်သည်။ ယင်းတို့ကိုကျင့်သုံးခြင်းသည် မိမိတို့နိုင်ငံ၏ အခြေခံသမိုင်းရေး လိုအပ်ချက်များအပေါ် သိမြင်မှုချို့တဲ့ခြင်းကို အံ့သြတုန်လှုပ်ဖွယ်ကောင်းအောင် ပြလျှက်ရှိသည်။

## စစ်တပ်၏အာဏာ

သမတကို စွဲချက်တင်ဖြုတ်ချရန်မှာ လွှတ်တော်နှစ်ရပ်အနက် တခုခုမှအဖွဲ့ဝင်စုစုပေါင်း၏ လေးပုံတပုံလိုအပ်သည်။ ဤအချက်က ဖော်ပြနေသည်မှာ စစ်တပ်၌ တိုင်းပြည်အုပ်ချုပ်မှုကို ခြိမ်းခြောက်နိုင်သည့်လက်နက် အမြဲရှိနေသည်ဟုဆိုလိုသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သမတလက်အောက်တွင်မရှိသလို သမတမှာ စစ်သေနာပတိလည်း မဟုတ်ချေ။ မည်သည့်နိုင်ငံရေးစွက်ဖက်မှုမဆို ကာကွယ်တားဆီးနိုင်မည့် ရောမလက်နက်ကြီးကို ကာကွယ်ရေးဦးစီးချုပ်အား ပေးထားသည်။

## အုပ်ချုပ်ရေး

နအဖအခြေခံမူများက ပြည်နယ်တို့၏အခွင့်အရေးကို ဗဟိုကချုပ်ချယ်ခြင်း၊ ဖောက်ဖျက်ခြင်းကိုခွင့်ပြုထားသည်။ ဗဟိုသည် မိမိတပ်များကို မည်သည့်ပြည်နယ်တွင်မဆို ချထားနိုင်ပြီး လက်နက်ကိုင်တပ်များကို ထိန်းချုပ်မှုယူနိုင်သည်။ ပြည်နယ်များသည် ဗဟိုမှ နယ်ပယ်သိမ်းပိုက်ရေးတပ်များ လက်အောက်သို့ အချိန်မရွေးကျရောက်နိုင်သည်။

သမတသည် နိုင်ငံ့အကြီးအကဲဖြစ်သည်။ ပြည်နယ်နှင့်ယူနစ်များအကြား အုပ်ချုပ်ရေးအာဏာကို အခြေခံဥပဒေနှင့်အညီ ခွဲဝေလိမ့်မည်။ သို့သော် မည်သို့မည်ပုံခွဲဝေမည်ကိုမူ အခြေခံမူများက တစွန်းတစမျှပြောမထားချေ။ ထိုမျှမက (ဇ)(၃) တွင် "လုံခြုံရေး သို့မဟုတ် နယ်စပ်ဒေသရေးရာတာဝန်များယူရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော် သားများသည် ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်း၏ အုပ်ချုပ်ရေးတွင် ပါဝင်ရမည်" ဟုဆိုထားသည်။

ဆိုလိုသည်မှာ တိုင်းပြည်၏ တကယ့်လက်တွေ့အုပ်ချုပ်ရေးသည် စစ်တပ်၏ လက်တွင်း၌ ရှိလိမ့်မည်ဟုဆိုလိုသည်။ လူမျိုးစုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှာ လူရယ်စရာဖြစ်သွားလိမ့်မည်။ ထိုမျှမက ဤအချက်ကို (ည) နှင့် တွဲဖတ်ကြည့်ပါက စစ်တပ်၏ တကယ့်အစီအစဉ်မှာ တိုင်းပြည်ကို လွှမ်းမိုးကြီးစိုးဖို့ဖြစ်ကြောင်း တွေ့ရလိမ့်မည်။

"(ည) တပ်မတော်နှင့်ပတ်သက်၍ –

( ၁ ) တပ်မတော်သည် ကြံ့ခိုင်တောင့်တင်း၍ ခေတ်မီသော၊ တခုတည်းသော တပ်မတော်ဖြစ်သည်။

( ၂ ) တပ်မတော်သည် စစ်ဘက်ဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံဆောင်ရွက်ခွင့်ရှိသည်။

( ၃ ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ ဦးစီးခေါင်းဆောင်ဖြစ်သည်။

( ၄ ) တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးကိစ္စများအတွက် အများပြည်သူတရပ်လုံးနှင့် ဆက်စပ်ဆောင် ရွက်ခွင့်ရှိသည်။

( ၅ ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်တွင် အဓိက တာဝန်ရှိသည်။

( ဖ ) အခြေခံဥပဒေကို ကာကွယ်ရန်အတွက် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။ ”

## အပိုင်း ( ၅ )
## တရားရေးစနစ်နှင့် တရားစီရင်ရေးအဖွဲ့

မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို တရားရေးစနစ် ပုံမှန်လည်ပတ်ရန်အတွက် တရားစီရင်ရေးအဖွဲ့သည် အချက်အချာအခန်းကဏ္ဍမှပါဝင်သည်။ တရားစီရင်ရေးအဖွဲ့ တကယ့်လက်တွေ့ အောင်မြင်စွာလည်ပတ်နိုင်ရန်မှာ ၎င်းသည် အုပ်ချုပ်ရေးအဖွဲ့၏ ဝင်ရောက်စွက်ဖက်မှုမှ ကင်းလွတ်မှုရှိရမည်ဖြစ်သည်။ ဤသည်မှာ ဒီမိုကရေစီနိုင်ငံအများစု ကာလကြာမြင့်စွာကတည်းက ကျင့်သုံးလာခဲ့သည့် အများလက်ခံထားပြီး စံတခုဖြစ်သည်။ မြန်မာနိုင်ငံ၏ ၁၉၄၇ ခု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကလည်း တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှု အယူအဆကို အကောင်အထည်ဖော်ခဲ့သည်။ ၁၉၈၅ ခုတွင် ကုလသမဂ္ဂအထွေထွေ ညီလာခံက တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှုဆိုင်ရာ အခြေခံမူများကိုချမှတ်ခဲ့သည်။ ယင်းမူများကို အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှု ခိုင်မာစေရေးနှင့် အားပေးမြှင့်တင်ရေးလုပ်ငန်းများတွင် အထောက်အကူရစေရန် ရေးဆွဲထားခြင်းဖြစ်သည်။

ယင်းမူများအရဆိုလျှင် တရားစီရင်ရေးအဖွဲ့သည် သက်ဆိုင်ရာ အမျိုးသားတရားရေးစနစ်ဘောင်အတွင်း၌ အစိုးရ၏ မြင့်မြင့်မားမား လေးစားရိုသေမှုကို ခံရမည်ဖြစ်သည်။ တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှု အာမခံချက်ကို အခြေခံဥပဒေထဲတွင် ထည့်သွင်းပြဋ္ဌာန်းထားရမည်ဖြစ်သည်။ ယင်းသို့ဖြစ်စေရန် အာဏာခွဲခြားမှုစနစ် ( ၃ ) ကို ကျင့်သုံးရမည်ဖြစ်ပြီး အထူးသဖြင့် အုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့အကြား အာဏာခွဲခြားထားရပေမည်။ သို့ရာတွင် နအဖအခြေခံမူများတွင် လွတ်လပ်ရေးရပြီးနောက် မြန်မာ့အမျိုးသား တရားရေးစနစ်အတွင်း ကျင့်သုံးခဲ့သည့်အပြင် နိုင်ငံတကာစံနှုန်းများတွင်ဖော်ပြထားသည့် တရားစီရင်ရေးအဖွဲ့၏လွတ်လပ်မှုအကြောင်း တခွန်းတပါဒမျှ ဖော်ပြထားခြင်းမရှိပေ။

တရားသူကြီးချုပ်နှင့် တရားရုံးချုပ်တရားသူကြီးများ ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်ဟူသည်ကိုမူ နအဖအခြေခံမူများက ဖော်ပြထားသည်။ ကုလသမဂ္ဂ၏ တရားစီရင်ရေးအဖွဲ့ဆိုင်ရာ အခြေခံမူများမှ လွတ်လပ်မှု၏အဓိပ္ပါယ်မှာ အလွန်တရာကျယ်ပြန့်ပြီး ပါတီနိုင်ငံရေးပိုင်းအရ ကန့်သတ်ထားမှုကို မတွေ့ရပေ။ ထို့အပြင် လွတ်လပ်မှု၏အဓိပ္ပါယ်မှာ တရားစီရင်ရေးအဖွဲ့တခုလုံး၏ လွတ်လပ်မှုအထိ အကျုံးဝင်သည်။ တရားစီရင်မှုကျင့်သုံးရာတွင် အဆင့်အသီးသီးမှတရားရုံးများသည် အမှုများကို ဘက်မလိုက်ဘဲနှင့်လည်းကောင်း၊ အစိုးရအာဏာပိုင်များ၎င်းတို့၏ ဒေသခံသြဇာရှိရောင်းရင်းများနှင့် ကင်းလွတ်စွာဖြင့်လည်းကောင်း စီရင်ဆုံးဖြတ်ဖို့လိုသည်။ ဤသို့ဖြစ်နိုင်ရန် တရားစီရင်ရေးအဖွဲ့၏သက်တမ်းကို ကာကွယ်ထိန်းသိမ်းရန်လိုအပ်ပြီး တရားသူကြီးများခန့်အပ်ခြင်းနှင့် အရေးယူဖြတ်ချခြင်းကို ကုလ

သမဂ္ဂ၏ တရားစီရင်ရေးအဖွဲ့ဆိုင်ရာမူများနှင့်အညီ အခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသင့်သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်အရ တရားသူကြီးများအနေဖြင့် မိမိတို့၏ လုပ်ငန်းပညာပိုင်းလေ့ကျင့်သင်ကြားမှုကို အားပေးမြှင့်တင်ရန်နှင့် တရားစီရင်ရေးလွတ်လပ်မှုကို ကာကွယ်ရန်အတွက် တရားသူကြီးတို့၏ အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်နှင့် ထိုအသင်းအဖွဲ့များတွင် ပါဝင်ခွင့်ရှိကြောင်း တရားစီရင်ရေးအဖွဲ့ဆိုင်ရာ ကုလသမဂ္ဂမူများက အသိအမှတ်ပြုထားသည်။ ကံမကောင်း အကြောင်းမလှစွာဖြင့်ပင် နအဖ အခြေခံမူများက ယင်းနှင့် စပ်လျဉ်း၍ မည်သို့မျှ ဖော်ပြထားခြင်းမရှိခြေ။

နိုင်ငံတိုင်းသည် မိမိနိုင်ငံသားများအတွက် တရားမျှတပြီး လွတ်လပ်သည့် တရားရုံးစနစ်ကို အာမခံနိုင်ရပါမည်။ တရားရုံးများသည် နိုင်ငံ၏ တရားဥပဒေများနှင့်အညီ တရားမျှတသည့် စီရင်ဆုံးဖြတ်ချက်များကို ပြင်ပအဖွဲ့အစည်းတခုခု၊ အထူးသဖြင့် အစိုးရ ၏စွက်ဖက်မှုသို့မဟုတ် ဩဇာသက်ရောက်မှုမရှိဘဲ ချမှတ်နိုင်ရပါမည်။ လူတိုင်းသည် မျှတသည့် ဂျူရီအဖွဲ့ဖြင့် တရားစစ်ဆေးခံခွင့်ရှိသင့်သည်။ တရားရုံး ၏ဆုံးဖြတ်ချက်ကို အစိုးရကပြောင်းလဲပစ်ခြင်း၊ သို့မဟုတ် ဥပေက္ခာပြုခြင်း မရှိစေရပါ။ တရားသူကြီးများသည် ကောင်းစွာလေ့ကျင့် သင်ကြားထားသူများ ဖြစ်ရန်လိုအပ်ပါသည်၊ အုပ်ချုပ်ရေးအဖွဲ့၏ဩဇာနှင့် ကင်းလွတ်စွာဖြင့် လွတ်လပ်သည့်အဖွဲ့အစည်းတခုက ရွေးချယ်ထားသည့် အရည်အချင်းပြည့်မီသူများဖြစ်ရပါမည်။ ဤအချက်များကို အခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားရပါမည်။ သို့သော် အောက်ဖော်ပြပါ နအဖအခြေခံမူများတွင်မူ ဤကဲ့သို့ မဟုတ်ပါချေ။

## တရားသူကြီးများခန့်အပ်ခြင်းနှင့် အရေးယူဖြုတ်ချခြင်း

(၁) နိုင်ငံတော်သမတသည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုတရားသူကြီးချုပ်ကို ခန့်အပ်ရမည်။

(၂) အတည်ပြုပေးရန်အတွက် နိုင်ငံတော်သမတမှ အမည်တင်သွင်းထားသော ပြည်ထောင်စုတရားသူကြီးချုပ်လောင်းသည် အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ပြည်ထောင်စုတရားသူကြီးချုပ်အတွက် အရည်အချင်းများ မပြည့်မီကြောင်း အခိုင်အလုံ သက်သေသက်ကာယမပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် ယင်းတရားသူကြီးချုပ်လောင်းကို ပယ်ချခွင့်မရှိစေရ။

သို့ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်သမတသည် တရားသူကြီးချုပ် ခန့်အပ်ရေးတွင် အင်မတန်စွမ်းအားကြီးသော ဩဇာသက်ရောက်မှုကို ရရှိလေသည်။ ပြည်ထောင်စုလွှတ်တော်ကပင်လျှင် ထိုတရားသူကြီးချုပ်လောင်းကို အရည်အချင်းမမီမှုကလွဲ၍ မည်သည့်အကြောင်းကြောင့်မှ မငြင်းပယ်နိုင်ချေ။ သို့ဖြစ်၍ ထိုတရားသူကြီးချုပ်လောင်းအနေဖြင့် ဥပဒေအရ အရည်အချင်းမီခြင်းတည်းဟူသော ယေဘုယျအခြေအနေရှိလျှင် နိုင်ငံတော်သမတသည် မိမိကို ရိုကျိုးနာခံမည့် မည်သူ့ကိုမဆို ရွေးချယ်နိုင်လေသည်။

တရားသူကြီးချုပ်ခန့်အပ်ရေးနှင့်ပတ်သက်၍ ၁၉၄၇ မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက တရားသူကြီးချုပ်ကို သမတက ဝန်ကြီးချုပ်နှင့်တိုင်ပင်ပြီး လွှတ်တော်နှစ်ရပ်

ပူးတွဲအစည်းအဝေး၏ အတည်ပြုချက်ဖြင့် ခန့်အပ်ရမည်ဟု ပြဋ္ဌာန်းထားခဲ့သည်။ ကွာခြားမှုမှာ ၁၉၄၇ အခြေခံဥပဒေအောက်တွင် သမတ၌ အုပ်ချုပ်ရေးအာဏာမရှိဘဲ ဝန်ကြီးချုပ်က အဓိကအုပ်ချုပ်ရေးသမားဖြစ်သည်။ ပါလီမန်အမတ်များသည် တရားသူကြီးချုပ်ရာထူးအတွက် အမည်စာရင်းတင်သွင်းခံရသူများနှင့်စပ်လျဉ်း၍ လွတ်လပ်စွာ အချေအတင် ဆွေးနွေးငြင်းခုံခွင့်ရကြသည်။ ၎င်းတို့သည် သမတကအဆိုပြုသော ကိုယ်စားလှယ်လောင်းများကို ငြင်းပယ်လို့လည်းရနိုင်သည်။ သို့သော် နအဖအခြေခံမူများအရမူ သမတသည် အဓိကအုပ်ချုပ်ရေးသမားဖြစ်နေသည်။ ၎င်းသည် တရားသူကြီးချုပ်ရာထူးတာဝန် ထမ်းဆောင်မည့်သူကို ရွေးချယ်နိုင်သည့် တဦးတည်းသောအမိန့်ရပုဂ္ဂိုလ်ဖြစ်ပြီး ထို တရားသူကြီးချုပ်လောင်းကို ပြည်ထောင်စုလွှတ်တော်ကပင်လျှင် မငြင်းပယ်နိုင်ပေ။

နအဖအခြေခံမူများက တရားစီရင်ရေးအဖွဲ့ကို သမတ၏ လက်အောက်ခံဖြစ်သွားစေသည်။ တရားရုံးချုပ်၏ တရားသူကြီးချုပ်မှသည် အောက်ဆုံးအဆင့်ထိ တရားသူကြီးများအားလုံးကို သမတကခန့်အပ်သည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မှအတည်ပြုရေးကို ပြောထားသော်လည်း ပြည်ထောင်စုလွှတ်တော်သည် တရားသူကြီးလောင်း၌ လိုအပ်သည့် အရည်အချင်းမရှိဟု အခိုင်အမာသက်သေမပြနိုင်လျှင် ယင်းကိုယ်စားလှယ်လောင်းကို ငြင်းပယ်ခွင့်မရှိဟုလည်း ဆိုထားပြန်သည်။ “ အခိုင်အမာသက်သေအထောက်အထား ” ဆိုသည်မှာ ဘာကိုဆိုလိုသည်ကို သမတက ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။ ငြင်းပယ်ခံရသည့်အခါ၌ပင်လျှင် သမတသည် တရားသူကြီးလောင်းအသစ်တယောက်ကို ထပ်မံတင်သွင်းခွင့်ရှိမည်။ ပါလီမန်စနစ်တွင်မူ တရားရုံးချုပ်သို့ အခြားတရားသူကြီးများခန့်အပ်ရန် ဝန်ကြီးများ၏ အကြံဉာဏ်နှင့် သဘောတူညီမှု လိုအပ်သည်၊ တရားသူကြီးချုပ်၏ အကြံဉာဏ်နှင့် အတည်ပြုချက်ကိုလိုအပ်သည်။ အောက်ရုံးတရားသူကြီးများခန့်အပ်ရာတွင်မူ တရားရုံးချုပ် တရားသူကြီးများ၏ အကြံဉာဏ်လိုအပ်သည်။ ယခု နအဖမူများတွင်မူ သမတက ခန့်အပ်မှုအားလုံးကိုလုပ်ဆောင်ပြီး ပြည်ထောင်စုလွှတ်တော်မှ ဝတ်ကျေတန်းကျေ အတည်ပြုမှုကိုသာယူရသည်။

တရားသူကြီးများအပေါ် သမတ၏ ရာထူးဖြုတ်ပိုင်ခွင့်အာဏာမှာလည်း (တရားစီရင်ရေးစနစ်အောင်မြင်စွာလည်ပတ်မှုကို) အဟန့်အတားပြုရာရောက်သည့် အဓိကအကြောင်းအချက်တခုဖြစ်နေသည်။ နအဖ မူများအရ သမတသည် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တရားရုံးချုပ် တရားသူကြီးတို့ကို အရေးယူဖြုတ်ချနိုင်သည်။ ပါလီမန်ဒီမိုကရေစီတွင်မူ အရေးယူဖြုတ်ချရန်အဆိုကို ပြည်သူ့လွှတ်တော်တွင်သာ စတင်ဆောင်ရွက်နိုင်သည်။ နအဖ မူတွင်ကား ဤအာဏာကို သမတအား အပ်နှင်းထားသည်။ ထို့ကြောင့် တရားစီရင်ရေးအဖွဲ့သည်  အုပ်ချုပ်ရေးအဖွဲ့၏ ထာဝစဉ်ခြိမ်းခြောက်မှုကို ခံနေရမည်ဖြစ်သည်။ တရားစီရင်ရေးအဖွဲ့သက်တမ်းနှင့်ပတ်သက်၍ နအဖအခြေခံမူများတွင် မည်သည့်ပြဋ္ဌာန်းချက်မှ ချမထား။ တရားသူကြီးများကို ခန့်အပ်ခြင်းနှင့် အရေးယူဖြုတ်ချခြင်းအပေါ် သမတအား အာဏာပေးထားမှုကြောင့် အုပ်ချုပ်ရေးအဖွဲ့ကို တရားစီရင်ရေးအဖွဲ့ထက် ပိုအရေးပေးသည့်အခြေအနေဖြစ်ပေါ်စေပြီး တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှု ပြိုလဲကျဆုံးသွားပေလိမ့်မည်။

တရားသူကြီးများကိုယ်၌သည် ဥပဒေအထက်တွင် ရှိမနေပါ။ မိမိတို့အလုပ်များကို တရားမျှတစွာ လုပ်ကိုင်နေခြင်းမရှိသည့် တရားသူကြီးများကို တိုင်ချက်ဖွင့်ခွင့်ရနိုင်ရန် အခြေခံဥပဒေက စနစ်တခု ဖန်တီးပေးရပါမည်။ စုံစမ်းစစ်ဆေးရန်နှင့်၊ လိုအပ်ပါက တရားသူကြီးဆိုးများကို စည်းကမ်းကိုင်ရန် သို့မဟုတ် ဖယ်ရှားရန်နည်းလမ်းရှိရပါမည်။ သို့ရာတွင် အစိုးရသည် တရားသူကြီးချုပ် သို့မဟုတ် တရားရုံးချုပ်တရားသူကြီးများကို အရေးယူဖြုတ်ချနိုင်သည့် အာဏာမရှိသင့်ပေ။

## တရားသူကြီးများ၏ နာခံမှု

တရားစီရင်ရေးအဖွဲ့သည် အစိုးရ၏ အရေးအပါဆုံးအင်္ဂါအစိတ်အပိုင်းတခုဖြစ်သည်။ ၎င်းသည် တည်ဆဲဥပဒေကို အမှုတခုချင်း၌ ကျင့်သုံးသည်သာမက ဥပဒေကို အဓိပ္ပါယ်ကောက်ယူမှုလည်း ပြုလုပ်ရသည်။ သို့ဖြစ်၍ ၎င်းသည် နိုင်ငံသူနိုင်ငံသားတို့ကို စောင့်ရှောက်အုပ်ထိန်းသူဖြစ်သည်။ "အစိုးရထူးချွန်ကောင်းမွန်မှုကို တိုင်းတာရာ၌ တရားစီရင်ရေးစနစ်ထိရောက်အောင်မြင်မှုထက် သာလွန်သည့် စစ်ဆေးမှုမရှိ" ဟု နယ်စားကြီးဘရိုက်စ်က ပြောခဲ့သည်။ ဒီမိုကရေစီနှင့် သမတအစိုးရမှု၏ အောင်မြင်မှုသည် တရားရေးစနစ်၏ ဘက်လိုက်မှုကင်းပြီး လွတ်လပ်သည့်သဘာဝနှင့် ဥပဒေစိုးမိုးမှုအပေါ်မူတည်သည်။ ဤကိစ္စ တကယ်အကောင်အထည်ပေါ်လာရန်မှာမူ တရားစီရင်ရေးအဖွဲ့၏လွတ်လပ်မှုနှင့် စပ်လျဉ်းပြီး အပြည်ပြည်ဆိုင်ရာမှလက်ခံထားသည့် အခြေခံမူများနှင့်အညီ ကျင့်သုံးဘို့လိုပါမည်။ ၁၉၄၇ ခု၊ မြန်မာနိုင်ငံအခြေခံဥပဒေက ၎င်းမှုကို အောက်ပါပြဌာန်းချက်တွင် ထင်ဟပ်ထားသည်။

လွှတ်တော်ချုပ်တရားဝန်ကြီး အဖြစ်ဖြင့်လည်းကောင်း၊ လွှတ်တော်တရားဝန်ကြီး အဖြစ်ဖြင့်လည်းကောင်း၊ ဤ အခြေခံဥပဒေအရ ခန့်အပ်ထားခြင်းခံရသော ပုဂ္ဂိုလ်တို့သည် အောက်ပါအတိုင်း သစ္စာဆို၍ လက်မှတ်ထိုးရမည်။

တရားရုံးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးတဦးအဖြစ် ခန့်အပ်ခံရသူတိုင်းသည် အောက်ပါ ခံဝန်ကြေညာချက်ကို ပြုလုပ်လိုက်နာရမည်။

" ကျွန်ုပ်သည် ...... သည် တရားဝန်ကြီးချုပ် ( သို့ တည်းမဟုတ် တရားဝန်ကြီး ) ၏ တာ ဝန်အလုပ်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ မျက်နှာကြီးငယ် မရှုယ်မထောက် ဆန္ဒာ၊ ဒေါသ၊ ဘယာ၊ ဂတိများသို့မလိုက်၊ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ကျေကုန်အောင်ထမ်းရွက်ပါမည်။ ထို့ပြင် ကျွန်ုပ်သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်တကွ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်မည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာ ပြုပါသည်။ "

အထက်ပါပြဌာန်းချက်နှင့်အညီ တရားသူကြီးများသည် အခြေခံဥပဒေနှင့် တရားဥပဒေများကိုသာနာခံရသည်။ ဤသည်မှာ တရားစီရင်ရေးအဖွဲ့၏လွတ်လပ်မှုဆိုင်ရာ ကုလသမဂ္ဂမူများနှင့်လည်း ကိုက်ညီသည်။ အကြောင်းမလှချက်မှာ နအဖအခြေခံမူများက တရားစီရင်ရေးစနစ်၏ လွတ်လပ်မှုအတွက် မည်သည့်အခြေခံအုတ်မြစ်မှ ချမထားခြင်းဖြစ်သည်။

## တဦးချင်းလွတ်လပ်ခွင့်များကို တရားစီရင်ရေးအဖွဲ့က ကာကွယ်စောင့်ရှောက်ပေးခြင်း

'တရားစီရင်ရေးအဖွဲ့' ဟူသော ခေါင်းစဉ်အောက်တွင် အခြေခံမူငါးချက် ချမှတ်ထားသည်။ အချက် ( ၃ ) တွင် တရားရုံးချုပ်အား စာချွန်တော်ထုတ်ပြန်ခွင့်အာဏာပေးထားသည်။ စာချွန်တော်များကို ၁၉၄၇ အခြေခံဥပဒေမှာကဲ့သို့ ရှေ့တော်သွင်းစာချွန်တော်အမိန့်[၁၀]၊ အာဏာပေးစာချွန်တော်အမိန့်[၁၁]၊ တားမြစ်စေ စာချွန်တော်အမိန့်[၁၂]၊ အာဏာပိုင်မေး စာချွန်တော်အမိန့်[၁၃]၊ အမှုခေါ်စာချွန်တော်အမိန့်[၁၄] များအဖြစ် ရှင်းရှင်းလင်းလင်းဖော်ပြရပါမည်။

လက်ရှိကာလ၌ အခြေခံဥပဒေပေါ်ပေါက်ရေးကြိုးပမ်းရာတွင် ပြည်သူလူထု၏ အတိတ်အတွေ့အကြုံများကို ထည့်သွင်းစဉ်းစားရပါမည်။ အခြေခံမူများသည် လူ့အဖွဲ့အစည်း ယခင်ကကြုံခဲ့သော အနိဋ္ဌာရုံများကို ရည်ညွှန်းလျက် အနာဂတ်တွင်ရှောင်ရှားနိုင်ရေးအတွက် တဦးချင်းအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် အုတ်မြစ်ချပေးရပါမည်။ သို့မှသာ အနာဂတ်လူ့ဘောင်တွင် ပြည်သူများ ထပ်မံဒုက္ခခံစားရမည် မဟုတ်တော့ပါ။ ဥပမာ၊ စစ်အစိုးရအဆက်ဆက်၏ အုပ်စိုးမှုအောက်တွင် တိုင်းပြည်တဝှန်း၌ အပြစ်မဲ့ပုဂ္ဂိုလ်များကို စိတ်ထင်သလို ဖမ်းဆီးချုပ်နှောင်ခြင်းသည် ကာလရှည်ကြာစွာ ဖြစ်ပျက်နေခဲ့သည်။ သို့ဖြစ်၍ အနာဂတ်တွင် ပြည်သူတို့၏ ဤအခြေခံ လွတ်လပ်ခွင့်များကို ကာကွယ်နိုင်ရန် အခြေခံဥပဒေကယုံကြည်အားကိုးလောက်သည့် အဆောက်အအုံများ ဖန်တီးတည်ထောင်ပေးရန်လိုအပ်ပါသည်။ ယင်းတို့အနက် အရေးအကြီးဆုံးတခုမှာ တရားစီရင်ရေးအဖွဲ့ဖြစ်သည်။ တရားစီရင်ရေးအဖွဲ့၌ ထိရောက်သည့်အာဏာများရှိရပါမည်။ ဖမ်းဆီးချုပ်နှောင်ခံနေရသည့် အကျဉ်းသားတယောက်ကို လွှတ်ပေးရန် ရှေ့တော်သွင်းစာချွန် တော်အမိန့်ထုတ်ခွင့် အာဏာအပါအဝင်ဖြစ်သည်။ ဤမှုအရလူတယောက်သည် တရားရုံးချုပ်ရှေ့မှောက်သို့ လာရောက်ကာ ဥပဒေနှင့် မလျော်ညီစွာ ချုပ်နှောင်ခံနေရသော မိသားစုဝင်တဦး သို့မဟုတ် မိတ်ဆွေတဦးအတွက် ရှေ့တော်သွင်းစာချွန်တော်အမိန့်ကို လျှောက်ထားနိုင်သည်။ ယင်းသို့ လျှောက်ထားချက်ကိုလက်ခံရရှိလျှင် တရားရုံးချုပ်က ရှေ့တော်သွင်းစာချွန်တော်အမိန့် ထုတ်ပြန်ပြီး အုပ်ချုပ်ရေး အမိန့်၏တရားဝင်မှုကို စစ်ဆေးရန်အတွက် ထိန်းသိမ်းခံနေရသူကို တရားရုံးရှေ့မှောက်ခေါ်လာရန် ဖမ်းဆီးသည့် အရာရှိများအား ညွှန်ကြားသည်။ အကယ်၍ ဖမ်းဆီးထိန်းသိမ်းမှုသည် တရားမဝင်ပါက ဖမ်းဆီးသူအရာရှိများသည် တရားရုံးချုပ်၏ ညွှန်ကြားချက်အတိုင်း မသက်ာမှုဖြင့် ဖမ်းဆီးခံနေရသူများကို ချက်ခြင်းလွှတ်ပေးရမည်ဖြစ်သည်။

## နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ဖြန့်ခွဲခြင်း

နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ဖြန့်ခွဲထားကြောင်း နအဖအခြေခံမူများက ဆိုသည်။ ယင်းမှာ ဝေဝါးဝါးနိုင်ပြီး ပြည်ထောင်စုနှင့် ပြည်ထောင်စုဖွဲ့စည်းရာတွင်ပါဝင်သည့် ယူနစ်များအကြား အငြင်းပွားမှုတို့နှင့် စပ်လျဉ်း၍ မည်သို့မျှဖော်ပြထားခြင်းမရှိပေ။ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအကြောင်း ပြောထားသော်လည်း တရားစီရင်ရေးအဖွဲ့ အခင်းအကျင်းထဲတွင် နေရာပေးမထားချေ။ တရားရုံးချုပ်သည် အယူခံတရားရုံးလား သို့မဟုတ် ပြည်

ထောင်စုတရားရုံးတခုလားဆိုသည်မှာလည်း ရှင်းလင်းခြင်းမရှိပေ။ တရားရုံးချုပ်ကို အခြေခံဥပဒေအား ကာကွယ်စောင့်ထိန်းသူဖြစ်စေမည့် ပြဋ္ဌာန်းချက်များကိုလည်း မတွေ့ရှိရပေ။ ဤအတိုင်းဆိုပါက တရားရုံးချုပ်သည် ဥပဒေကြောင်းအရ သင့်တော်လျောက်ပတ်စွာ စီရင်ဆုံးဖြတ်နိုင်မည့် အခွင့်အာဏာ ရှိမည်မဟုတ်ပေ။ တနည်းအားဖြင့်ပြောရလျှင် အခြေခံဥပဒေဆိုင်ရာ စာချွန်တော်များနှင့် စပ်လျဉ်း၍ ဆင်ခြင်သုံးသပ်နိုင်မည့် အနေအထားမရှိပေ။ ပြည်ထောင်စုလွှတ်တော်မှ ချမှတ်လိုက်သော ဥပဒေများကို ပျက်ပြယ်စေနိုင်မည် မဟုတ်ချေ။ လူ့အခွင့်အရေး ဖောက်ဖျက်မှုများကို ကုစားရေး၊ သက်သာခွင့်ရရှိရေးတို့နှင့် စပ်လျဉ်းသော အခွင့်အာဏာကိုလည်း မတွေ့ရှိရပေ။ ပြည်ထောင်စုတရားရုံးချုပ်သည် ပြည်နယ်များတွင် အမြင့်ဆုံးဖြစ်သော ပြည်နယ်တရားရုံးချုပ်များ[၁၅] အပေါ် ချုပ်ကိုင်နိုင်မည့် အနေအထားရှိမရှိလည်း ဖော်ပြမထားပေ။

အုပ်ချုပ်ရေးဆိုင်ရာခုံရုံးများ၏ စီရင်ပိုင်ခွင့်အာဏာ သို့မဟုတ် ဝန်ထမ်းအခွင့်အရေး ဖောက်ဖျက်ခံရမှုအပေါ် စီရင်ပိုင်ခွင့်အာဏာများနှင့် စပ်လျဉ်း၍လည်း မည်သည့်ပြဋ္ဌာန်းချက်မှမပါရှိချေ။ အတိုချုပ်အားဖြင့်ဆိုလျှင် တရားစီရင်ရေးပိုင်းဆိုင်ရာက ပြန်လည်သုံးသပ်ပိုင်ခွင့် အခွင့်အာဏာ[၁၆] ကို တရားရုံးချုပ်ထံမှ ပြန်လည်ရုပ်သိမ်းခံလိုက်ရပြီဖြစ်သည်။ ထို့ကြောင့် ( နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နောင်တွင်ပေါ်ပေါက်လာမည့် ) တရားစီရင်ရေး အဖွဲ့သည် လက်ရှိ နအဖလက်အောက်မှ အဆင့်အတန်းသို့ ကျဆင်းသွားမည်သာ ဖြစ်ကြောင်းတွေ့ရသည်။

တရားသူကြီးချုပ် သို့မဟုတ် တရားရုံးချုပ်တရားသူကြီးတဦးဖြစ်နိုင်ရန်အတွက် အမည်စာရင်းတင်သွင်းခံရသူသည် ရှေ့နေအဖြစ် အနှစ် ( ၂၀ ) ဆောင်ရွက်ခဲ့ဖူးရမည်ဟု အရည်အချင်းသတ်မှတ်ထားသည်။ ဤသတ်မှတ်ချက်မျိုးကို ကမ္ဘာပေါ်တွင် မည်သည့်နေရာမှာမှ မတွေ့ရပေ၊ ပုံမှန်အားဖြင့် ဆယ်နှစ်သာသတ်မှတ်ကြသည်။ ( ၃ )( င ) က တရားသူကြီးချုပ်နှင့် တရားသူကြီးများသည် နိုင်ငံရေးပါတီဝင်များ ဖြစ်ခွင့်မရှိဟုဆိုထားသည်။ ဤအချက်သည် လုံလောက်ခြင်းမရှိပါ၊ နိုင်ငံရေးထောက်ခံအားပေးသူများလည်း မဖြစ်စေသင့်။ ၎င်းတို့သည် ပါတီနိုင်ငံရေးနှင့်ရော စစ်တပ်အကြီးအကဲများနှင့်ပါ လုံးဝကင်းရှင်းသူများဖြစ်သင့်သည်။ အချက်အမှတ် ( ၈ ) တွင် တရားသူကြီးများ၏ တာဝန်ဝတ္တရား၊ အာဏာနှင့် အခွင့်အရေးများကို ဥပဒေဖြင့် သတ်မှတ်ထားရမည်ဟုဆိုထားသည်။ ဤသည်တို့နှင့်စပ်လျဉ်း၍ အခြေခံဥပဒေတွင် အခြေခံပြဋ္ဌာန်းချက်တချို့ ချမှတ်ထားရန်လိုအပ်သည်။ တရားရုံးချုပ်တရားသူကြီးအားလုံးသည် ပြည်ထောင်စုဝန်ကြီးအဆင့်မဟုတ်ဘဲ ဒုသမတ များနှင့် အဆင့်တူသင့်သည်။ တရားရုံးချုပ်သည် မိမိ၏အုပ်ချုပ်ရေးဝန်ထမ်းများကို မိမိဖာသာခန့်အပ်ပြီး ဝန်ထမ်းစည်းမျဉ်းများကို ရေးဆွဲခွင့်ရှိရပါမည်။

## အပိုင်း ( ၅ )
## အခြေခံလူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ

မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်းဝင် နိုင်ငံတနိုင်ငံအဖြစ် လူ့အခွင့်အရေးများကို လေးစားလိုက်နာရန်နှင့် အားပေးမြှင့်တင်ရန် တာဝန်ရှိသည်။ သို့ရာတွင် နအဖသည်

အခြေခံဥပဒေသစ်ရေးဆွဲရန် ကြိုးပမ်းရာ၌ အခြေခံမူများထဲတွင် အရင်းခံလွတ်လပ်ခွင့်များနှင့်အခြေခံအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးအတွက် ကြိုးစားအားထုတ်ချက်ကို စိုးစဉ်းမျှမတွေ့ရချေ။

## တဦးချင်းအခွင့်အရေးများ

လက်လွတ်စပယ် ဖမ်းဆီးထိန်းသိမ်းခြင်းမှ လွတ်ကင်းခွင့်နှင့် မျှတသည့်တရားစီရင်မှုခံစားပိုင်ခွင့်၊ အများပြည်သူနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်[၁၇] ပုဒ်မ ( ၉ ) တွင် လူပုဂ္ဂိုလ်များကို လက်လွတ်စပယ် ဖမ်းဆီးထိန်းသိမ်းခြင်းမှ အကာအကွယ်ပေးထားပြီး "...... တရားစီရင်ရေးအာဏာကျင့်သုံးရန် ဥပဒေက အခွင့်အာဏာပေးထားသည့် တရားသူကြီး သို့မဟုတ် အခြားအရာရှိ ရှေ့မှောက်သို့ အမြန်ဆုံးခေါ်ဆောင်ခံခွင့်နှင့် ဖြစ်သင့်ဖြစ်ထိုက်သည့်အချိန်တွင် တရားရုံးတင် အမှုစစ်ဆေးခံပိုင်ခွင့် " ကို ပြဋ္ဌာန်းထားသည်။

ထို့အပြင် ထိန်းသိမ်းခံများသည် "မိမိအားချုပ်နှောင်ထိန်းသိမ်းခြင်းမှာ ဥပဒေနှင့် ညီမညီကို နှောင့်နှေးမှုမရှိဘဲ ဆုံးဖြတ်နိုင်ရန်အတွက် တရားရုံးရှေ့မှောက်၌ အမှုကြားနာလျှောက်လဲ" ခွင့်ရှိသည်။ ဤအချက်ကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း ပုဒ်မ ( ၉ ) တွင် ထပ်မံအတည်ပြုထားသည်။ မြန်မာနိုင်ငံသည် အများပြည်သူနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်ကို အတည်ပြုမထားသော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းဝင်တဦးအဖြစ်လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ်လည်းကောင်း မိမိ၏ တာဝန်ဝတ္တရားများကိုမူ ရှောင်လွှဲငြင်းဆန်၍ မရနိုင်ချေ။ ( တရားရုံးချုပ် သို့မဟုတ် တရားရုံးများတွင် ) ရှေ့တော်သွင်းစာချွန်တော်ထုတ်ခွင့် ထည့်သွင်းပြဋ္ဌာန်းရန် ပျက်ကွက်ခြင်းသည် အထွေထွေညီလာခံက ၁၉၈၈ ခုတွင် ချမှတ်ခဲ့သည့် အသွင်အမျိုးမျိုးဖြင့် ထိန်းသိမ်း သို့မဟုတ် အကျဉ်းကျခံပုဂ္ဂိုလ်အားလုံးအား ကာကွယ်စောင့်ရှောက်ရေးမူဝါဒစာကိုယ်တွင်ပါရှိသည့် အနိမ့်ဆုံး နိုင်ငံတကာစံနှုန်းများကို လိုက်နာရန် ပျက်ကွက်ခြင်းပင်ဖြစ်သည်။ ရှေ့တော်သွင်းစာချွန်တော်ထုတ်ခွင့်ကို ပြဋ္ဌာန်းထားမည်ဆိုလျှင် နိုင်ငံသားတယောက်အနေဖြင့် မိမိ ဘာ့ကြောင့်အဖမ်းခံရသည်ကို သိပိုင်ခွင့်ရှိပြီး ပုဂ္ဂလိက လွတ်လပ်မှုအခွင့်အရေးကို အကာအကွယ်ပေးသည်။

အစိုးရနှင့် ဆန့်ကျင်သည့်အမြင်များကို ထုတ်ဖော်ခြင်းကြောင့်သော်လည်းကောင်း၊ အစိုးရနှင့် ဆန့်ကျင်သည့်သဘောထားများ ရှိနေသည်ဟု မသင်္ကာခံရခြင်းကြောင့်သော်လည်းကောင်း၊နိုင်ငံရေးအတိုက်အခံအဖွဲ့များနှင့်အတူ ဆန္ဒပြခြင်း သို့မဟုတ် ပေါင်းသင်းခြင်းကြောင့် သော်လည်းကောင်း၊ လက်လွတ်စပယ် ဖမ်းဆီးထိန်းသိမ်းခြင်းသည် မြန်မာနိုင်ငံတွင် ဖြစ်ရိုးဖြစ်စဉ်ဖြစ်လေသည်။ သို့ဖြစ်၍ နအဖအခြေခံမူ များထဲတွင် နိုင်ငံသားများကို ဥပဒေနှင့် မညီသည့် ဖမ်းဆီးထိန်းသိမ်းမှုမှ အကာအကွယ်ပေးသည့် အစီအမံများ မထည့်သွင်းခြင်းမှာ အရေးကြီးပါသည်။ တမင်တကာ လျစ်လျူရှုမှုတခုအဖြစ် ကြည့်မြင်နိုင်လေသည်။ နိုင်ငံသားများကို ဤကဲ့သို့သော မတရားပြုမှုမှုများမှ အကာအကွယ်ပေးမည့် ပြဋ္ဌာန်းချက်မပါရှိချေ။ ဖြစ်သင့်ဖြစ်ထိုက်သည့် အချိန်ကာလသတ်မှတ်ချက်အတွင်း ဘက်မလိုက်သည့် တရားစီရင်

ရေးအဖွဲ့ဖြင့် အမှုများကို ကြားနာရန် အာမခံချက်ကိုလည်းမတွေ့ရပေ။ သို့ဖြစ်၍ လက်လွတ်စပယ် ဖမ်းဆီးထိန်းသိမ်းမှုများ ဆက်လက်ဖြစ်ပေါ်နေရန် အလားအလာများသည်။ ထို့အပြင် နအဖအခြေခံမူများက တရားမျှတစွာ အမှုစစ်ဆေးခံခွင့်ကိုလည်း မည်သည့် အာမခံချက်မျှ ပေးမထားပါ။

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများ၌ ပြဋ္ဌာန်းချက်များရှိနေသော်လည်း နအဖအခြေခံမူများထဲတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဖော်ပြမထားချေ။ လောလောဆယ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အသွင်သဏ္ဍာန်အားလုံးကို နအဖက တင်းတင်းကြပ်ကြပ်ထိန်းချုပ်ထားသည်။ အစိုးရပေါ်လစီများနှင့် ဆန့်ကျင်ပြီး ထုတ်ဖော်ပြောဆိုသူများကို ပြင်းထန်စွာ အရေးယူသည်။ ထောင်သွင်းအကျဉ်းချခြင်းပင်ခံကြရသည်။ ဤကန့်သတ်ချုပ်ချယ်မှုများသည် စာနယ်ဇင်းနှင့် အခြားမီဒီယာသဏ္ဍာန်များ၊ အီးမေးလ်၊ ဖုန်းနှင့် ဖက်စ်မှတဆင့် ဆက်သွယ်မှု၊ ဂီတဖန်တီးထုတ်ဖော်မှုနှင့် အခြား မျက်စိဖြင့်မြင်တွေ့နိုင်သည့် အနုပညာ ရပ်များ ဖန်တီးထုတ်ဖော်မှုတို့အပေါ် ဆိုးဆိုးဝါးဝါး အကျိုးသက်ရောက်မှုရှိသည်။

## လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့်

လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့်ကို တဦးချင်းအခွင့်အရေးအဖြစ်သော်လည်းကောင်း၊ စုပေါင်းအခွင့်အရေးအဖြစ်သော်လည်းကောင်း ကြည့်မြင်နိုင်သည်။ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် ပုဒ်မ ( ၈ ) က " မည်သူမဆို အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်နှင့် မိမိနှစ်သက်သည့် အလုပ်သမားသမဂ္ဂတွင် ပါဝင်ခွင့် " ကို အာမခံထားပြီး ဤအလုပ်သမားသမဂ္ဂများသည် " ဥပဒေအရ ပြဋ္ဌာန်းထားသည့် ကန့်သတ်ချက်များမှလွဲ၍ အဟန့်အတားမရှိ လွတ်လပ်စွာ ဆောင်ရွက်ခွင့် " ရှိကြောင်း အာမခံထားသည်။

နအဖအခြေခံမူများက လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ကိစ္စကို နှုတ်ဆိတ်နေပြီး ဤအခြေခံလူ့အခွင့်အရေးကို စစ်တပ်မှ ဆက်လက်ဖိနှိပ် ဖျက်ဆီးနိုင်ရန် ခွင့်ပြုလိုင်စင်ပေးနေသည်။ ဤအခွင့်အရေးကို ပိတ်ပင်ခြင်းသည် အစိုးရဆန့်ကျင်ရေးအသင်းအဖွဲ့များ သို့မဟုတ် နိုင်ငံရေးအတိုက်အခံအုပ်စုများ ထောက်ခံမှုမရအောင်နှင့် မငြိမ်မသက်မှု မဖန်တီးနိုင်အောင် တားဆီးထားသည့် နောက်ထပ်နည်းလမ်းတခုဖြစ်သည်။ အကယ်၍သာ မြန်မာနိုင်ငံသည် ဒီမိုကရေစီမူများ လိုက်နာကိုင်စွဲသည့် တိုင်းပြည်အဖြစ်သို့ ဖြစ်ပေါ်တိုးတက်သွားလိုပါက နိုင်ငံရေးအုပ်စုများကို ဖိနှိပ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် အကျဉ်းချမှုများအထိ မကြာ ခဏပင် နှိပ်ကွပ်နေမှုကို ဖယ်ရှားပပျောက်စေရပါမည်။ အနာဂတ်မြန်မာနိုင်ငံအခြေခံဥပဒေက နိုင်ငံရေးအတိုက်အခံအုပ်စုများအနေဖြင့် လက်တုန့်ပြန်ခံရမည်ကို မစိုးရိမ်ရဘဲ လွတ်လပ်စွာရပ်တည်နိုင်ရေးကို အာမခံဖို့လိုအပ်သည်။

## လွတ်လပ်စွာစုဝေးခွင့်

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း ပုဒ်မ ( ၂၀ ) က လူတိုင်းသည် ငြိမ်းချမ်းစွာစုဝေးခွင့် စုရုံးခွင့်ရှိသည်ဟု ဆိုထားသည်။ အများပြည်သူနှင့် နိုင်ငံရေးအခွင့်အရေး များဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်ကလည်း "အမျိုးသားလုံခြုံရေး၊ အများပြည်သူ အန္တရာယ်ကင်းရေး၊ အများပြည်သူအေးချမ်းသာယာရေး၊ အများပြည်သူ့ကျန်းမာရေး၊ ကိုယ်ကျင့်တရားကို ကာကွယ်စောင့်ရှောက်ရေး သို့မဟုတ် အခြားသူများ၏ အခွင့်အရေး များနှင့် လွတ်လပ်မှုများကို ကာကွယ်စောင့်ရှောက်ရေး" တို့အတွက်သာ ဥပဒေနှင့်အညီ ယင်းအခွင့်အရေးအပေါ် ကန့်သတ်ချက်များ ချမှတ်နိုင်သည်ဟုဆိုထားသည်။ သို့ရာတွင် နအဖအခြေခံမူများက လွတ်လပ်စွာစည်းဝေးခွင့်နှင့်ပတ်သက်၍ အသံတိတ်နေသည်။ ဥပဒေ နှင့်ညီသည်ဖြစ်စေ မညီသည်ဖြစ်စေ ၎င်းတို့တားဆီးလိုသော မည်သည့်စုဝေးမှုမဆို အတင်း အဓမ္မနှိပ်ကွပ်နိုင်မည့်အခွင့်အလမ်းကို ပေးထားသည်။ ဤအချက်က မြန်မာပြည်သူများအ နေဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြနိုင်ရေးနှင့် မိမိတို့အမြင်များ ဖော်ထုတ်ပြောဆိုရေးကို ပိတ်ပင်ခြင်း ဖြစ်စေလိမ့်မည်။

## ပုဂ္ဂိုလ်အရေး လွတ်လပ်ခွင့်[၁၈]

နအဖအခြေခံမူများထဲတွင် ပုဂ္ဂိုလ်အရေးလွတ်လပ်ခွင့်နှင့် မိသားစု၊ အိမ်ရာ၊ စာပေးစာယူ တို့အပေါ် ဥပဒေနှင့်မညီသည့် နှောင့်ယှက် စွက်ဖက်မှုမှသော်လည်းကောင်း၊ ဂုဏ်သိက္ခာနှင့် နာမည်ကို တိုက်ခိုက်မှုများမှသော်လည်းကောင်း ကာကွယ်စောင့်ရှောက်ရေးအတွက် မပါရှိ ပေ။ သို့ဖြစ်၍ အာဏာရှိသူများအနေဖြင့် မိမိတို့ဆန္ဒရှိသည့် မည်သူ့အပေါ်တွင်မဆို ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှုများ လွတ်လပ်စွာ ဆောင်ရွက်နိုင်လေသည်။

## အဓမ္မလုပ်အားပေးစေခိုင်းမှု တားမြစ်ရေး

ကျွန်စနစ်မှ ကာကွယ်စောင့်ရှောက်ရေးကို တလောကလုံးဆိုင်ရာ တာဝန်ဝတ္တရား တခုအဖြစ် အသိအမှတ်ပြုထားပြီဖြစ်ကာ နိုင်ငံတကာထုံးတမ်းစဉ်လာဥပဒေအဖြစ် ယူဆ သတ်မှတ်ထားသည်။ ကျွန်စနစ်မှလွတ်မြောက်ရေးကို နိုင်ငံတကာနှင့် ဒေသဆိုင်ရာ စာချုပ် အများအပြားတွင် ထည့်သွင်းထားသည်။ ဥပမာ၊ ၁၉၅၇ ခု အဓမ္မလုပ်အာပေးစနစ် ဖျက်သိမ်း ရေး သဘောတူစာချုပ်နှင့် အခြားစာချုပ်များ။

နအဖသည် အဓမ္မလုပ်အားပေးပေါ်လစီများ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ပြုလုပ်နေ ကြောင်း၊ အထူးသဖြင့် မြန်မာပြည်အနှံ့မှ အခြေခံအဆောက်အအုံ တည်ဆောက်ရေးစီမံ ကိန်းများ၊ စစ်ဆင်ရေးအတွက် ပေါ်တာထမ်းခိုင်းခြင်းများနှင့် လမ်းနှင့်အဆောက်အဦ ထိန်း သိမ်းရေးလုပ်ငန်းများတွင်ဖြစ်ကြောင်း အထောက်အထား မှတ်တမ်းမှတ်ရာများ ကောင်းစွာ ရှိသည်။ ဤကိစ္စသည် ပြည်သူလူထု၏ လူနေမှုဘဝ၊ မိမိတို့မိသားစုများအတွက် အလုပ်လုပ်

ကိုင်ရာဖွေကျွေးမွေးရေးနှင့် ပြုစုစောင့်ရှောက်ရေးအစွမ်းကို ဆက်လက်ပြီး ဆိုးဆိုးဝါးဝါး ထိခိုက်နေစေသည်။ နိုင်ငံရေးအရ ဖိနှိပ်ချိမ်းခြောက်သည့် နည်းလမ်းအဖြစ်သော်လည်းကောင်း၊ စီးပွားရေးဖွံ့ဖြိုးရေးနည်းလမ်း အဖြစ်သော်လည်းကောင်း ကျင့်သုံးခြင်းကို တားဆီးကာကွယ်ရေးသည် အရင်းခံအခွင့်အရေးဖြစ်သဖြင့် မည်သည့် အနာဂတ်မြန်မာ နိုင်ငံအခြေခံဥပဒေမဆို ပြည်သူလူထုအား ယင်းကဲ့သို့ မတရားမှုများမှ ကာကွယ်စောင့်ရှောက်ဖို့ အရေးကြီးသည်။

နအဖက ထိုသို့တားမြစ်ကာကွယ်မှုပေးရန်ပျက်ကွက်ခြင်းသည် မြန်မာပြည်သူတို့အား အနာဂတ်တွင် ဤပုံစံ မတရားမှုများ နောက်ထပ်ကျူးလွန်ခံရစေဖို့ လမ်းဖွင့်ပေးထားခြင်းဖြစ်သည်။ နအဖသည် နိုင်ငံတကာထုံးတမ်းစဉ်လာဥပဒေကို ဖောက်ဖျက်နေပြီး ၎င်းတို့လုပ်ရပ်များကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းက တာဝန်ယူခိုင်းခံရမည့် အလားအလာရှိနေသော်လည်း ဖော်ပြပါအချက်က နအဖအား ၎င်းတို့၏ အဓမ္မလုပ်အားပေးပေါ်လစီများဆောင်ရွက်နိုင်ရန် လမ်းဖွင့်ပေးထားသည်။

## ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်ခွင့်

မြန်မာနိုင်ငံတွင် လက်ရှိစစ်အစိုးရလက်အောက်၌ ပုဂ္ဂလိကပိုင်ဆိုင်ခွင့် အာမခံချက်မရှိပေ။ ပုဂ္ဂလိကပိုင်ပစ္စည်းဖျက်ဆီးမှုနှင့် အတင်းအကြပ်နေရာရွှေ့ပြောင်းမှုများသည် စစ်အစိုးရကျူးလွန်သည့် မတော်မတရားမှု စာရင်းရှည်ကြီးထဲတွင် ဆက်လက်ပါဝင်နေသည်။ အတင်းအကြပ်နေရာရွှေ့ပြောင်းရာတွင် မကြာခဏဖြစ်လေ့ရှိသည့် ပုဂ္ဂလိကပိုင်ပစ္စည်း လုယက်မှုနှင့် ဖျက်ဆီးမှု၊ ပိုင်နက်ကျူးလွန် ဝင်ရောက်မှုနှင့် ဖောက်ထွင်းဝင်ရောက်မှုစသည့် နအဖစစ်သားတို့၏ ကျူးလွန်မှုများအတွက် ကုစားခွင့်မရဘဲ ဆက်လက်ဖြစ်ပွားနေသည်။ ဤဖိနှိပ်ရေးပေါ်လစီများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိတွေ့မြင်နေသော်လည်း နအဖသည် အတင်းအဓမ္မအိုးအိမ်ရွှေ့ပြောင်းမှုများကို နှစ်ပေါင်းများစွာ ဆက်လုပ်နေခဲ့သည်။ ဤလုပ်ဆောင်ချက်များ၏ နောက်ခံအကြောင်းတရားမှာ စစ်တပ်က စီးပွားရေးလုပ်ဆောင်ခွင့်ရရန် သို့မဟုတ် သူပုန်ထမှုရှိနေသည့် နယ်မြေများအပေါ် ထိန်းချုပ်ဖို့ ကြိုးပမ်းရန်တို့နှင့် ပတ်သက်သည်။

ပြန်လည်နေရာချထားမှု၏ နမူနာများမှာ ရွာလုံးကျွတ် မြို့ပြနှင့် ကျေးလက်ဒေသများသို့ အတင်းအကြပ်ရွှေ့ပြောင်းခြင်းဖြစ်ပြီး အချို့ပုံစံများ၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအားပေးမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် "သာယာလှပရေး" စီမံကိန်းများအဖြစ် လူသိများကာ အချို့ပုံစံများ၌ အခြေခံအဆောက်အအုံတည်ဆောက်ရေး အစီအစဉ်များအတွက် သို့မဟုတ် စစ်စခန်းတည်ဆောက်ရေးအတွက် နေရာဖယ်ပေးရခြင်းဖြစ်သည်။ အချို့ပုံစံများတွင်မူ တိုက်ပွဲဖြစ်ရာနယ်မြေများကို ထိန်းချုပ်နိုင်ရန်နှင့် အတိုက်အခံတို့အတွက် အထောက်အခံနှင့် အထောက်အပံ့များ ဖြတ်တောက်ရန် ရွာလုံးကျွတ် ရွှေ့ပြောင်းခြင်းတို့ဖြစ်သည်။

အနာဂတ်အခြေခံဥပဒေ၌ ပြည်သူလူထု၏ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ပြီး ပုဂ္ဂလိကပစ္စည်းကို ဥပဒေမဲ့သိမ်းဆည်းခြင်း ( သို့ ) ပျက်စီးစေခြင်းမှ ကာကွယ်ပေးရန်မှာ မြန်မာနိုင်ငံအခြေအနေအရ အထူးတလည်လိုအပ်နေသည်။ အကယ်၍ ဥပဒေနှင့်

အညီ အိုးအိမ်ရွှေ့ပြောင်းစေမှု လိုအပ်လာပါက လျော်ကြေးရပိုင်ခွင့်ရှိရန်လည်း အထူးအရေးကြီးသည်။ ဤပြဋ္ဌာန်းချက်များကို အနာဂတ်အခြေခံဥပဒေတွင် မထည့်သွင်းပါက အကြီးအကျယ် အစုလိုက်အပြုံလိုက် မတရားအတင်းအကြပ် အိုးအိမ်ရွှေ့ပြောင်းမှုများ ဆက်ဖြစ်ဖို့ အလားအလာများသည်။ နအဖအခြေခံမူများထဲတွင် ဤသို့ သတိပြုစရာလိုအပ်ချက်များကို ထည့်သွင်း မထားခြင်းသည် အထူးစိုးရိမ်ဖွယ်ဖြစ်သည်။

## ပုဂ္ဂလိကစာသင်ကျောင်း ထူထောင်ခွင့်

ပုဂ္ဂလိကစာသင်ကျောင်းများတည်ထောင်ခွင့်ကို စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်တွင် ထည့်သွင်းထားသည်။ ပုံမှန်အားဖြင့် နိုင်ငံတခု၏အခြေခံမူများထဲ၌ ဤအခွင့်အရေးကို ဖော်ပြကြသော်လည်း နအဖကမူ ၎င်း၏ အခြေခံမူများထဲတွင် မည်သည့်ပညာရေးကိစ္စကိုမှ ထည့်သွင်းမထားဘဲ ပြည်သူပြည်သားများ၏ ပညာရေးကို နိုင်ငံတော်လုပ်သမျှခံဖို့သာ ဖြစ်စေသည်မှာ အံ့သြစရာမရှိပါ။

အခြေခံမူများထဲ၌ ပညာရေးအခွင့်အရေးများ ကာကွယ်ထိန်းသိမ်းဖို့ ပြဋ္ဌာန်းချက်များ မပါခြင်းသည် စိုးရိမ်ထိတ်လန့်စရာကောင်းလှသည်။ အထူးသဖြင့် ပညာရေးဌာနများကို နှိပ်ကွပ်ခြင်းနှင့်ပတ်သက်၍ နအဖ၏ နာမည်ပျက်မှု၊ ပညာရပ်ပိုင်း လေ့လာရေးအတွက် ရှိသမျှသော ဘာသာရပ်များအပေါ် ၎င်းတို့၏ ကန့်သတ်ချက်များကို လေ့လာကြည့်ပါက စိုးရိမ်ဘွယ်ပင်ဖြစ်သည်။ နာမည်အကြီးဆုံးကျောင်းများ၌ ဝင်ခွင့်ရခြင်း၊ ပညာသင်ဆုနှင့် နိုင်ငံခြားပညာတော်သင်အခွင့်အလမ်းများကို ရေပေါ်ဆီ အထက်လွှာအတွက်၊ အထူးသဖြင့် စစ်တပ်အဆက်အသွယ်ရှိသူများအတွက် သီးသန့်ထားရှိသည်။ စစ်တပ်၏ ရပ်တည်ရှင်သန်ရေးကို ခြိမ်းခြောက်မည့် ကျောင်းသားများ၏အန္တရာယ်ကို တန်ပြန်နိုင်ရန် လုံးပမ်းသည့်အနေဖြင့် နအဖသည် ကျောင်းသားများနှင့်ဆရာများကို စနစ်တကျနှိပ်ကွပ်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ နအဖ၏ အာဏာချုပ်ကိုင်ထားမှု လျော့ကျသွားစေနိုင်သည့် မည်သို့သော မလိုလားအပ်သည့် အနှောင့်အယှက် (သို့) ဆူပူမှုမျိုးကိုမဆို ဟန့်တားနိုင်ရန် အတွက်ဖြစ်သည်။

၂၀၀၀ ခုနှစ်၊ ဇူလိုင်လတွင် အချို့တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း ပညာရေးကို နှောင့်ယှက်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။ တက္ကသိုလ်အများအပြားသည် ဝေးလံလှသောနေရာများသို့ အရွှေ့ခံခဲ့ရကာ ကျောင်းဆောင်ဘော်ဒါ နေခွင့်လည်းမပေး၊ သင်ကြားမှုများမှာလည်း အကန့်အသတ်ရှိပြီး ဈေးအလွန်ကြီးသည့်အတွက် သာမန်ပြည်သူပြည်သားများအဖို့ ကျောင်းတက်ရန် အခက်အခဲအလွန်ကြီးသောကြောင့် ကျောင်းသားအများစုမှာ ပညာရေးကို လက်လှမ်းမမီနိုင်ကြပေ။ ဤအကြောင်းရင်းများနှင့် မြန်မာပြည်တွင်ရနိုင်သည့် ပညာရေးအဆင့်အတန်း နိမ့်ကျမှုတို့ကြောင့် မြန်မာတို့သည် ပညာရေးအဆင့်အတန်း တိုးတက်စေရန်အတွက်လည်းကောင်း၊ လေ့လာသင်ယူနိုင်မည့် ဘာသာရပ်နယ်ပယ် ပိုမိုကျယ်ဝန်းလာအောင် ချဲ့နိုင်ရန်အတွက်လည်းကောင်း ပုဂ္ဂလိကပညာသင်ဌာနများ တည်ထောင်ခွင့် ရလိုခြင်းဖြစ်သည်။

## စုပေါင်းအခွင့်အရေးများကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

ကုလသမဂ္ဂပဋိညာဉ်စာတမ်း ပုဒ်မ ( ၁ ) ( ၂ ) နှင့် ( ၅၅ ) တွင် "လူမျိုးများ၏ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" မူကို အတိအလင်းဖော်ပြထားသည်။ ဤပြဋ္ဌာန်းချက်များသည် အတန်ငယ်ဝေဝါးပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏ ဥပဒေအကျိုးဆက်များကို ရှင်းလင်းပြမထားသဖြင့် ဤပြဋ္ဌာန်းချက်များသက်သက်ဖြင့် ဥပဒေကြောင်းအရ မလွဲမသွေဖြစ်သော တာဝန်ပိုင်းကို ဖန်တီးခြင်းရှိမရှိ မသေမချာဖြစ်နေစေသည်။ သို့သော်လည်း ဤအခွင့်အရေးကို အများပြည်သူနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘော တူစာချုပ်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်များ၏ ဘုံပုဒ်မ ( ၁ ) တွင်လည်း ထည့်သွင်းထားသည်။

ကိုယ်ပိုင်အုပ်ချုပ်ရေးမရှိသောနယ်မြေများ (ကိုလိုနီများ)၊ လွှဲအပ်ခံနယ်မြေများ (ပထမကမ္ဘာစစ်အပြီး နိုင်ငံပေါင်းချုပ်အသင်းမှ နိုင်ငံတနိုင်ငံသို့ ယာယီအုပ်ချုပ်ရန် အပ်နှံထားသောနယ်မြေ)၊ ဂေါပကထိန်းသိမ်းနယ်မြေများ (လွှဲအပ်ခံနယ်မြေကို အခြေခံ၍ ဖြစ်လာသော နယ်မြေများ) ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို နိုင်ငံတကာဥပဒေ၏ အခြေခံမူတခုအဖြစ် နိုင်ငံများကလိုက်နာကျင့်သုံးကြသည်။

ဤမူကို မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့် ကမ္ဘာ့စံအဆင့်အတန်းအဖြစ်ပင် သတ်မှတ်ထားသည်။ သို့ရာတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးမရှိသော နယ်မြေများ၊ ဂေါပကထိန်းနယ်မြေများ (သို့) လွှဲအပ်ခံနယ်မြေများ လက္ခဏာနှင့်အံမဝင်သည့် မြန်မာပြည်ကဲ့သို့ သောနိုင်ငံ၌ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကျင့်သုံးရေးမှာမူ တနည်းတဖုံအားဖြင့် ပို၍မရေမရာဖြစ်နေသည်။

ဤမူကို အရင်းခံအခွင့်အရေးတခုအဖြစ် အသိအမှတ်ပြုထားသော်လည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဖြစ်ပေါ်တိုးတက်မှုသည် ယေဘုယျ အားဖြင့် ခွဲထွက်ရေးအကျိုးဆက်ကို တရားဝင်ဖြစ်မလာစေခဲ့ပေ။ ဤအချက်ကို အထွေထွေညီလာခံက ၁၉၇၀ ခုတွင် ရှင်းလင်းခဲ့ရာ၌ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မူသည် "လူမျိုးများ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မူနှင့်အညီ ကျင့်သုံးရပ်တည်နေသော လွတ်လပ်သည့်နိုင်ငံများကို စိတ်ပိုင်းဖွဲ့ထုတ်မည့် မည်သည့်လုပ်ရပ်မဆို" အကျုံးမဝင်ဟု ကြေညာခဲ့သည်။

'လူမျိုးအားလုံး' အဆက်မပြတ်ကျင့်သုံးနိုင်သည်ဟု ဆိုထားသော နိုင်ငံတကာသဘောတူစာချုပ်နှစ်ခု၏ ပုဒ်မ ( ၁ ) အရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ထူထောင်ထားနှင့်ပြီးသော နိုင်ငံဖွဲ့စည်းမှုအတွင်း၌ ကိုယ်ပိုင်အုပ်ချုပ်ရေးသဏ္ဌာန် တမျိုးမျိုး ကျင့်သုံးခွင့်အဖြစ် အဓိပ္ပါယ်ပြန်နိုင်သည်။ ဥပမာအားဖြင့် နိုင်ငံရေးအဆင့်အတန်း သတ်မှတ်ပြဋ္ဌာန်းခွင့်၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ခွင့် စသည်တို့ဖြစ်သည်။ ဤအချက်ကို အများပြည်သူနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူ စာချုပ် ပုဒ်မ ( ၂၇ ) က ထောက်ခံထားသည်။ ယင်းပုဒ်မက လူနည်းစုများအနေဖြင့် အကန့်အသတ်ရှိရှိ " မိမိတို့ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ ကျင့်သုံးခံစားနိုင်ခွင့်၊ သို့မဟုတ် မိမိတို့ကိုယ်ပိုင်ဘာသာရေးကို ကိုးကွယ်ကျင့်ကြံနိုင်ခွင့်၊ သို့မဟုတ် မိမိတို့ကိုယ်ပိုင်ဘာသာစကား သုံးစွဲနိုင်ခွင့် " ကို ထောက်ခံထားသည်။ မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုးကွဲပြားမှု များလှသောတိုင်း

ပြည်တပြည်အတွက် ခွဲထွက်ခွင့်မပါသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံရေးသည် အထူး အရေးကြီးလှသည်။

## လူနည်းစုအခွင့်အရေးများ

အများပြည်သူနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်ပုဒ်မ ( ၂၇ ) အရ လူမျိုးအရ သို့မဟုတ် ဘာသာရေးအရ သို့မဟုတ် ဘာသာစကားအရ လူနည်းစုများတည်ရှိနေသည့် နိုင်ငံများတွင် ၎င်းလူနည်းစုဝင်ပုဂ္ဂိုလ်များအတွက် အခြားမိမိအုပ်စုဝင်များနှင့်အတူတကွ အသိုင်းအဝိုင်းဖွဲ့ကာ မိမိတို့ယဉ်ကျေးမှုဓလေ့ ကျင့်သုံး ခံစားခွင့် သို့မဟုတ် မိမိတို့ကိုယ်ပိုင်အယူဝါဒ ကိုးကွယ်ကျင့်ကြံခွင့် သို့မဟုတ် မိမိတို့ကိုယ်ပိုင်ဘာသာစကား သုံးစွဲခွင့်ကို မပိတ်ပင်ရ။

ဤပြဋ္ဌာန်းချက်မှာ ခွဲခြားဆက်ဆံမှုမပြုရေး အထွေထွေစည်းမျဉ်းများကို အခြေခံ တည်ဆောက်ထားခြင်းဖြစ်ပြီး ယင်းတို့ ကို တဦးချင်းအခွင့်အရေးများအဖြစ် ဖော်ထုတ်ရေးဆွဲ ထားသည်။ တနည်းအားဖြင့် စုပေါင်းအခွင့်အရေးအဖြစ် မဟုတ်ဘဲ လူနည်းစုဝင် ပုဂ္ဂိုလ်များ၏ အခွင့်အရေးများအဖြစ် ရေးဆွဲထားသည်။ သို့ရာတွင် မကြာသေးမီကာလများအတွင်း ပိုမို၍ အုပ်စုအခြေပြု သဘောထားဘက်ဆီ တိမ်းညွတ်မှုရှိလာခဲ့သည်။ လူနည်းစုအခွင့်အရေးများကို ၁၉၉၂ ခု လူနည်းစုများဆိုင်ရာ ကုလသမဂ္ဂကြေညာချက်တွင် ပိုမိုတိတိကျကျ ထည့်သွင်းထားသည်။ ဤစာချုပ်စာတမ်းများက လူနည်းစုများကို အခွင့်အရေးများ ပေးအပ်ထားသော်လည်း နိုင်ငံ၏နယ်မြေတည်တံ့ပြည့်စုံမှုကို အလေးပေးထားသည်။

အများပြည်သူနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် ပုဒ်မ ( ၂၇ ) တွင် ဖော်ပြထားသည့် အထက်ပါအခွင့်အရေးများကို နအဖအခြေခံမူများက ကာကွယ်ပေးဖို့ ပျက်ကွက်ခြင်းသည် တိုင်းရင်းသားလူနည်းစုများ၏ နိုင်ငံရေးနှင့် လူမှုရေး တန်းတူညီမျှမှုကို တသမတ်တည်း ငြင်းပယ်လျစ်လျူရှုနိုင်ရန် နအဖအား လိုင်စင်ပေးခြင်းဖြစ်သည်။ ယင်းလူနည်းစုများ မိမိတို့၏ ယဉ်ကျေးမှုသရုပ်လက္ခဏာများကို ထိန်းသိမ်းထားနိုင်ခွင့်ကို နှိပ်ကွပ်ပစ်ရန် အခွင့်အလမ်းလည်းပေးခြင်းဖြစ်သည်။ ပြည်သူ့လွှတ်တော်၊ လူမျိုးစုလွှတ်တော်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များအားလုံးတွင် စစ်တပ်နှင့် စစ်တပ်ထောက်ခံသူများလွှမ်းမိုးဖို့ သေချာနေပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၌ ဥပဒေပြု ( သို့ ) အုပ်ချုပ်ရေးအာဏာရှိမည် မရှိမည်မှာလည်း သေချာမှုမရှိချေ။ တိုင်းရင်းသား လူမျိုးစုဝင်များနှင့်သက်ဆိုင်သည့် အသေးစိတ်အချက် အများအပြားကို ရှင်းလင်းဖော်ပြမထားခြင်းနှင့် နိုင်ငံရေးအရ တန်းတူပါဝင်ဆောင်ရွက်မှုအပိုင်းကို ပြဋ္ဌာန်းမထားခြင်းတို့ကြောင့် ယခုအဆိုပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ၎င်းအခွင့်အရေးများ အာမခံချက်မရှိဟု ယူဆရန်သာရှိတော့သည်။

မြန်မာနိုင်ငံတွင် အမျိုးမျိုးကွဲပြားနေသည့် တိုင်းရင်းသားလူနည်းစုအမြောက်အမြား ရှိသည်။ ၎င်းတို့အနက်တချို့သည် အစိုးရနှင့် ရေရှည်စစ်ပွဲ ဆင်နွှဲနေဆဲဖြစ်သည်။ အခြေခံဥပဒေထဲ၌ တိုင်းရင်းသားလူနည်းစုများကို ဆက်လက်ဖိနှိပ်ရန် အခွင့်အလမ်းပေးထားခြင်း

ကို လက်သင့်ခံနိုင်စရာမရှိ၊ နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့်လည်း မကိုက်ညီပေ။ လူနည်းစုအခွင့်အရေးများကို အာမခံသည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းရန် ပျက်ကွက်ခြင်းမှာ လူနည်းစုများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများ အသေအချာရစေဖို့အတွက် နအဖသည် မိမိတို့၏ လက်ရှိအနေအထားကို ယိမ်းယိုင်ခံရန် ရည်ရွယ်ချက်မရှိကြောင်း အဓိပ္ပါယ်ကောက် နိုင်ပါသည်။

လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ နိုင်ငံတကာဥပဒေနှင့်ပတ်သက်သည့် *(မှတ်ချက် – လူသားချင်းစာနာရေးထောက်ထားရေးဆိုင်ရာ နိုင်ငံတကာဥပဒေက စစ်ပွဲ ဝင်ရေးနှင့်ပတ်သက်သည့် ဥပဒေများ၊ စစ်ပွဲတွင်းလိုက်နာကျင့်သုံးရန် ဥပဒေများကို ပြဋ္ဌာန်း သည်။)* လူသိအများဆုံး လူသားချင်းစာနာထောက်ထားရေးဥပဒေမှာ ၁၉၄၉ ခု ဂျီနီဗာစာ ချုပ်များဖြစ်ပြီး ယင်းတို့မှာ တကယ်တမ်းအားဖြင့် နိုင်ငံအားလုံးက အတည်ပြုထားသည့် သဘောရှိသည်။ ဂျနီဗာစာချုပ်များနှင့် ၁၉၇၇ ခု ထပ်ဆင့်သဘောတူချက်နှစ်ခုက စစ်ပွဲအ တွင်း အနိမ့်ဆုံးထားရမည့် လူသားချင်းစာနာရေးစံနှုန်းများ သတ်မှတ်နိုင်ရန် အခြေခံမှုများ ချမှတ်ပေးသည်။ ၎င်းစာချုပ်ရာ၌ ပါဝင်သည်ဖြစ်စေ မပါဝင်သည်ဖြစ်စေ မည်သည့် နိုင်ငံကမှ ယင်းမှုများကို ဖောက်ဖျက်ခွင့်မရှိချေ။ ဤအခြေခံမှုများထဲ၌ စစ်သားနှင့် အရပ်သားခွဲခြားရေးမှု (အရပ်သားများကို တည့်တည့်ချိန်ရွယ်ပစ်မှတ်မထားရန်)၊ သူ့အိုး သူ့ဆန်မျှတရေးမှု (ရည် မှန်းချက်နှင့်ကိုက်ညီသည့် စစ်ရေးဆောင်ရွက်မှု)၊ မလိုအပ်ဘဲ ဒုက္ခရောက်ခြင်းကို တားမြစ် ရေးမှု (စစ်ရေးအရ အသာစီးမရစေသည့် ဒုက္ခရောက်မှု) နှင့် တိုက်ခိုက်မှုများထဲ မပါဝင်သူ များကို ကာကွယ်စောင့်ရှောက်ရေးမှု ( ဖျားနာ၊ ဒဏ်ရာရ၊ သုံ့ပန်း၊ အရပ်သား) တို့ပါဝင်သည်။

နိုင်ငံတကာလူသားချင်းစာနာရေးဥပဒေကို လေးစားလိုက်နာရေးသည် ဆယ်စုနှစ်ငါးခု နီးပါး တိုင်းရင်းသားလူနည်းစုများကို ပြည်တွင်းစစ်ဆင်နွှဲနေသည့် မြန်မာနိုင်ငံအတွက် အထူး တလည်အရေးပါလှသည်။ ဂျနီဗာစာချုပ်များ၏ ဘုံပုဒ်မ ( ၃ ) သည် နိုင်ငံတကာ ထုံးတမ်းစဉ် လာဥပဒေအဆင့်အတန်းရှိပြီး “ လူသားချင်းစာနာရေးဥပဒေ၏ အခြေခံအထွေထွေပြဋ္ဌာန်း ချက် ” တခုအဖြစ် အသိအမှတ်ပြုခံရသည်။ ထို့ကြောင့် ဤဥပဒေသည် စာချုပ်ကို အတည် ပြုထားသည်ဖြစ်စေ၊ မပြုထားသည်ဖြစ်စေ နိုင်ငံအားလုံးအပေါ်တွင် အာဏာ သက်ရောက် နေသည်။ စာချုပ်ဝင်နိုင်ငံများသည် ၎င်းစည်းမျဉ်းများ ဖောက်ဖျက်ခြင်းကို အပြစ်ဒဏ်ပေး သည့်ဥပဒေထုတ်ပြန်ရန်၊ ဖောက်ဖျက်သူများကို အပြစ်ပေးရန် တာဝန်ရှိသလို ယင်းပြဋ္ဌာန်း ချက်များ လက်နက်ကိုင်တပ်ဖွဲ့များအတွင်း ပျံ့နှံ့စေဖို့လည်း တာဝန်ရှိသည်။ နအဖအခြေခံ မှုများတွင် စစ်ပွဲကိုထိန်းကွပ်သည့် ဤမှုများကို လေးစားလိုက်နာ အကောင်အထည်ဖော်ဖို့ တာဝန်ရှိမှုကြောင်း လုံးဝပြောမထားပေ။ ထို့ကြောင့် စစ်ပွဲဆင်နွှဲနေသောနိုင်ငံတွင် ပေါ်ပေါက် ဖို့အလားအလာရှိသော မတရားကျူးလွန်မှုများ၊ ဖောက်ဖျက်မှုများကို တားဆီးပိတ်ပင်မည့် အထိမ်းအကွပ်များ ချမထားသလို နိုင်ငံတကာကြက်ခြေနီကော်မတီ၏ အထူးအနေအထား ကိုလေးစားရန် ပြဋ္ဌာန်းချက်များလည်း လုံးဝမပါရှိပေ။

## အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုအသွင်အားလုံးဖျက်သိမ်းရေးနိုင်ငံတကာသဘောတူစာချုပ်နှင့်ကလေးအခွင့်အရေးဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ်

နအဖသည် ၁၉၇၉ ခု အမျိုးသမီးများအပေါ်ခွဲခြားဆက်ဆံမှုအသွင်အားလုံး ဖျက်သိမ်းရေး နိုင်ငံတကာသဘောတူစာချုပ်နှင့် ၁၉၈၉ ခု ကလေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်တို့အရ ၎င်းတို့၏တာဝန်ရှိမှုကို လိုက်နာအကောင်အထည် ဖော်နိုင်မည့် အစီအမံများ အခြေခံမူများထဲ၌ ထည့်သွင်းအာမခံရန်ပျက်ကွက်ခဲ့သည်။

၎င်းစာချုပ်နှစ်ခုကို အတည်ပြုပြီးကတည်းက မြန်မာနိုင်ငံသည် စာချုပ်နှစ်ခုလုံး၏ အနှစ်သာရကို အကောင်အထည်ဖော်ရန် မည်သို့မျှလုပ်ဆောင်ခဲ့ခြင်းမရှိချေ။ ၎င်းအချက်က နိုင်ငံတိုင်းသည် မိမိတို့အတည်ပြုထားသော စာချုပ်များကို အကျိုးသက်ရောက်မှုရှိစေရန် ပြည်တွင်းအဆင့်၌ လိုအပ်သလို ခြေလှမ်းများလှမ်းရမည်၊ သို့မဟုတ်ပါက စာချုပ်ကို ထိရောက်စွာအကောင်အထည်ဖော်ရေး ပျက်ပြားသွားလိမ့် မည်ဟူသောမူကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည်။ နအဖအခြေခံမူများသည် ယင်းစာချုပ်များအောက်မှ မြန်မာနိုင်ငံ၏ တာဝန်ရှိမှုများနှင့် မကိုက်ညီချေ။ ယင်းစာချုပ်များအောက်မှ တာဝန်ရှိမှုများကို ဖြည့်ဆီးရန် အာမခံမည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းမထားခြင်းသည် အထက်ပါမူများကို ငြင်းပယ်ရှောင်ရှားရန် အခြေအမြစ်တခုဖြစ်လာနိုင်သည်။

ကမ္ဘာပေါ်တွင် ကလေးစစ်သားအများဆုံး အသုံးပြုနေသည်ဟု မှတ်တမ်းဝင်နေသော လူ့အဖွဲ့အစည်းတခုတွင် ကလေးများကို ကာကွယ်စောင့်ရှောက်ရေးသည် အထူးပင်အခြေခံကျပါသည်။ နအဖစစ်တပ်ကရော လက်နက်ကိုင်အတိုက်အခံအဖွဲ့များပါ ကလေးစစ်သားများကို မိမိတို့၏လုပ်ရှားမှုများတွင် သုံးစွဲကြောင်း မှတ်တမ်းတင်ခံရသည်။ အချို့ကလေးများမှာ ဆန္ဒအလျောက် စစ်မှုထမ်း နေကြသော်လည်း အခြားကလေးများမှာမူ အတင်းအကြပ်စစ်ထဲသွင်းခံရသူများဖြစ်ကြသည်။ မည်သည့်အတန်းအစားထဲပါသည်ဖြစ်စေ အများအပြားမှာ အသက် ( ၁၈ ) နှစ်အောက်ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် ကလေးစစ်သားများ စုဆောင်းမှု တောက်လျှောက်ဆက်ဖြစ်နေခြင်းကိုအားပေးသည့် အကြောင်းအချက်အတော်များများရှိသည်။ ထိုအကြောင်းအချက်များမှာ ပညာရေးအခွင့်အလမ်းများ ချို့တဲ့နေခြင်း၊ ပြည်တွင်း အိုးအိမ် ရွှေ့ပြောင်းခံရမှု ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေခြင်း၊ စီးပွားရေးအခက်အခဲများ ကြုံတွေ့ရခြင်းနှင့် ပြည်တွင်းစစ်ဆက်လက်ဖြစ်နေခြင်းတို့ဖြစ်သည်။ ကလေးစစ်သားဖြစ်လာသူများသည် " လူသားမိုင်းရှင်းကရိယာများအဖြစ်သော်လည်းကောင်း၊ အသေခံစစ်ဆင်ရေးများတွင်သော်လည်းကောင်း၊ ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်ရာတွင်သော်လည်းကောင်း၊ သူလျှို၊ ဆက်သား၊ ကင်းသမားများအဖြစ်သော်လည်းကောင်း၊ တကယ့်တိုက်ပွဲတိုက်ရာ၌သော်လည်းကောင်း ပါဝင်လုပ်ဆောင်ကြရသည်။ "

၁၉၉၁ ခု၊ ဇူလိုင်လတွင် မြန်မာနိုင်ငံက အတည်ပြုခဲ့သည့် ကလေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်အရ စာချုပ်ဝင်နိုင်ငံများသည် " အသက်တဆယ့်ငါးနှစ် မပြည့်သေးသူများကို မိမိလက်နက်ကိုင်တပ်ဖွဲ့များအတွင်း တပ်သားစုဆောင်းခြင်းမပြုရန်" အတိအကျတောင်းဆိုထားသည်။ ထို့အပြင် " အသက်တဆယ့်ငါးနှစ် မပြည့်သေးသူများကို တိုက်ပွဲများတွင် အတိအလင်းပါဝင်ဆောင်ရွက်ခြင်းမပြုစေရေး အာမခံမည့် ယုံကြည်စိတ်

ချလောက်သော အစီအမံများထားရှိဖို့ ” လည်းတာဝန်ရှိသည်။ နိုင်ငံတကာဥပဒေနှင့် မြန်မာပြည်၏ တပ်မတော်အက်ဥပဒေတို့အရ ဤသို့သောတာဝန်များရှိသော်လည်း မြန်မာနိုင်ငံသည် ဤတောင်းဆိုမှုများကို လိုက်နာရန်ပျက်ကွက်နေသည်။ သို့ဖြစ်၍ စာချုပ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ရေးကို ဖျက်ဆီးလျှက်ရှိသည်။

မြန်မာနိုင်ငံသည် လွန်ခဲ့သော ခုနစ်နှစ်နီးပါးက အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုအသွင်အားလုံး ဖျက်သိမ်းရေး နိုင်ငံတကာသဘောတူစာချုပ်ကို အတည်ပြုခဲ့သော်လည်း ၎င်းပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဖို့ ခြေလှမ်းကိုမူ အနည်းငယ်မျှသာ လှမ်းခဲ့သည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် ပညာသင်ယူရေးဘက်တွင် မညီမျှမှုခံစားနေရဆဲဖြစ်သည်၊ ကျန်းမာရေးစောင့်ရှောက်မှု အလုံအလောက်မရ၊ မိသားစုစီမံကိန်းနည်းနာများနှင့် အလှမ်းဝေးနေဆဲဖြစ်သည်။ အမျိုးသမီးများသည် လူ့အခွင့်အရေးဖောက်ဖျက်မှုများကို ဆက်လက်ကြုံတွေ့နေရသည်။ အဓိကအားဖြင့် လိင်ကိစ္စဆိုင်ရာ အကြမ်းဖက်မှု၊ မုဒိမ်းမှု၊ လူကုန်ကူးမှု၊ အဓမ္မလုပ်အားပေးခိုင်းစေမှု၊ အတင်းအကြပ် အိုးအိမ်ရွှေ့ပြောင်းမှုများကို စီးပွားရေးနှင့် နိုင်ငံရေးအခွင့်အရေးများ တောက်လျှောက် ဖိနှိပ်ချုပ်ချယ်ခံနေရခြင်းနှင့်အတူ ကြုံတွေ့နေရသည်။ မြန်မာပြည်အခြေအနေနှင့် အထူးတလည် သက်ဆိုင်နေသော ဤအရေးပါသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ နအဖအခြေခံမူများက နုတ်ဆိတ်နေခြင်းသည် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုအသွင်အားလုံး ဖျက်သိမ်းရေး နိုင်ငံတကာသဘောတူစာချုပ်အရ ၎င်းတို့၏ တာဝန်ရှိမှုများအား လုံးဝဂရုမစိုက်ခြင်းကို ပြသနေသည်။

## နိဂုံး

ဤပိုင်းခြားစိတ်ဖြာချက်အကျဉ်းကိုကြည့်လျှင် နအဖ၏ အခြေခံမူများသည် နိုင်ငံတကာလူ့အခွင့်အရေးစံများနှင့်လည်းကောင်း၊ စာချုပ်ဝင်နိုင်ငံတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ တာဝန်များနှင့်လည်းကောင်း မကိုက်ညီသည်မှာ ထင်ရှားနေသဖြင့် ပယ်ချသင့်ပေသည်။ ဤမူများကို လက်တွေ့ကျင့်သုံးပါက မြန်မာပြည်သူတို့၏ အခွင့်အရေးများနှင့် အခြေခံလွတ်လပ်မှုများကို ဆိုးဆိုးဝါးဝါး ဖိနှိပ်ခံရမည်သာမက နိုင်ငံတကာအသိုင်းအဝိုင်းတခုလုံး၏ အရင်းခံအကျိုးစီးပွားများ၊ တနည်းအားဖြင့် နိုင်ငံအားလုံး၏ အခွင့်အရေးများကိုပါ ထိခိုက်စေလိမ့်မည်ဖြစ်သည်။ မိမိ၏ စီရင်ပိုင်ခွင့်နယ်မြေအတွင်းရှိသူများ၏ အခွင့်အရေးများကို လေးစားထောက်ခံရန်မှာ မြန်မာနိုင်ငံ၏ နိုင်ငံတကာတာဝန်ဖြစ်သဖြင့် မြန်မာပြည်သူတို့သည် ယခင်က နအဖကျူးလွန်ခဲ့သော လူ့အခွင့်အရေး ဖောက်ဖျက်မှုများ ထပ်ကျော့ဖြစ်မလာစေရေးအတွက် အာမခံချက်များရထိုက်ပါသည်။ လူ့အခွင့်အရေးကိစ္စနှင့်ပတ်သက်၍ အသံတိတ်နေခြင်းသည် ရည်ရွယ်ချက်ရှိရှိ ချန်လှပ်ထားသည့်လုပ်ရပ်တခု၊ သိသာထင်ရှားသည့် ဥပေက္ခာပြုလုပ်ရပ်တခုဖြစ်ပုံရသည်။ အခြေခံမူများသည် နိုင်ငံတကာစံနှုန်းများနှင့် အလွန်မှကွာခြားလွန်းလှသဖြင့် ယင်းမူတို့၏ မပြည့်ဝမှုကို အလွယ်တကူပင်သိမြင်နိုင်ပါသည်။

ဤအခြေခံမူများကို ရေးဆွဲရာ၌ နအဖ၏ အဓိကရည်ရွယ်ချက်မှာ ၎င်း၏ အာဏာချုပ်ကိုင်မှုနှင့် ပြည်သူလူထုအပေါ် ထိန်းချုပ်မှုကို ခိုင်မာသေချာစေရန်ဖြစ်သည်မှာ ထင်ရှားနေသည်။ အခြေခံဥပဒေတခုသည် မိမိနိုင်ငံသားတို့၏ အခြေခံအခွင့်အရေးများကို မကာ

ကွယ်မစောင့်ရှောက်နိုင်လျှင် အစိုးရ၏ မတရားလုပ်မှုနှင့် နှောင့်ယှက်စွက်ဖက်မှုကို ဟန့်တားနိုင်မည့် အကာအကွယ်များ ရှိလိမ့်မည်မဟုတ်ပေ။ အခြေခံဥပဒေထားရှိရခြင်း၏ အဓိကရည်ရွယ်ချက်တခုမှာ နိုင်ငံတော်အာဏာအား ကန့်သတ်မှုများပြုရန်ဖြစ်သည်။ သို့သော်လည်း နအဖအခြေခံမူများကမူ ၎င်းတို့အကျိုးစီးပွားများကို ပြည်သူလူထု၏ လိုအင်ဆန္ဒများနှင့် အခြေခံလွတ်လပ်ခွင့်များအထက်တွင် ထားရန်သာဖြစ်ကြောင်း ပေါ်လွင်နေပါသည်။ ၎င်းတို့၏ပေါ်လစီများကိုရေးဆွဲဖော်ထုတ်ရာတွင် ဦးစွာအားဖြင့် ၎င်းတို့၏ ကိုယ်ပိုင်အကျိုးစီးပွားများကို ခိုင်မာသေချာအောင်လုပ်ပြီးမှ ဒုတိယ အဆင့်အဖြစ် ပြည်သူလူထုအကျိုးစီးပွားများကို အနည်းငယ်လေးမျှသာ တစုံတရာထည့်သွင်းစဉ်းစားပုံပေါ်သည်။

## အပိုင်း (၇)
## ပြည်နယ်၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် အငြင်းပွားဖွယ်နိုင်ငံရေးဝေါဟာရတခုဖြစ်ပြီး ခွဲထွက်ခွင့်ပါဝင်မှု ရှိမရှိ အတိအကျ အဓိပ္ပါယ်သတ်မှတ် ဖွင့်ဆိုခြင်းမပြုနိုင်ပေ။ သို့ပင်ဖြစ်သော်ငြားလည်း လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းအများစုနှင့် ဗမာမဟုတ်သော တိုင်းရင်းသားခေါင်း ဆောင်အတော်များများသည် ဖက်ဒရယ်ပြည်ထောင်စုဘောင်အတွင်း၌ ကျင့်သုံးရန် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိဖို့ တိုက်ပွဲဝင်နေကြသည်။ သို့ဖြစ်သည့်အားလျော်စွာ အဖွဲ့ဝင်ပြည်နယ်များသည် ဖွဲ့စည်း ပါဝင်သည့်ယူနစ်များအဖြစ် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကျင့်သုံးနိုင်ရန် အခြေခံမူ များထဲတွင် ဗဟိုနှင့် ပြည်နယ်ဥပဒေပြုအဖွဲ့များကြား အာဏာခွဲဝေမှုကို ရှင်းရှင်းလင်းလင်း ဖော်ပြဖို့လိုအပ်သည်။

နအဖအခြေခံမူများတွင် ပြည်ထောင်စုနှင့် ပါဝင်ဖွဲ့စည်းရာယူနစ်များကြား ဥပဒေပြုအာဏာနှင့် အုပ်ချုပ်ရေးအာဏာများ ဖြန့်ဖြူးရေးအတွက် မည်သည့်ပြဋ္ဌာန်းချက်ကိုမျှ မတွေ့ရ။ ပြည်ထောင်စုကသော်လည်းကောင်း၊ ယူနစ်များကသော်လည်းကောင်း ကျင့်သုံးနိုင်သည့် အာဏာများစာရင်း မပါရှိ။ ပြည်ထောင်စုက မထိပါးနိုင်သည့် ပြည်နယ်အာဏာများကို သတ်သတ်မှတ်မှတ် ပြဋ္ဌာန်းထားခြင်းလည်းမရှိ။ ပြည်ထောင်စုဖွဲ့စည်းရာတွင် ပါဝင်သည့် ယူနစ်များ၏ ဘဏ္ဍာရေးစီမံပိုင်ခွင့်များကိုလည်း သတ်မှတ်မထားခြေ။ အခွန်ဘဏ္ဍာများခန့်ခွဲရေးနှင့်ပတ်သက်၍ ဒီမိုကရေစီကျသော တာဝန်ခံမှုရှိရမည်ဖြစ်ကာ ( ပြည်ထောင်စုအတွင်းရှိပြည်နယ်များ) လူနေမှုအဆင့်အတန်း တတ်နိုင်သမျှ တညီတည်းဖြစ်စေရန် ဆင်းရဲသည့်အစိုးရများသို့ ငွေကြေးထောက်ပံ့မှုကို အားပေးရမည်ဖြစ်သည်။ အခြေခံမူများသည် ပြည်ထောင်စုနှင့် ပြည်နယ်များကြား အုပ်ချုပ်ရေးဆက်စပ်မှုများကိုလည်း ဖော်ပြဖို့လိုအပ်သည်။ ထို့အပြင် လူများစု၏ ဗဟိုချုပ်ကိုင်အနိုင်ကျင့်မှုကို တားဆီးရန် ပြဋ္ဌာန်းချက်များလည်း ရှိသင့်သည်။ သို့သော် နအဖအခြေခံမူများကား ဤကိစ္စများနှင့်ပတ်သက်၍ ရေငုံနှုတ်ပိတ်လျှက်ရှိသည်။

မြန်မာနိုင်ငံအဖို့ အာဏာရှင်စနစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီသို့ ကူးပြောင်းရန်အတွက် တင်းကြပ်သည့် ဗဟိုချုပ်ကိုင်မှုကို စွန့်လွှတ်ပြီး ဗဟိုမှနေ၍ အပြင်ဘက်ဆီသို့ ဖြန့်ခွဲလျှော့ချသွားရေးကို အကောင်အထည်ဖော်ရပါမည်။ သို့ဖြစ်၍ တင်းကြပ်သည့် ဗဟိုချုပ်ကိုင်မှု

လျှော့ချပြီး (သင့်တင့်လျှောက်ပတ်သည့် ဗဟိုချုပ်ကိုင်မှုကိုသာ ဆက်လက်ကျင့်သုံးနိုင်ရေး အတွက်) အခြေခံဥပဒေသည် ပါဝင်ဖွဲ့စည်းသည့်ယူနစ်များအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာမခံရုံသာမက ယူနစ်တခုစီအတွင်းမှ ဒေသများနှင့် ဒေသန္တရအစိုးရများကိုလည်း ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန် အာမခံဘို့လိုပါမည်။ ဤကိစ္စနှင့်ပတ်သက်၍ နအဖသည် မည်သည့်မူကိုမှ ရှင်းရှင်းလင်းလင်း ချမှတ်ထားသည်ကို မတွေ့ရပေ။ သို့ရာတွင် အနာဂတ်အခြေခံဥပဒေနှင့်အညီ တင်းကြပ်သည့် ဗဟိုချုပ်ကိုင်မှုကျင့်သုံးမည့်အကြောင်း ၎င်းတို့က သိသာအောင် ပြောထားခဲ့ပြီးဖြစ်သည်။ ဤသည်မှာ ဘာမျှအသစ်အဆန်းမဟုတ်ပါ။ နအဖသည် ကုန်ခဲ့သည့် တဆယ့်ခုနစ်နှစ်လုံးလုံး အခြေခံဥပဒေ လုံးဝမရှိဘဲ တင်းကြပ်သော ဗဟိုချုပ်ကိုင်မှုကို ကျင့်သုံးနေခဲ့သည်။

၎င်းတို့သည် စီစဉ်ခင်းကျင်းမှုအဆောက်အအုံကိုသာပေးထားပြီး ဤအဆောက်အအုံကို မည်ကဲ့သို့ စီမံအုပ်ချုပ်မည်ကိုမူ ဖော်ပြခြင်းမရှိ။ အာဏာများကို ထိပ်ဆုံးမှသာ ချပေးမည်ဖြစ်ပြီး ထိပ်ဆုံး၏ အလိုအတိုင်းသာ လိုက်နာလုပ်ဆောင်ရပေလိမ့်မည်။ ၁၉၄၇ ခုအခြေခံဥပဒေတွင် အနိမ့်ဆုံးအားဖြင့် အာဏာခွဲဝေမှုရှိပြီး ပြည်ထောင်စုစာရင်း၊ ပြည်နယ်စာရင်းနှင့် ထပ်တူပြုစာရင်းဟူ၍ စာရင်းသုံးခုရှိခဲ့သည်။ အခြေခံမူများက အခြေခံဥပဒေရေးဆွဲပုံဖော်သူများအား အာဏာမျှဝေရေးမူများနှင့်ပတ်သက်၍ လမ်းညွှန်ချက်များ ပေးမထားပါက အခြေခံဥပဒေရေးဆွဲသူများသည် တပြည်ထောင်စနစ်နိုင်ငံကိုသာ ပုံဖော်ကြဖို့ရှိသည်။ ဤသို့ဖြင့် သက်ဆိုင်ရာပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ငြင်းပယ်သည့်ရလာဒ်သာ ပေါ်လာမည်ဖြစ်သည်။ အောက်တွင် ဆွေးနွေးထားသော အစိုးရလုပ်ငန်း အစီအစဉ် သည် အထက်ပါယူဆချက်ကို အတည်ပြုလိမ့်မည်ဖြစ်သည်။

## ပြည်နယ်အစိုးရ

နအဖအခြေခံမူအများအရ နိုင်ငံတော်သမတသည် ပြည်နယ်လွှတ်တော်အမတ်များထဲမှ ပြည်နယ်ဝန်ကြီးချုပ်ကို ရွေးချယ်ခန့်အပ်ရမည်ဖြစ်ပြီး ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ကို ယူရမည်ဖြစ်သည်။ ကိုယ်စားလှယ်လောင်းသည် အရည်အချင်းမပြည့်မီကြောင်း အခိုင်အမာအထောက်အထားမပြနိုင်လျှင် ပြည်နယ်လွှတ်တော်သည် ၎င်းဝန်ကြီးချုပ်လောင်းကို ငြင်းပယ်ခွင့်မရှိ။ ပြည်နယ်လွှတ်တော်က အတည်ပြုချက်မပေးလျှင် နိုင်ငံတော်သမတ သည် နာမည်သစ်တခုကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။ အကယ်၍ ပြည်နယ်လွှတ်တော်က ထပ်မံ၍ အတည်မပြုပြန်လျှင် ဘာဖြစ်မည်ကိုမူ ပြဋ္ဌာန်းမထား။

ပြည်နယ်ဝန်ကြီးချုပ်သည် လုံခြုံရေးနှင့် နယ်စပ်ဒေသရေးရာများအတွက် စစ်ဘက်မှ ပုဂ္ဂိုလ်များကို ဝန်ကြီးခန့်အပ်ရမည်၊ ဝန်ကြီးချုပ်သည် ဤစာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ယူရမည်ဖြစ်သည်။ အရည်အချင်းမမီကြောင်း အခိုင်အမာအထောက်အထားမှလွဲ၍ ယင်းအမည်စာရင်းကို ပြည်နယ်လွှတ်တော်က ငြင်းပယ်ခွင့်မရှိ။ အတည်မပြုလျှင် ဘာဖြစ်မည်ကိုမူ ပြောမထား။ ပြည်နယ်ဝန်ကြီးများအား ခန့်အပ်မှုသည် အဆုံးတွင် သမတအပေါ်မူတည်နေသည်။ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည်

သမတကိုတာဝန်ခံရသည်။ ပြည်နယ်ဥပဒေအရာရှိများ ခန့်အပ်မှုကို ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အတည်ပြုပြီးသည့်တိုင်အောင် သမတ၏အတည်ပြုချက် ယူရဦးမည်ဖြစ်သည်။ ဗဟိုနှင့်ပြည်နယ်များသည် မိမိတို့၏ ဥပဒေပြုလုပ်ငန်းများကို မည်သို့ဆက်စပ်ထိန်းညှိမည်ကိုလည်း အခြေခံမူများက ရှင်းလင်းမထားပါ။

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း

နအဖအခြေခံမူများတွင် ကြီးကြပ်ရေးအဖွဲ့များက ဥပဒေပြုအာဏာ ကျင့်သုံးမည်ဟု ဆိုထားသော်လည်း မည်သည့်မူကိုမှချမထားဘဲ အခြေခံဥပဒေက ထိန်းကွပ်ရမည့် ဥပဒေစုတခုအကြောင်းကို ပြောထားသည်။ ကြီးကြပ်ရေးအဖွဲ့များထဲတွင် စစ်ဘက် ပုဂ္ဂိုလ်များလည်း ပါဝင်နိုင်သည်။

## ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်း

နအဖက မြို့တော်ဖြစ်သောရန်ကုန်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားသည်။ သို့ဖြစ်၍ ယင်းနယ်မြေသည် နိုင်ငံတော်သမတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ရှိမည်ဖြစ်သည်။ သို့သော်လည်း သမတ၏အဆိုပါအုပ်ချုပ်မှုအောက်၌ ဥပဒေပြုအဖွဲ့ တည်ရှိပုံနှင့် အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းပုံအကြောင်းကိုမူ ပြောမထား။

သမတသည် ရန်ကုန်မြို့တော်ကောင်စီကို တည်ထောင်ရမည်ဟု နအဖအခြေခံမူများကဆိုသည်။ မြို့တော်ကောင်စီဥက္ကဋ္ဌ အပါအဝင် ကောင်စီဝင်ဦးရေကို သမတက ဆုံးဖြတ်ရမည်ဖြစ်သည်။ ကောင်စီတွင် လုံခြုံရေးရာအတွက် စစ်ဘက်ပုဂ္ဂိုလ်ပါဝင်ရမည်ဖြစ်ကာ ဤသို့ပါဝင်မှုကြောင့် စစ်တပ်မှ အနားယူဖို့မလိုအပ်ပါ။ ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်အားလုံးသည် နိုင်ငံရေးပါတီဝင်မဖြစ်စေရ။ ကောင်စီဥက္ကဋ္ဌ၏ အဆင့်အတန်းသည် ပြည်ထောင်စုဝန်ကြီးအဆင့်နှင့်တူညီသည်။ တိုင်းပြည်တွင် မဟာဗျူဟာအကျဆုံး ဗဟိုချက်ဖြစ်သည့် ရန်ကုန်မြို့တော် ပြည်ထောင်စုနယ်မြေတခုလုံးကို စစ်တပ်က အပြည့်အဝချုပ်ကိုင်မည်ဖြစ်သည်။ အကယ်၍ သမတ က အလိုရှိလျှင် ကောင်စီဝင်အားလုံး စစ်ဘက်မှဖြစ်ရန် အမည်စာရင်းတင်သွင်းနိုင်သည်။ သမတသည် ကာကွယ်ရေးဦးစီးချုပ်၏ အတည်ပြုချက်မရှိဘဲ မည်သည့်စစ်ဘက်ပုဂ္ဂိုလ်ကိုမှ ဖယ်ရှားမပစ်နိုင်ပေ။

## ရပ်ကွက် (သို့) ကျေးရွာအဆင့် အုပ်ချုပ်ရေး

ရပ်ကွက် (သို့) ကျေးရွာအဆင့် အုပ်ချုပ်ရေးအတွက် ခန့်အပ်မှုကို ဥပဒေနှင့်အညီ ပြုလုပ်ရမည်။ တနည်းပြောရလျှင် ကျေးရွာ အဆင့်၌ မည်သည့်အခြေခံဥပဒေအခွင့်အရေးမှ ပေးမထားပါ။

ပြည်နယ်ယူနစ်သတ်မှတ်ရာ၌ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသအကြောင်း ပြောထားသော်လည်း ယင်းမှာ ဘာဖြစ်သည်ကို ပြောမထား။ ကျေးရွာ၊ မြို့နယ်နှင့် ခရိုင်စုဖွဲ့မှုများနှင့်ပတ်

သက်၍ နယ်မြေပိုင်းအရ သရုပ်ဖော်ပြမှုများကိုသာပြောထားပြီး ၎င်းတို့၏ ဒေသန္တရ ကိုယ်ပိုင်အစိုးရ (သို့) ဒေသန္တရ အာဏာချက်မအကြောင်း ဘာတခုမှပြောမထား။

## တိုင်းရင်းသားလူမျိုးစု

အခြေခံမူ အမှတ် ( ၁၂ ) က အောက်ပါအတိုင်းပြောသည်။

"တိုင်းရင်းသားလူမျိုးစုများနှင့်ပတ်သက်၍ –

( ၁ ) နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစုများကို မိမိတို့၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရမည်။

( ၂ ) နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစုများအကြား သွေးစည်းညီညွတ်မှု၊ ချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရန် အကူအညီပေးရမည်။

( ၃ ) နိုင်ငံတော်သည် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ဆက်သွယ်ရေးအပါအဝင် လူမှုစီးပွားတိုးတက်မှုနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးမှုနိမ့်ကျသော တိုင်းရင်းသားလူမျိုးစုကို အကူအညီပေးရမည်။"

နအဖအခြေခံမူက ဘာသာစကားအခွင့်အရေး၊ ယဉ်ကျေးမှုအခွင့်အရေး၊ ပညာရေးအခွင့်အရေးနှင့် ညီညွတ်ရေးအကြောင်းပြောသော်လည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ပြည်နယ်၏ အာဏာပိုင်မှုနှင့် ပြည်နယ်အခြေခံဥပဒေများအကြောင်း ဘာတခုမှမပြော။ ဝမ်းနည်းစရာကောင်းသည်မှာ နအဖအခြေခံမူများသည် တိုင်းပြည်ကိုဖိစီးနှိပ်စက်နေသော အချက်အချာကိစ္စရပ်များကို မဖြေရှင်းခြင်းဖြစ်သည်။ တိုင်းရင်းသားလူမျိုးများအား ဖက်ဒရယ်ပြည်ထောင်စုဘောင်အတွင်း မိမိတို့ကိုယ်ပိုင်အစိုးရဖြင့် အုပ်ချုပ်ရေးကို ဖော်ထုတ်ပုံသွင်းနိုင်ရန် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မပေးသရွေ့ အခြေခံမူများထဲတွင်ကတိပြုထားသော အထက်ပါကိစ္စသုံးခုမှာ ဖြစ်မြောက်ပြည့်ဝနိုင်မည် မဟုတ်ပေ။

## ဘာသာစကားကိစ္စ

ဘာသာစကားဟူသည် ယဉ်ကျေးမှုကို သယ်ဆောင်သည့်ယာဉ်ဖြစ်သည်။ အတိတ်ကာလက ကျောင်းများတွင် တိုင်းရင်းသား ဘာသာစကားများ သင်ကြားခြင်းနှင့်အားပေးမြှင့်တင်ခြင်းကို ပိတ်ပင်ခဲ့ (သို့) အားမပေးခဲ့ပေ။ သို့ဖြစ်၍ အခြေခံမူများသည် ဤ မတရားမှုကို ဖြေဖျောက်သင့်သည်။ သို့သော် နအဖက လူများစု၏ ဘာသာစကားကို တိုင်းရင်းသားလူမျိုးစုအားလုံးအပေါ် ချမှတ်လိုသဖြင့် ဤကိစ္စနှင့်ပတ်သက်၍ အခြေခံမူများက လုံးဝတိတ်ဆိတ်နေပါသည်။ ယခုလက်ရှိလုပ်နေသလို တိုင်းရင်းသားလူမျိုးစု ဘာသာ စကားများကို ချိုးနှိမ်ရန် ၎င်းတို့ဘက်မှ တိုက်တွန်းနေမှုလည်းရှိသည်။ တင်းကြပ်သည့် ဗဟိုချုပ်ကိုင်မှုစနစ်ကို သက်ဆိုးရှည်တည်တံ့စေပြီး အာဏာရှင်စနစ်ကို ခိုင်ခံ့အခြေကျစေရန် အထောက်အပံ့ဖြစ်သည့် အခြားနည်းလမ်းများကိုလည်း ကျင့်သုံးလျက်ရှိပေသည်။

## ဖက်ဒရယ်စနစ်

ဖွဲ့စည်းမှုယူနစ်များဖြစ်သည့် ပြည်နယ်များအနေဖြင့် မိမိတို့ကိုယ်ပိုင် အခြေခံဥပဒေများကို အသက်သွင်းနိုင်သည့်စွမ်းအား၊ မိမိတို့နိုင်ငံရေးအဆောက်အအုံများ ဖွဲ့စည်းနိုင်သည့် စွမ်းအားကို အခြေခံမှုများက သတ်မှတ်ပေးသင့်သည်။ ယင်းစွမ်းအား ထိရောက် တရားဝင်နိုင်ရန် ယင်းသည် ပြည်ထောင်စုအခြေခံဥပဒေကို လေးစားလိုက်နာကာ ၎င်းဘောင်အတွင်း ရှိရပါမည်။ မြန်မာ့သမိုင်းတွင် သော့ချက်အစိတ်အပိုင်းများဖြစ်သော ဒီမိုကရေစီမြှင့် တင်ရေးနှင့် ပဋိပက္ခဖြေရှင်းရေးအတွက် ပြည်နယ်ကိုယ်ပိုင်အုပ်ချုပ်ရေးက ကောင်းကျိုးပြုပါလိမ့်မည်။ နိုင်ငံတော်လုံခြုံရေး ပထမ၊ ဒီမိုကရေစီ နောက်မှဆိုသောအယူအဆမှာ ကိုလိုနီသ မားတို့၏ အမွေဖြစ်သည်။ ကျန်းမာသန်စွမ်းသောဒီမိုကရေစီသည် လုံခြုံရေးကို ဘယ်တော့မှ အနှောင့်အယှက်မဖြစ်စေနိုင်ပါ။ ဤသည်နှင့်ဆန့်ကျင်စွာပင်၊ နိုင်ငံရေးစနစ် တည်ငြိမ်မှုနှင့် တည်တံ့မှုကို ဖြစ်ပေါ်စေပါသည်။

ကောင်းမွန်သောလွှမ်းမိုးအုပ်ချုပ်မှုဟူသောရှုပ်ထွေးလှသည့်စီမံဆောင်ရွက်မှုကြီးအတွင်း၌ ဘဏ္ဍာရေးတန်းညှိမှု၊ လူမျိုးစုနှင့်ဘာသာစကား ထွေပြားမှု၊ (ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား၊ ပြည်နယ်အစိုးရတခုနှင့် အခြားတခုအကြား) အစိုးရအချင်းချင်း ဆက်ဆံမှုများသည် အဓိကပြဿနာတချို့ဖြစ်ပါမည်။ အခြေခံဥပဒေသည် ဤပြဿနာများ၊ စိန်ခေါ်ချက်များကို ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။ နအဖအခြေခံမှုများမှာ အာရုံလွှဲသည့် နည်းနာဖြင့် စစ်တပ်အထက်လွှာအနေဖြင့် အာဏာပြန်ယူနိုင်ရန်အတွက် ဒီမိုကရေစီဖော်ဆောင်မှု ဆန့်ကျင်တားဆီးရေးအယူအဆကို ပုံစံထုတ်ထားခြင်းဖြစ်သည်။ (စင်စစ်အားဖြင့်မူ) အခြေခံမှုများသည် လူ့အဖွဲ့အစည်းအတွင်းရှိ မတူကွဲပြားမှုများကို နေရာချထားခြင်းနှင့် (ပေါ်ပေါက်လာမည့်ပြဿနာများကို) ညှိနိုင်းဖြေရှင်းနိုင်မည့် လွှမ်းမိုးအုပ်ချုပ်မှုစနစ်ပုံစံ ဖော်ဆောင်ခြင်းတို့အတွက် အခြေခံအကြောင်း အထောက်အပံ့ဖြစ်သင့်ပါသည်။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ဗဟို–ပြည်နယ်ဆက်ဆံရေးကို အသေးစိတ်ဖော်ထုတ်ခြင်းမပြုခဲ့။ ဖြစ်သင့်သည်မှာ အဖွဲ့ဝင်ပြည်နယ်များက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးနေချိန်တွင် ဗဟိုက သင့်တော်သော ဗဟိုချုပ်ကိုင်မှုကို ကျင့်သုံးရသည်။

သို့ရာတွင် တိုင်းပြည်တစည်းတလုံးတည်းရှိနေစေရန်အတွက်ဟု အကြောင်းပြကာ ဗဟိုနှင့်ပြည်နယ်များကြား ညီနောင်သားချင်းဆက်ဆံရေးများကို စတေးပစ်ခဲ့သည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် အကြမ်းဖက်လှုပ်ရှားမှုပြဿနာများမှာ စိတ်မချမ်းသာစရာဖြစ်ခဲ့သည်။ စစ်တပ်အကြီးအကဲ ဗိုလ်ချုပ်ကြီးနေဝင်းက ရေးဆွဲဖော်ထုတ်ခဲ့သော ၁၉၇၄ ခု အခြေခံဥပဒေသည် ဒီမိုကရေစီကို လုံးဝပိတ်ပင်ထားခြင်းကြောင့် ပြိုကျသွားခဲ့သည်။ အခြေခံမှုများကို ဖော်ထုတ်သူတို့သည် သမိုင်းသင်ခန်းစာများကို သတိမူသင့်သည်။ ဗဟုဝုဒ် လူ့အဖွဲ့အစည်းမှ လူမှုယဉ်ကျေးမှု ကွဲပြားထွေလီလှသည့် များမြောင်လှသော အရပ်မျက်မှာ ပေါင်းစုံက ဖက်ဒရယ်နိုင်ငံသည်သာ တခုတည်းသောအဖြေဖြစ်ကြောင်း ညွှန်ပြနေသည်။

၁၉၄၇ မေလ ဖဆပလညီလာခံတွင် မြန်မာ့အမျိုးသားလွတ်လပ်ရေးသူရဲကောင်း အောင်ဆန်းက "ကျနော်တို့ မြန်မာနိုင်ငံသစ်ကို အခုတည်ဆောက်တဲ့အခါမှာ ပြည်ထောင်စုအဖြစ် တည်ဆောက်မလား၊ ဒါမှမဟုတ် တပြည်ထောင်စနစ်အဖြစ် တည်ဆောက်မလား"

ဟုမေးခဲ့သည်။ ဤသို့မေးသည့်အချိန်မှာ အခြေခံဥပဒေ၏အခြေခံမူများကို ရေးဆွဲဖော်ထုတ် နေချိန်ဖြစ်ပြီး ပထမမူကြမ်းကို အတည်ပြုပြီးချိန်ဖြစ်သည်။ "ကျနော့်အမြင်ကတော့ တပြည် ထောင်စနစ်နိုင်ငံ ထူထောင်တာ လက်တွေ့မကျဘူးလို့ထင်တယ်။ ကျနော်တို့ဟာ တိုင်းရင်း သားလူနည်းစုတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်နိုင်ဖို့ သင့်တော်စွာ ထိန်းချုပ်ကြပ်မတ် ထားတဲ့ ပြဋ္ဌာန်းချက်တွေနဲ့ ပြည်ထောင်စုတခုထူထောင်ရမယ်။ ဒါပေမဲ့ ကျနော်တို့ဟာ 'ပူး ပေါင်းပြီးလဲကျ' သွားတာမျိုးမဖြစ်စေရဘဲ 'စုစည်းညီညွတ်မှုနဲ့ ကြံ့ကြံ့ခိုင်ခိုင်ထရပ်' တာမျိုး ဖြစ်အောင်သတိပြုကြရမယ် " ဟု အောင်ဆန်းကဖြေခဲ့သည်။

## အပိုင်း ( ၈ )
## လူထုအဓိက လူ့အဖွဲ့အစည်း

လူထုအဓိကလူ့အဖွဲ့အစည်းဟူသည်တွင် အစိုးရမဟုတ်သော လူထု အသင်းအဖွဲ့ များ အပြန်အလှန် ရိုင်းပင်း၊ လေ့ကျင့်သင်ကြား၊ အားဖြည့်မြှင့်တင်ပေးသည့် လူထုအခြေပြု ဆက်ဆံရေးကွန်ယက်ကိုဖော်ဆောင်သည်။ ဤသို့ဖြင့် ယုံကြည်မှုကို မွေးဖွားပေးပြီး အချင်း ချင်းဆက်သွယ်မှုနှင့် စုပေါင်းလုပ်ဆောင်မှုတို့ ကို ချောမွေ့စေသည်။ ထို့ပြင် လူ့အသိုင်းအဝိုင်း များကို ကိုယ့်အားကိုယ်ကိုးမှု ဖြစ်ထွန်းတိုးတက်နိုင်အောင်နှင့် မိမိတို့၏ လူမှုရေးနှင့်စီးပွားရေး ဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြန်အလှန်ကူညီနိုင်အောင်လုပ်ပေးသည်။

လူထုအဓိကလူ့အဖွဲ့အစည်းကို လက်ခံမှုအများဆုံးသော အဓိပ္ပါယ်ဖွင့်ဆိုချက်တ ခုမှာ "လူထုအဓိကလူ့အဖွဲ့အစည်းဟူသည်မှာ ဒီမိုကရေစီလူ့ဘောင်တခုတွင် လွတ် လပ် စွာလှုပ်ရှားဆောင်ရွက်နေသည့် အသင်းအဖွဲ့များ၏သိပ်သည်းထူထဲလှသော ကွန်ယက် တခုဖြစ်ပြီး၊ ဖြစ်ရပ်များအပေါ် ဩဇာသက်ရောက်နိုင်ရန်အတွက် အဆုံးအဖြတ်ပေးသူဆီ အထိ တက်စွမ်းနိုင်သည်" ဟူ၍ဖြစ်၏။ လူထုအဓိကလူ့အဖွဲ့အစည်းတခုတွင် တိုင်းသူပြည် သားတရပ်လုံးအကျိုးအတွက် ယဉ်ကျေးသိမ်မွေ့သောစိတ်ဓာတ်နှင့် သည်းခံခွင့်လွှတ်မှု ရှိစွာ အပြန်အလှန် လွတ်လွတ်လပ်လပ် ဆက်သွယ်ဆောင်ရွက်ကြမည့် အသင်းအ ဖွဲ့ပုံစံအမျိုးမျိုး ရောပြွမ်းနေမည်ဖြစ်သည်။ လူ့ဘောင်၏ ဗဟုဝါဒ၊ တနည်းအားဖြင့် အခြားအဖွဲ့များ၏ အခွင့် အရေးများကို မဖောက်ဖျက်ဘဲ အဖွဲ့အားလုံး လွတ်လပ်ပွင့်လင်းစွာနှင့် တန်းတူစွာ အလုပ် လုပ်နိုင်စွမ်းရှိခြင်းသည် ယင်း၏ အခြေခံအတွေးအခေါ်တခုဖြစ်သည်။ ဤနေရာတွင် လူထု အဓိကလူ့အဖွဲ့အစည်းသည် ဒီမိုကရေစီအတွေးအခေါ်ကို ဦးထိပ်ထားသည်ဖြစ်ရကား လူထု အသင်းအဖွဲ့တဖွဲ့က အခြားအဖွဲ့များကို ဂရုမမူဘဲ မိမိရည်မှန်းချက်အတွက် တကိုယ်ကောင်း ဆံစွာ လုပ်ဆောင်ခြင်းကို ခွင့်မပြုကြောင်း သတိပြုဖို့အရေးကြီးသည်။

၁၉၆၂ ခုမှစ၍ မြန်မာစစ်အုပ်စုသည် ၎င်းတို့၏ စစ်တပ်အုပ်စိုးမှု ခိုင်မာတောင့်တင်းစေ ရန် စီးပွားရေးနှင့် ပညာရေးစနစ်နှစ်မျိုး စလုံးကို လက်ဝါးကြီးအုပ်ခဲ့သည်။ ဗျူရိုကရေစီဟူသည် စစ်တပ်၏လက်ရုံးတခုသာဖြစ်ပြီး အမြီးဒိုကင်းသည့် ပြည်သူ့ဝန်ထမ်းအဖွဲ့နှင့် လုံးဝမတူချေ။ စစ်ဘက်နှင့် အငြိမ်းစားစစ်ဘက်ပုဂ္ဂိုလ်များသည် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးကြသည်။ ၎င်းတို့က အရာရာကိုဆုံးဖြတ်သည်။

စစ်ဘက်အထက်လွှာ၏ ဆွေမျိုးသားချင်းများနှင့် အပေါင်းအသင်းမိတ်ဆွေများသာ အထက်တန်းပညာကို ခံစားနိုင်သည်၊ အလုပ်အကိုင်ကောင်းကောင်းရနိုင်သည်၊ လိုင်စင်များနှင့် အခွင့်အရေးများရရှိနိုင်သည်၊ မရေမတွက်နိုင်လောက်အောင် များပြားသော ဝင်ငွေပမာဏကို ရယူနိုင်သည်။ လွတ်လပ်သည့် လူထုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် တကွ လူထုအဓိကလူ့အဖွဲ့အစည်း၏ အဓိကအစိတ်အပိုင်းတခုဖြစ်သည့် လွတ်လပ်သော မီဒီယာတို့ ပျောက်ကွယ်သွားကြသောအခါ နိုင်ငံတော်ယန္တ ရား၏လက်တံ (သို့) မတရားလုပ်မှုများကို စနစ်တကျ တန်ပြန်မထိန်းချုပ်နိုင်လောက်အောင် ပြည်သူလူထုမှာလည်း အလွန်အားနည်းသွားခဲ့ရသည်။

စစ်တပ်၏ ချုပ်ကိုင်မှုသည် လူ့အသိုင်းအဝိုင်းဘဝ၏ ဘက်တိုင်း ထောင့်တိုင်းအထိလည်း စိမ့်ဝင်ပျံ့နှံ့သွားခဲ့ပြီး တိုင်းပြည်အတွင်း လူတိုင်း နေရာတိုင်းကို ဂယက်ရိုက်ခတ်နေသည်။ ဒေသန္တရအုပ်ချုပ်ရေးကော်မတီများသည် စစ်တပ်က ယုံကြည်စိတ်ချသူများကိုသာသော့ ချက်ရာထူးများတွင် ခန့်အပ်ပြီး ကျေးလက်ဘဝကို ကြီးစိုးနေသည်။ မြန်မာပြည်တွင် ဌေ့သည်များကို ညအိပ်ညနေလက်ခံခြင်းသည် အစိုးရမှချုပ်ကိုင်သည့်ကိစ္စဖြစ်ခဲ့ပြီး ဖြစ်နေဆဲဖြစ် သည်။

လူထုအသင်းအဖွဲ့များ အားကောင်းစွာ ပြန်လည်ပေါ်ထွန်းမှုဖြင့်သာ ဤအနေအထားများကို ပြောင်းပြန်လှန်ပစ်နိုင်သည်။ လူထုအသင်းအဖွဲ့များသည် အစိုးရအာဏာပိုင် အဆင့်ဆင့်၏ လုပ်ငန်းဆောင်တာများကို စောင့်ကြည့်လေ့လာပြီး လူမှုရေးသဟဇာတဖြစ်မှုကို ထိန်းသိမ်းရန် လူ့အဖွဲ့အစည်းအတွင်း အာဏာချိန်ခွင်လျှာကို ထိန်းညှိပေးသည်။ သို့သော်လည်း နအဖအခြေခံမူများအရမူ ယင်းသို့ဖြစ်မလာနိုင်ပေ။ အကြောင်းမှာ ပြီးခဲ့သည့်အခန်းတွင်ပြောခဲ့သလို နအဖမူများသည် လွတ်လပ်စွာပြောဆိုခွင့်၊ အသင်း အဖွဲ့ ဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်ဟူသော အခြေခံပြည်သူ့လွတ်လပ်ခွင့်သုံးမျိုးကို ပိတ်ပင်တားဆီးထားသောကြောင့် ဖြစ်သည်။ နအဖအခြေခံမူများအောက်တွင် နိုင်ငံတော်သမတသည် အုပ်ချုပ်ရေးတွင် တင်းကြပ်လှသော ဗဟိုချုပ်ကိုင်မှု ကျင့်သုံးနေချိန်၌ တရားစီရင်ရေးအဖွဲ့မှာလည်း မလွတ်လပ်ဘဲ သမတကို ရိုကျိုးနာခံနေရခြင်းကြောင့် လူထုအသင်းအဖွဲ့များအား ကောင်းစွာ လှုပ်ရှားခွင့်ရနိုင်လိမ့်မည်မဟုတ်။ လူထုအဓိကလူ့အဖွဲ့အစည်း ပေါ်ပေါက်လာရန်လည်း လွယ်မှာမဟုတ်ချေ။

ပါတီစုံစနစ်ကို အသိအမှတ်ပြုထားသည်ဟုဆိုသော်လည်း နိုင်ငံရေးစနစ်၏ အစိတ်အပိုင်းအဖြစ်သို့ ရောက်ရှိလာစေရန် (ဖွဲ့စည်းပုံအခြေခံဥပဒေအရ) စီစဉ်ချမှတ်ထားခြင်းမရှိပေ။ ဤအချက်နှင့်စပ်လျဉ်း၍ တပါတီစနစ်ကို ဦးစားပေးခဲ့သည့် ၁၉၇၄ အခြေခံဥပဒေနှင့် နှိုင်းယှဉ်ကြည့်ပါက ထင်ရှားပါလိမ့်မည်။

နိုင်ငံရေးပါတီများ၊ လူထုအဖွဲ့အစည်းများနှင့် ဥပဒေကို ထိမ်းကွပ်ကြပ်မတ်သည့် အခြားဌာနများတည်ရှိရုံနှင့် ပွင့်လင်းဖြောင့်မတ်မှု၊ တာဝန်ခံမှုနှင့် ကောင်းမွန်သော လွှမ်းမိုးအုပ်ချုပ်မှုစနစ်တို့ ကို ကျင့်သုံးသည့် လန်းဆန်းသာယာသော လူ့အဖွဲ့အစည်းတခုကို ထိန်းထားရန် မလုံလောက်ပေ။ ခေတ်သစ်လူ့အဖွဲ့အစည်းများတွင် အခြေခံဥပဒေဘောင်အတွင်း၌ နိုင်ငံလုံးဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်၊ ပြည်သူ့ဝန်ထမ်း ကော်မရှင်၊ နိုင်ငံလုံးဆိုင်ရာ အဂတိ

လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ စာနယ်ဇင်းကောင်စီ၊ အမျိုးသမီးရေးရာကော်မရှင်၊ လူမျိုးစုရေးရာကော်မရှင်၊ ဘဏ္ဍာရေးကော်မရှင် စသည့် လွတ်လပ်သည့်အစိုးရနှင့် ဆက်စပ်သောအဖွဲ့အစည်းများ ဖန်တီးတည်ထောင်ရေးသည် အရေးကြီးလာပြီဖြစ်သည်။ ဤအဆောက်အအုံများသည် အာဏာကိုထိန်းညှိပေးပြီး အပြန်အလှန်ထိန်းချုပ်သည့် စနစ်တခုအဖြစ် ဆောင်ရွက်ပေးသည်။

## အပိုင်း ( ၉ )
## နိဂုံးချုပ်ချက်များနှင့် အကြံပြုချက်များ

တိုင်းပြည်တပြည်အတွက် မှန်ကန်သင့်လျော်သော အနာဂတ်အခြေခံဥပဒေတခု ပေါ်ပေါက်လာရန်မှာ လတ်တလောပြဿနာများကိုသာမက အတိတ်သမိုင်းအတွေ့အကြုံများကိုလည်း ကိုင်တွယ်ရှင်းလင်းရန်လိုအပ်သည်။ မြန်မာပြည်ပြဿနာ၌မူ အရေးအကြီးဆုံးမှာ ၁၉၄၇ ခု ပင်လုံညီလာခံမှချမှတ်ခဲ့သောမူများဖြစ်သည်။ ၎င်းတို့သည် တိုင်းရင်းသားလူမျိုးစုအားလုံး၏ တန်းတူညီမျှရေးကို အာမခံခဲ့သည်။ ပင်လုံညီလာခံသည် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးစုများ ပြေလည်သင့်မြတ်စွာနှင့် ငြိမ်းချမ်းစွာနေထိုင်နိုင်စေရန်အတွက် အားလုံးနှင့်သက်ဆိုင်သည့် ပေါ်လစီများ၏ ပန္နက်တိုင်ဖြစ်သည်။ သို့သော်လည်း ကံမကောင်းအကြောင်းမလှသည်မှာ နအဖအခြေခံမူများတွင် ဤအနှစ်သာရ ချို့တဲ့နေပါသည်။

စစ်အုပ်စုသည် မိမိတို့၏အုပ်စိုးမှု တရားဝင်စေရန်နှင့် တိုင်းပြည်ကို အချိန်အကန့်အသတ်မရှိ အုပ်စိုးနိုင်ရေးအတွက် တရားဝင်မှုအခြေအနေကို ဖန်တီးရန် အခြေခံဥပဒေတခုလိုအပ်မှုကို သဘောပေါက်လာပုံရသည်။ နိုင်ငံရေးသမိုင်းအရလည်းကောင်း၊ သမိုင်းအထောက်အထားအချက်အလက်မှ ရရှိသည့်သင်ခန်းစာများပေါ် အခြေခံ၍လည်းကောင်း၊ ကြည့်လျှင် “အခြေခံမူများ” သည် အခြေခံဥပဒေ၏ လွှမ်းမိုးမှုရှိရေးအတွက် ပြဋ္ဌာန်းပေးမထားသည်ကိုတွေ့ရသည်။ အခြေခံဥပဒေအခင်းအကျင်းကို ဆန့်ကျင်ကာ အင်အားအသုံးပြုခြင်းအားဖြင့် အခြေခံဥပဒေစိုးမိုးရေး ပြတ်တောက်မှု ဖြစ်စေနိုင်ပေလိမ့်မည်။ ရွေးကောက်မခံရသောအစိုးရ၏ ထိုကဲ့သို့သော အင်အားသုံးလုပ်ရပ်များ သို့မဟုတ် တရားဝင်သည်ဟု ကြွေးကြော်ခြင်းများသည် လုံးဝပင်ပျက်ပြယ်ကြောင်း အပြီးအပြတ်ကြေညာပစ်ရမည်ဖြစ်သည်။ လူ့အဖွဲ့အစည်းကို အသွင်ပြောင်းပစ်နိုင်ရန် တိုင်းပြည်၏ နိုင်ငံရေးရှင်သန်ပုံကို ပြောင်းလဲပစ်ရပါမည်။

နအဖမှရေးဆွဲသည့် အခြေခံမူများအရမူ ပြည်သူတို့သည် တင်းကြပ်သည့် ဗဟိုချုပ်ကိုင်မှုကို လျှော့ချနိုင်ရေးအတွက် မိမိတို့ဒေသများတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးတို့ကို ကျင့်သုံးနိုင်မည်မဟုတ်ပေ။ ထိုမျှမကဘဲ နအဖအခြေခံဥပဒေသည် မြန်မာနိုင်ငံ၏ ယခင် အခြေခံဥပဒေနှစ်ခုဖြစ်သော ၁၉၄၇ နှင့် ၁၉၇၄ အခြေခံဥပဒေများထက် ပို၍တင်းကြပ်သော ဗဟိုချုပ်ကိုင်မှုကို သေချာပေါက်ကျင့်သုံးလိမ့်မည်။ နိုင်ငံသားတိုင်း၏ တဦးချင်းအခွင့်အရေးများကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ စုပေါင်းအခွင့်အရေးကိုလည်းကောင်း ပိတ်ပင်လိမ့်မည်။ အခြေခံမူများအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်

သော စစ်ဘက်ကိုယ်စားလှယ်များနှင့် လုပ်ကြံဖန်တီးထားသော မဟာမိတ်အဖွဲ့များက ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်အားလုံးတွင် ဥပဒေပြုရေးအပိုင်းအရ အကြီးအကျယ်လွှမ်းမိုးနေလိမ့်မည်။ စစ်ဗိုလ်ဟောင်း ( သို့ ) လက်ရှိစစ်မှုထမ်းနေဆဲ ပြည်ထောင်စုသမတသည် စစ်သားဝန်ကြီးများ ထည့်ထားပြီးဖြစ်သော ပြည်နယ်နှင့်တိုင်းဒေသ ကြီးအစိုးရများမှတဆင့် တနိုင်ငံလုံးရှိ အုပ်ချုပ်ရေးယန္တ ရားအားလုံးကို ထိန်းချုပ်လိမ့်မည်။ တရားစီရင်ရေးအဖွဲ့မှာလည်း အုပ်ချုပ်ရေးအဖွဲ့ကို နာခံရိုကျိုးရခြင်းကြောင့် ပြည်သူလူထုအတွက် အားကိုးလောက်သည့် နိုင်ငံတော်အဆောက်အအုံတခု မဖြစ်နိုင်ပေ။

နိုင်ငံလုံးဆိုင်ရာလူ့အခွင့်အရေးကော်မရှင်ကဲ့သို့ အစိုးရဌာနများ မရှိခြင်းကြောင့် နိုင်ငံသားတဦးချင်းသည် ဆိုးဝါးသော လူ့အခွင့် အရေးချိုးဖောက်မှုများကို ခံရဖို့ သေချာသည်။ နအဖအခြေခံမူများအရ နိုင်ငံရေးပါတီများအပေါ် လက်ရှိကန့်သတ်ချုပ်ချယ်မှုများသည် လျော့ပါးမသွားဘဲ ဆက်ရှိနေမည်ဖြစ်ပြီး လူ့ဘောင်၏အားနည်းသည့်အပိုင်းများဖြစ်သော ပြစ်မှုကျူးလွန်ခံရသူများ၊ လူနည်းစုများ၊ အမျိုးသမီးများ၊ ခလေးသူငယ်များ၊ မစွမ်းမသန်များ စသည်တို့အား ကူညီထောက်ပံ့မည့် လူထုအဖွဲ့အစည်းများ ပေါ်ထွန်းရေးမှာလည်း အိပ်မက်တခုသာဖြစ်နေပါဦးမည်။ ဒီမိုကရေစီအခြေခံအရ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် လူထုကိုယ်စားလှယ်များကသာ တိုင်းပြည်ကိုအုပ်ချုပ်ရမည်ဟူသောမူမှာ ပျက်ယွင်းနေပြီး စစ်တပ်အာဏာသိမ်းရေးအတွက်အခြေခံကို ဖန်တီးထားသည်။ ရှေ့မတိုး နောက်မဆုတ် အခြေအနေဆက်ဖြစ်နေမှုက အကြောက်တရားကို ပေါ်ပေါက်စေမည်ဖြစ်သည်။ စစ်တပ်သည် (ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုကျင့်သုံးပြီးနောက်) များမကြာမီအတွင်းမှာပင် ပါလီမန်မျက်နှာဖုံးကိုစွန့်လွှတ်ကာ စစ်တပ်အုပ်စိုးမှုကို ထပ်မံချမှတ်လိမ့်မည်ဖြစ်သည်။ သို့ဖြစ်၍ နအဖထုတ်ဖော်မည့် အခြေခံဥပဒေသည် အနာဂတ်ဗမာပြည်တွင် ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းပေးမည့်အစား နောက်ထပ် လက်နက်ကိုင်ပဋိပက္ခများ၏ အဆိုးသံသရာဆီသို့ မလွဲမသွေ ထပ်ကျော့ဦးတည်သွားပါလိမ့်မည်။ လောလောဆယ်၌ သတ်မှတ်ဖော်ထုတ်ထားပြီးသည့် အခြေခံမူ ( ၁၀၄ ) ချက်နှင့်အညီ နအဖမှ ရှေ့ဆောင်နေသော အခြေခံဥပဒေရေးဆွဲရေးဖြစ်စဉ်တခုလုံးသည် စစ်အစိုးရအား တိုင်းပြည်တွင်းတည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ရန်ဟူသောအကြောင်းပြချက်ဖြင့် ၎င်း၏စိုးမိုးမှုကို သက်တမ်းထပ်တိုးပေးရုံလွဲ၍ မည်သို့မျှ အဓိပ္ပါယ်ရှိမည်မဟုတ်ပေ။

## အကြံပြုချက်များ

- နိုင်ငံသားတိုင်းအတွက် တဦးချင်းအခွင့်အရေးများနှင့် တိုင်းရင်းသား လူမျိုးစုများအတွက် စုပေါင်းအခွင့်အရေးများအဖြစ် အခြေခံလူ့အခွင့်အရေးများကို အခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပြီး ယင်းအခွင့်အရေးများ ဖောက် ဖျက်ခံရသူများအတွက် အခြေခံဥပဒေအရ သက်သာခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည်။
- ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ခေတ်သစ်နိုင်ငံတွေးခေါ်မှုဖြင့် လမ်းညွှန်ရမည်။ ဆိုလိုသည်မှာ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်လာသည်[၁၉] ဟူသော အယူအဆအပေါ်အခြေခံ၍ လူထုကရွေးချယ်တင်မြှောက်ခြင်းခံရသူများက အုပ်ချုပ်ခြင်းသည်သာလျှင် တရားဝင်သည်[၂၀] ဟူသောအချက်မှာ စံထားချက်ဖြစ်စေရမည်။ အစိုးရ၏လုပ်ပိုင်ခွင့် အာဏာများကို ကန့်သတ်ရန်လိုအပ်သည်။ ဥပဒေစိုးမိုးရေးနှင့် ဥပဒေရှေ့မှောက်တွင် လူတိုင်း တန်းတူမှုရှိရေးတို့ကို လမ်းညွှန်မှုများတွင် ဖော်ပြပါရှိရမည်။ အခြေခံဥပဒေသည် တနိုင်ငံလုံးတွင် အမြင့်ဆုံးဖြစ်ရမည်။
- ဖက်ဒရယ်ပြည်ထောင်စုဘောင်အတွင်း၌ တိုင်းရင်းသားလူမျိုးစုအားလုံးအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူရေးအခြေခံပေါ်တွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များပါဝင်မှုကို ဖော်ထုတ်ရမည်။
- လူမျိုးပေါင်းစုံလူ့အဖွဲ့အစည်းတခုဖြစ်သော မြန်မာနိုင်ငံအတွက် သမတဦးဆောင်စနစ်သည် မကိုက်ညီဘဲ ဖက်ဒရယ်ပြည်ထောင်စုအစိုးရဖွဲ့စည်းနိုင်ရန် ဝန်ကြီးချုပ်က အုပ်ချုပ်ရေးအဖွဲ့အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်သည့် ပါလီမန်စနစ်ကို ကျင့်သုံးရမည်။
- အခြေခံဥပဒေတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးအဖွဲ့များအကြား အာဏာခွဲခြားမှုကို အပြန်အလှန် အထိန်းအကွပ်စနစ်တခုဖြင့် ရှင်းရှင်းလင်းလင်း သတ်မှတ်ထားရမည်။ ဥပဒေပြုအဖွဲ့သည် အခြေခံလွတ်လပ်ခွင့်များကို လျှော့ချကန့်သတ်ပစ်သည့် မည်သည့်ဥပဒေကိုမျှ ပြဋ္ဌာန်းပိုင်ခွင့် မရှိစေရ။
- တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှုဆိုင်ရာ ကုလသမဂ္ဂကြေညာချက်ကို အခြေခံဥပဒေနှင့်အညီ အာမခံရမည်။ တရားစီရင်ရေးအဖွဲ့သည် အဓိကအားဖြင့် အုပ်ချုပ်ရေးအဖွဲ့၊ အစိုးရအာဏာပိုင်များနှင့် အခြားသော ဒေသခံအာဏာရှင်များ၏ စွက်ဖက်မှုမှ လွတ်ကင်းစေရန် အခြေခံဥပဒေအုတ်မြစ်ကို ချမှတ်တည်ဆောက်ထားရမည်။ တရားသူကြီးများသည် အခြေခံဥပဒေနှင့် တရားဥပဒေများကိုသာ နာခံရမည်။ တရားရုံးချုပ်တွင် ၁၉၄၇ အခြေခံဥပဒေမှာကဲ့သို့ တရားစီရင်ရေးဆိုင်ရာအရ ပြန်လည်သုံးသပ်ပိုင်ခွင့်အာဏာ[၂၁] နှင့် ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော်အမိန့်၊ အာဏာပိုင်မေး စာချွန်တော်အမိန့်၊ အမှုခေါ်စာချွန်တော်အမိန့်များဆိုင်ရာ အခွင့်အာဏာရှိစေရမည်။ တရားစီရင်ရေးအာဏာကို ပြည်နယ် (သို့) ဒေသတရားစီရင်ရေးအဖွဲ့များကိုလည်း ဖြန့်ဝေပေးရမည်။

- နိုင်ငံလုံးဆိုင်ရာအဆင့်တွင် ဥပဒေပြုလွှတ်တော်နှစ်ရပ်စနစ်ထားပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးယူနစ်များသည် အာဏာနှင့် အဆင့်အတန်းအရ ထပ်တူညီရမည်။
- ဗဟို ( ဝါ ) ဖက်ဒရယ်ပြည်ထောင်စုအဆင့်နှင့် ပြည်နယ် ( ဝါ ) ဒေသအဆင့်များတွင် ကျင့်သုံးရမည့် ရွေးကောက်ရေးစနစ်နှင့်ပတ်သက်၍ အချိုးကျကိုယ်စားပြုစနစ်သည် တိုင်းရင်းသားလူမျိုးစု အမျိုးမျိုးအကြားတွင်လည်းကောင်း၊ အခြားသော လူမှုလူတန်းစား အလွှာများအကြားတွင်လည်းကောင်း၊ တန်းတူညီမျှရေးကို အားပေးမြှင့်တင်နိုင်ရန် သင့်လျော်သော စနစ်ဖြစ်သည်။
- တိုင်းရင်းသားလူနည်းစုများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အခြေခံဥပဒေအရ အခိုင်အခန့်တည်ဆောက်ရမည်။ ဤအတွက် နိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုအခြေခံပေါ်တွင် ကိုယ်စားပြုပါလီမန်ဒီမိုကရေစီဖြင့် ပြန်လည်တည်ဆောက်ဖွဲ့စည်းနိုင်ရန် တင်းကြပ်သည့် ဗဟိုချုပ်ကိုင်မှုကို လျှော့ချရမည်။ ဗဟိုနှင့် အခြေခံယူနစ်များကြားတွင် သီးသန့်၊ ထပ်တူပြုနှင့် ကြွင်းကျန်ဥပဒေပြုအာဏာများ ခွဲဝေမှုကို သတ်မှတ်ပြဋ္ဌာန်းထားရမည်။
- အစိုးရအဆင့်အသီးသီး၌ ပွင့်လင်းဖြောင့်မတ်မှု၊ တာဝန်ခံမှုနှင့် ကောင်းမွန်သော လွှမ်းမိုးအုပ်ချုပ်မှုမူများ ကျင့်သုံးခြင်းကို လေ့လာစောင့်ကြည့်ရန်အတွက် နိုင်ငံလုံးဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကဲ့သို့သော အစိုးရနှင့် ဆက်စပ်သည့် တိုင်းပြည်အဆောက်အအုံများကို အခြေခံဥပဒေနှင့်အညီ တည်ထောင်ရမည်။
- မိမိတို့၏ ပြည်နယ်အခြေခံဥပဒေများအရ နိုင်ငံလုံးဆိုင်ရာ ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ အတူတကွ ယှဉ်တွဲတည်ရှိမှုဆိုင်ရာ ဥပဒေအခြေခံဘောင်ကို စီစဉ်ဖွဲ့တည်ရမည်။ ဒေသန္တရနိုင်ငံရေးအဆောက်အအုံများ တည်ရှိမှုကိုလည်း ပြဋ္ဌာန်းရမည်။ ယင်းအဆောက်အအုံများ ခိုင်မာတရားဝင်ရန် ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေတွင် ဖွဲ့တည်ထည့်သွင်းထားသော ကိုယ်စားပြုမှုမူများကို လေးစားလိုက်နာရမည်။
- ဗဟို၊ ပြည်နယ် (သို့) ဒေသကြီးနှင့် ဒေသန္တရအစိုးရများဆိုင်ရာ အုပ်ချုပ်ရေးအဆင့်အသီးသီးတွင် လူထုအဓိက လူ့အဖွဲ့အစည်းအခြေခံများ ပေါ်ထွန်းလာစေရန် လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခြင်း၊ စုဝေးခြင်း၊ ထုတ်ဖော်ပြောဆိုခြင်း ဟူသော အခြေခံလွတ်လပ်ခွင့်သုံးမျိုးကို အခြေခံဥပဒေအရ အာမခံရမည်။
- တန်းတူရေးနှင့်ညီမျှရေးသည် အခြေခံဥပဒေ၏ အချက်အချာမူဝါဒဖြစ်ရမည်၊ ယင်းမူဝါဒအပေါ်တွင် အခြေခံဥပဒေဘောင်ကို ချမှတ်ရမည်။ ယင်းတွင် ဖွဲ့စည်းပါဝင်သည့် ယူနစ်များအကြား ဘဏ္ဍာငွေညီညီမျှမျှ ဖြန့်ဝေနိုင်ရန်အတွက် ဘဏ္ဍာရေးကော်မရှင်ကို အစိုးရနှင့်ဆက်စပ်သော်လည်း လွတ်လပ်သည့် အဖွဲ့အစည်းတခုအဖြစ် ဖွဲ့စည်းတည်ထောင်ရေးလည်း ပါဝင်သည်။
- အခြေခံဥပဒေသည် ပြည်သူလူထု၏ လိုလားမျှော်မှန်းချက်များကို ဖြည့်ဆည်းရမည်။ ယှဉ်ပြိုင်မှုကို ခွင့်ပြုသော်လည်း ပူးပေါင်းဆောင်ရွက်မှုလည်းရှိရမည်။ လူ့အဖွဲ့အစည်း၏ အားနည်းသည့် အစိတ်အပိုင်းများအတွက် အားဖြည့်လုပ်ရပ်များ ဆောင်ရွက်ပေးရမည်။ ဤသို့ဖြစ်နိုင်ရန် လွတ်လပ်သည့်အသင်းအဖွဲ့များ၊ အစိုးရမဟုတ်သည့် အသင်း

အဖွဲ့များ၊ ဥပဒေအထောက်အကူပြုအဖွဲ့များ တည်ထောင်မှု၊ တည်ရှိမှုနှင့် လည်ပတ်ဆောင်ရွက်မှုကို အခြေခံဥပဒေနှင့်အညီ အာမခံရမည်။

- အခြေခံဥပဒေသည် တဦးချင်းအကျိုးစီးပွားနှင့် စုပေါင်းအကျိုးစီးပွားများအကြား ချိန်ခွင်လျှာမျှအောင် ထိန်းညှိပေးရမည်။ ငြိမ်းချမ်းသည့်နည်းများဖြင့် ပဋိပက္ခဖြေရှင်းရေးသည် နောက်ဆုံးရည်မှန်းချက်ဖြစ်ရမည်။

---

1 Popular Sovereignty
2 Social Harmony
3 Human security
4 State security
5 Human security and fulfillment
6 Mechanism
7 Civilian Supremacy
8 Good governance
9 Separation of power
10 habeas corpus
11 mandamus
12 prohibition
13 Quo warranto
14 Certiorari
15 High Court, which is Head of the State Judiciary;
16 The power of judicial review
17 International Covenant on Civil and Political Rights
18 Privacy
19 Popular Sovereignty
20 Legitimacy to govern
21 Judicial review

❖ ❖ ❖

အခြေခံဥပဒေရေးရာ

# ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ...... မည်သူလျှင်အမြင့်ဆုံးဖြစ်မည်လဲ

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အဓိပ္ပါယ်ဖွင့်ရေးဟာ မရှိမဖြစ်လိုအပ်တယ်။ လက်ရှိအနေအထားမှာ ပြည်သူလူထုတွေဟာ ရွေးကောက်ခံကိုယ်စားလှယ်တွေထက် တရားစီရင်ရေးအဖွဲ့အပေါ်မှာ ပိုပြီးယုံကြည်မှုရှိဖို့ အလားအလာများတယ်။

တရားရုံးတွေဟာ မိမိတို့လုပ်ပိုင်ခွင့်အာဏာနဲ့ အခန်းကဏ္ဍအကန့်အသတ်ထက် ဘောင်ကျော်နေသလား၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက သတ်မှတ်ထားတဲ့ ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးပိုင်းတွေမှာရှိတဲ့ ရွေးကောက်ခံကိုယ်စားလှယ်တွေရဲ့ အခန်းကဏ္ဍနဲ့ အခွင့်အာဏာတွေအပေါ် ကျူးကျော်စွက်ဖက်နေသလားဆိုတဲ့ ပြဿနာဟာ နိုင်ငံလုံးဆိုင်ရာ အချေအတင် ငြင်းခုံစရာ အချက်အချာအဖြစ်ကို မကြာမီက ရောက်ရှိလာပါတယ်။

"တရားရုံးချုပ်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဖက်ဒရယ်စနစ်ကို စိန်ခေါ်ခြင်း" ဆိုတဲ့ အရေးပါတဲ့ စာအုပ်ကို ပညာရှင်ပရန်ချိုပရား ( Pran Chopra ) က နယူးဒေလီမှာ စီစဉ်တည်းဖြတ်ပြီး ၂၀၀၆ ခုနှစ်မှာ ထုတ်ဝေခဲ့တယ်။ ဒီစာအုပ်ထဲမှာ အများလေးစားခံရတဲ့ ပုဂ္ဂိုလ်တွေ၊ ပညာရှင်တွေ ပါဝင်ရေးသားထားတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုယ်၌ကို တရားရုံးချုပ်က စိန်ခေါ်နေတာဟာ ဒီမိုကရေစီကို ထိခိုက်နစ်နာစေတယ်ဆိုတဲ့ မစ္စတာပရန်ချိုပရားရဲ့ ထူးခြားဆန်းသစ်တဲ့ သဘောထားအမြင်ကို တင်ပြထားတာဖြစ်တယ်။ တရားရုံးချုပ်ဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုရေးနဲ့ သင့်လျော်စွာ အကောင်အထည်ဖော်ရေးကို အာမခံခြင်းမှာသာ ကန့်သတ်မနေဘဲ "အခြေခံဖွဲ့စည်းတည်ဆောက်ပုံ" သဘောတရားတခုကို ထိုးထည့်လာတယ်။ ဒီသဘောတရားအလိုအရ အခြေခံဥပဒေမှာ ကန့်သတ်ပြဋ္ဌာန်းမထားသော်လည်း ရွေးကောက်ခံကိုယ်စားလှယ်တွေဟာ အခြေခံဥပဒေရဲ့ အခြေခံအင်္ဂါရပ်တွေကို မပြင်ဆင်နိုင်ပါဘူး။

ဥပဒေတွေဖန်တီးဖို့နဲ့ အခြေခံဥပဒေကိုပြင်ဆင်ဖို့အတွက် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းဟာ ရွေးကောက်ခံမဟုတ်တဲ့ လူပုဂ္ဂိုလ်အစုလေးတစုက တံခါးပိတ်စည်းဝေးဆုံးဖြတ်တာမဟုတ်ဘဲ အကြောင်းကိစ္စရပ်တွေကို ဥပဒေပြုလွှတ်တော်တွေအတွင်း လူသိရှင်ကြား အချေအတင် ဆွေးနွေးငြင်းခုံပြီး မဲပေးဆုံးဖြတ်တာဖြစ်တယ်လို့ မစ္စတာချိုပရားက ဆိုပါတယ်။

နိုင်ငံရေးသမားတွေ ကိုယ့်တာဝန်ကိုယ် မှန်မှန်ကန်ကန်မဆောင်ရွက်လို့ အဲဒီလွဲမှားအုပ်ချုပ်မှုဒဏ်ကနေ တစုံတရာ သက်သာရာရအောင် တရားသူကြီးတွေက ဆောင်ကျဉ်းပေးရတဲ့အတွက် တရားသူကြီးတွေရဲ့အာဏာကို အသစ်ထွင် ( တလွဲတချော် ) အဓိပ္ပါယ်ဖွင့်ဆိုမှုတွေကတဆင့် တိုးချဲ့မှုကို အားပေးထောက်ခံစရာ အကြောင်းမရှိပါဘူး။ အဲသလို တရားရေးစွက်ဖက်မှုနဲ့ အဓိပ္ပါယ်ဖွင့်ဆိုမှုတွေမှာ ဘယ်လိုကောင်းကျိုးပြုတဲ့ရလဒ်တွေရှိရှိ၊ နောက်ဆုံးရလဒ်ကောင်း ထွက်တာကြောင့် မကောင်းတဲ့နည်းလမ်းတွေကို လက်ခံအတည်ပြုရာမရောက်ဘူးလို့ မစ္စတာချွတ်ပရားက သုံးသပ်ပါတယ်။

မစ္စတာချွတ်ပရားအဆိုကို ထောက်ခံတဲ့ဘက်မှာ အများကြီး အချက်အလက်ရှိတယ်ဆိုတာ လက်ခံရမှာဖြစ်ပါတယ်။ ဒီကနေ့ရဲ့ စိတ်ပျက်စရာနိုင်ငံရေးဇာတ်ခုံလို အလားအလာမကောင်းတဲ့ ပတ်ဝန်းကျင်အနေအထားမှာတောင်မှ သူဟာ အများပြည်သူသိ အချီအချဆွေးနွေးမှုနဲ့ ရွေးကောက်ခံကိုယ်စားလှယ်များမှတဆင့် ပြည်သူ့အချုပ်အခြာအာဏာကျင့်သုံးဖို့ လိုအပ်မှုအပေါ် ယုံကြည်ချက်ထားနေပါတယ်။ သူ့ပင်မစာတမ်း၊ နောက်ဆက်တွဲ နှီးနှောဖလှယ်ပွဲနဲ့ ဒီစာအုပ်အားလုံးဟာ လူသိရှင်ကြား အချေအတင် ဆွေးနွေးငြင်းခုံရေးဘာသာရပ်အတွက် အကျိုးပြုချက်တွေဖြစ်ပါတယ်။ ဒီ အများသိ ဆွေးနွေးရေးဟာ ကျနော် တို့ရဲ့အကျပ်ဆိုက်နေတဲ့ ဒီမိုကရေစီအတွက် ကောင်းကျိုးသာဖြစ်စေပါလိမ့်မယ်။ ဒ့ါအပြင် "ဖက်ဒရယ်စနစ်" လို့ သူခေါ်တဲ့၊ အောက်ခြေလူထုဒီမိုကရေစီကျကျ ပါဝင်ဆောင်ရွက်မှုအားဖြင့် ဆုံးဖြတ်ချက်ချရေးဖြစ်စဉ်အပေါ် ဗဟိုချုပ်ကိုင်မှုဖျက်သိမ်းရေး လိုအပ်မှုအတွက် သူက ပြင်းပြင်းထန်ထန် ရပ်ခံဆော်သြတာ၊ အမျိုးမျိုးသော လူများစုတွေရဲ့ ဖိနှိပ်မှုအန္တရာယ် တွေကို ကြိုတင်သတိပေးထားတာတွေဟာ ဒီမိုကရေစီအပေါ် သူ့ယုံကြည်ခံယူချက်ကို ထပ်မံဖော်ပြနေပါတယ်။ နောက်ဆုံးအားဖြင့်ပြောရရင် တရားစီရင်ရေးပိုင်းရဲ့ စွက်ဖက်မှုတွေ အဓိပ္ပါယ်ဖွင့်ဆိုမှုတွေကြောင့် စိုးရိမ်ပူပန်စရာဖြစ်လာနေတဲ့ နယ်ပယ်တချို့ သေချာပေါက်ရှိနေပါတယ်။ ဥပမာအားဖြင့် တရားစီရင်ရေးကို မတော်မတရား အပုပ်ချတဲ့အတွက် သတင်းမီဒီယာတွေအပေါ် အသရေဖျက်မှု တရားစွဲဆိုတာတွေ မကြာသေးမီက စလုပ်လာတာမျိုးဖြစ်ပါတယ်။

အဲသလိုတွေရှိပေမဲ့လည်း သူ့ချဉ်းကပ်နည်းမှာ ဆိုးဆိုးဝါးဝါးချို့ယွင်းချက်ရှိနေပါတယ်။ ဒါဟာ သူ့ရဲ့ ကြိုတင်စိတ်ကူးယူဆထားချက်တွေကြောင့်ရယ်၊ အစီအစဉ်ဇယားအတိုင်းပုံသေကားကျ ကြိုတင်သတ်မှတ်ချက်ကြောင့်ရယ်ဖြစ်တယ်။ ဒါနဲ့ပဲ ဒီစာအုပ်ဟာ အချက်အချာကျတဲ့ ပင်မကိစ္စရပ်တွေကို ပုံပျက်ပန်းပျက်တင်ပြထားတာ ဖြစ်သွားတယ်။ ပြဿနာစတာက စာအုပ်နာမည်ကိုယ်၌က ဖြစ်ပါတယ်။ အဲဒီမှာ "အခြေခံဥပဒေ" လို့ခေါ်တဲ့ဟာ တခုရှိနေတယ်လို့ ကြိုတင်ယူဆထားတယ်၊ အဲဒီအရာဝတ္ထုဟာ မြင့်မြတ်စင်ကြယ်တယ်၊ အရာရာတိုင်းရဲ့အထက်မှာရှိတယ်၊ ထင်သာမြင်သာရှိတယ်၊ သူ့ဟာသူ သိသာထင်ရှားစွာပဲ နားလည်လွယ်တယ်၊ လူတိုင်းအတွက် အချိန်မရွေး အလွယ်တကူ လက်လှမ်းမှီတယ်လို့ ယူဆထားတယ်။ အဲဒီအခြေခံဥပဒေဟာ စာနဲ့ရေးထားတဲ့အတိုင်း အကောင်အထည်ဖော်လို့ရနိုင်တယ်၊ အဓိပ္ပါယ်ဖွင့်ဆိုတဲ့ဖြစ်စဉ် ကွေ့ကွေ့ကောက်ကောက်နဲ့ ပြဿနာပေါ်စရာမရှိဘဲနဲ့ ဒီကနေ့ ရပ်တည်နေတယ်လို့ ယူဆထားတယ်။ ဒီအံ့အားသင့်စရာလျှောက်လဲချက်အတွက် သူအကြောင်းပြတာကတော့ ကျနော်တို့ အခြေခံဥပဒေဟာ အင်မတန်ရှည်ပြီးအသေးစိတ်ကျလို့ဖြစ်တယ်တဲ့။ ဒါကြောင့် အခြေခံဥပဒေအဓိပ္ပါယ်ဖွင့်ဆိုမှုနဲ့ တရားရေးအရ

ပြန်လှန်သုံးသပ်အကဲဖြတ်မှုတွေနဲ့ပတ်သက်ပြီး အမေရိကန်အတွေ့အကြုံ၊ အင်္ဂလိပ်အတွေ့အကြုံတွေဟာ ကျနော်တို့အနေအထားမှာ မကိုက်ညီဘူး။ ဘာ့ကြောင့်လဲဆိုတော့ အမေရိကန်မှာ အခြေခံဥပဒေက အင်မတန်တိုတိုလေးပဲရှိပြီး အင်္ဂလိပ်ကျတော့ အခြေခံဥပဒေကို တရားဝင် စာနဲ့ ပေနဲ့ ရေးထားတာမရှိလို့ဖြစ်တယ် ဆိုပြီး မစ္စတာချုတ်ပရားက ဆိုထားတယ်။

ကံမကောင်းအကြောင်းမလှစွာပဲ အရာကိစ္စတွေဟာ အဲသလောက်ရိုးရိုးစင်းစင်း ဖြစ်မနေပါဘူး။ ဘာလို့လဲဆိုတော့ စာလုံး သုံးလေးထောင်လောက် သို့မဟုတ် ဒါ့ထက်တောင်မှ အများကြီး ပိုရေးထားရုံနဲ့ အချိန်ကာလတွေ ဖြတ်သန်းလာပြီးတဲ့အခါ လူ့အဖွဲ့ အစည်းတွင်း ပေါ်ထွက်လာတဲ့အကြောင်းကိစ္စရပ်တွေရဲ့ အင်မတန်သေးငယ်တဲ့ တစိတ်တပိုင်းလေးကို တောင် လွှမ်းခြုံနိုင်ဖို့ ခဲယဉ်းလှတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ဒ့ါအပြင် အခြေခံဥပဒေတွေဟာ ဒြပ်မဲ့စိတ်ကူးတွေ၊ ယေဘုယျတွေကို မလွဲမသွေ ကိုင်တွယ်ရပါတယ်။ အဲဒါတွေကို သီးသန့်ထူးခြားတဲ့အခြေအနေတွေမှာ အသုံးချရတာဖြစ်တယ်။ နောက်ပြီးတော့ ပုဒ်မတွေ စာပိုဒ်တွေရဲ့ အဓိပ္ပါယ်ကလည်း အမြဲတမ်း ရှင်းရှင်းလင်းလင်းရှိတာမဟုတ်ပါဘူး။ အခြေခံဥပဒေရေးဆွဲကြံဆသူများ ဘာကိုရည်ရွယ်ခဲ့သလဲဆိုတဲ့ အများကြီး ငြင်းခုံဆွေးနွေးရတဲ့ ပြဿနာလည်းရှိသေးတယ်။ အတွေ့အကြုံအရဆိုရင် အဲဒါကို ရှာဖွေတွေ့ရှိဖို့ကလည်း မလွယ်လှပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ထင်ရှားကျော်ကြားတဲ့ အိန္ဒိယအခြေခံဥပဒေ ပါရဂူတယောက်ဆိုထားသလို အခြေခံဥပဒေဆိုတာ အလုပ်ဖြစ်ရပါလိမ့်မယ်။ ဆိုလိုတာက လူ့အဖွဲ့အစည်းထဲက ယောက်ျား မိန်းမတွေဟာ မိမိတို့လိုအပ်ချက်တွေ ရည်မှန်းချက်တွေအတွက် အခြေခံဥပဒေကို သုံးစွဲဆောင်ရွက်ရပါမယ်။ လူ့အဖွဲ့အစည်း၊ စီးပွားရေး၊ နည်းပညာတွေ ပြောင်းလဲတာနဲ့အမျှ အတွေးအခေါ်၊ ခံစားချက်၊ ဆန္ဒတွေ ပြောင်းလဲကြတယ်။ အခြေအနေတရပ်မှာ ရေးဆွဲခဲ့တဲ့ဟာကို ဆယ်စုနှစ်တွေ၊ ရာစုနှစ်တွေလွန်ပြီးနောက် အင်မတန့်ကို ကွဲပြားခြားနားတဲ့အနေအထားမှာ အကောင်အထည်သွားဖော်ရတယ်။ တချိန်က လက်ခံနိုင်စရာဖြစ်ခဲ့တာဟာ နောက်တချိန်မှာ လက်မခံနိုင်စရာဖြစ်သွားနိုင်တယ်။ ဥပမာပြရရင် တချိန်တုန်းက အသားအရောင်ခွဲခြားသတ်မှတ်မှု ( Sergergation ) ကို အခြေခံဥပဒေနဲ့ညီတယ်လို့ ယူဆခဲ့ကြပေမဲ့ ဆယ်စုနှစ်များစွာကြာတဲ့အခါမှာ အမေရိကန်တရားရုံးချုပ်က အဲဒီ “ခွဲခြားထားသော်လည်း တန်းတူညီမျှခြင်း” သဘောတရားကို ပယ်လှန်စီရင်လိုက်တယ်။ တိုတိုပြောရရင် အဓိပ္ပါယ်ဖွင့်ဆိုရေးဆိုတာ ရှောင်လို့မရနိုင်ပါဘူး။ ဘယ်ဖွင့်ဆိုချက်က ဥပဒေနဲ့ကိုက်ညီပြီး ဘယ်ဖွင့်ဆိုချက်ကတော့ မကိုက်ညီဘူးဆိုတာတွေ၊ လက်ခံနိုင်လောက်စရာ အဓိပ္ပါယ်ဖွင့်ဆိုမှုဖြစ်ဖို့ လိုအပ်တဲ့နည်းနာ ဖော်ထုတ်မှုပိုင်းနဲ့ စံသတ်မှတ်ချက်တွေက ဘာတွေဆိုတာကိုတော့ အချေအတင်ဆွေးနွေးငြင်းခုံနိုင်ပါတယ်။ ဒါဟာ အများပြည်သူကဏ္ဍ ( ဝါ ) လူ့အဖွဲ့အစည်းရဲ့ ဆွေးနွေးပြောဆိုချက်မှာ အစိတ်အပိုင်းတခုဖြစ်ပါတယ်။

## အခြေခံဖွဲ့စည်းတည်ဆောက်ပုံ

တရားရုံးချုပ်ရဲ့ “အခြေခံဖွဲ့စည်းတည်ဆောက်ပုံ” အယူအဆဟာ ထူးခြားတဲ့ နိုင်ငံရေးအနေအထားတခုမှာ ဒီမိုကရေစီနဲ့ ပြည်သူ့လွတ်လပ်ခွင့်တွေအပေါ် သိသာမြင်သာတဲ့

လက်ငင်းအခြေ့ ရာယ်တွေကနေ အခြေခံဥပဒေကို ကာကွယ်ဖို့ ကြိုးပမ်းချက်အဖြစ် သင့်တော်စွာကြည့်မြင်နိုင်ပါတယ်။ ဥပမာအနေနဲ့ပြောရရင် အိန္ဒိယအခြေခံဥပဒေဟာ ဂျာမန်အခြေခံဥပဒေလို တချို့အင်္ဂါရပ်တွေကို အခြေခံကျတဲ့၊ ပြောင်းလဲမပစ်နိုင်တဲ့ အင်္ဂါရပ်တွေအဖြစ် ရှင်းရှင်းလင်းလင်း သတ်မှတ်မထားပေမဲ့လည်း အဲသလို အဓိပ္ပါယ်ဖွင့်ဆိုမှုမျိုးဟာ မဖြစ်နိုင်တာတော့ ဟုတ်ပုံမရပါဘူး။ သို့သော်လည်း တရားရုံးချုပ်က ဘယ်ဟာကဖြင့် အခြေခံဆိုပြီး မသတ်မှတ်ခဲ့ခြင်းဟာ အချိန်ကြာလာတာနဲ့အမျှ အရာကိစ္စတွေ တရွေ့ရွေ့ဖြစ်ပေါ်ပြောင်းလဲလာနိုင်လို့ဆိုတဲ့ အကြောင်းရင်းခံပေါ်ကနေ ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ ဒီနေရာမှာလည်း အခက်အခဲတွေရှိနေပြန်တယ်။ ဥပမာ၊ အခြေခံဥပဒေရဲ့ ဖခင်ကြီးတွေက မူလအခွင့်အရေးကဏ္ဍထဲမှာ အခြေခံအင်္ဂါရပ်တခုအဖြစ် ထည့်သွင်းခဲ့တဲ့ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို ဒီကနေ့ ဘယ်သူက ကာကွယ်ပေးမှာလဲ။ လက်တွေ့မှာ ၁၉၅၀ ခုနှစ်များတုံးက တရားရုံးချုပ်ဟာ ဒီပုဒ်မအခြေခံပေါ်ကနေ မြေယာပြုပြင်ပြောင်းလဲရေးဥပဒေ တသီကြီးကို ပယ်ချပစ်ခဲ့တယ်။ ဒီကနေ့မှာတော့ ဒီကိစ္စရပ်ပေါ်မှာ တရားရုံးချုပ်ရဲ့ရပ်တည်ချက်ဘက်ကနေ ကာကွယ်ရပ်ခံမယ့်လူ များများစားစားရှိမယ့်ပုံမပေါ်ပါဘူး။ မြေယာပြုပြင်ပြောင်းလဲရေးဥပဒေတွေ ရေးဆွဲအကောင်အထည်ဖော်ရာမှာ ဘယ်လောက်ပဲ အကန့်အသတ်ရှိပါစေ၊ နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှု၊ လူမှုရေးတရားမျှတမှု၊ နိုင်ငံရေးတည်ငြိမ်မှုအတွက် အကျိုးပြုရာမှာလည်း ဘယ်လောက်ပဲအကန့်အသတ်ရှိပါစေ အဲဒီဥပဒေတွေကိုယ်၌ရဲ့ ဉာဏ်အမြော်အမြင်နဲ့ပြည့်စုံမှုကိုလည်း ဘယ်သူမှ မေးခွန်းသိပ်မထုတ်ကြတော့ပါဘူး။ တနည်းပြောရရင် အခြေခံလို့ယူဆထားတာဟာလည်း ပြောင်းလဲတတ်ပါတယ်။ ဒါကြောင့် အခြေခံဥပဒေ အဓိပ္ပါယ်ဖွင့်ဆိုချက်တွေကို စဉ်းစားရာမှာ ကျနော်တို့ဟာ ပိုကျယ်ပြန့်တဲ့မေးခွန်းကို မေးရတော့မယ်။ ဒါကတော့ ကျနော်တို့တတွေ ဘယ်လိုလူ့အဖွဲ့အစည်းမျိုး၊ နိုင်ငံရေးပုံ သဏ္ဌာန်မျိုးမှာနေချင်သလဲ၊ ဒါကို ဘယ်လိုရယူနိုင်မလဲ ဆိုတဲ့မေးခွန်းဖြစ်ပါတယ်။

တရားရုံးချုပ်ဟာ မိမိခံယူချက်သဘောတရားရှိနေတဲ့ကြားက ( ၁၉၈၅ ) ခုနှစ် အရေးပေါ်အခြေအနေကိုရော၊ အရေးပေါ်အခြေအနေရဲ့ လွန်ကျူးမှုတွေကိုရော မတားဆီးနိုင်ခဲ့တာဟာ တကယ့်ကမ္ဘာလောကကြီးထဲက ၎င်းရဲ့အကန့်အသတ်တွေကို ဖော်ပြလိုက်တာပဲ ဖြစ်ပါတယ်။ တကယ်တမ်းအားဖြင့် တရားစီရင်ရေးပိုင်းရဲ့ ထုတ်ဖော်ကြေညာချက်တွေဟာ အများပြည်သူ့အမြင်သဘောထား ဖန်တီးချက်ရဲ့ တစိတ်တပိုင်းသာဖြစ်ပြီး မစ္စတာချွတ်ပရားပြောသလို အများပြည်သူ့အမြင်သဘောထားနဲ့ တသီးတခြားဖြစ်တဲ့ မတူကွဲပြားတဲ့ အရာမဟုတ်ပါဘူး။ တရားစီရင်ရေးပိုင်းမှာ အုပ်ချုပ်ရေးပိုင်းနဲ့ ဥပဒေပြုရေးပိုင်းတွေလို မိမိထိန်းချုပ်မှုအောက်က အင်အားကိုသုံးနိုင်တာ၊ လူထုကိုစုစည်းနိုင်တာမျိုးမရှိဘဲ ခုနပြောတဲ့ နိုင်ငံတော်အာဏာမဏ္ဍိုင်ကြီးတွေကို ရင်ဆိုင်ပြီး မိမိဆုံးဖြတ်ချက်တွေ အသက်ဝင် အာဏာတည်စေဖို့ရာမှာ လူ့အဖွဲ့အစည်းတွင်းက မိမိဂုဏ်သိက္ခာနဲ့ တရားဝင်မှုကိုသာ အားထားရတယ်။ ဒါကြောင့် တရားသူကြီးတွေကို "ရွေးကောက်ခံမထားရသူတွေ" "တံခါးပိတ်စည်းဝေးပြီး ဆုံးဖြတ်ချက်တွေချနေတဲ့ အုပ်စုကလေး" လို့ နှိမ်တာဟာ မတရားပါဘူး။ အဲသလိုပုံစံမျိုးသာ သူတို့ကို သရုပ်ဖော်မယ်ဆိုရင် ဘာကြောင့် တရားစီရင်ရေးပိုင်းကို၊ ဒါမှမဟုတ်လည်း အနည်းဆုံးတော့ တရားစီရင်ရေးပိုင်းရဲ့ ပြန်လှန်သုံးသပ်မှုကို လုံးလုံးလျားလျား ဖယ်ရှားဖြုတ်ပယ်မပစ်

တာလဲ။ ဒါမှမဟုတ် တချို့တိုင်းပြည်တွေက တစုံတရာသော အခြေအနေတွေမှာ လုပ်သလို ရွေးကောက်ပွဲလုပ်ပြီးခန့်တာမျိုး ဘာကြောင့်မလုပ်သလဲ။

အမှန်ပါပဲ၊ စာအုပ်ဆုံးခါနီးမှာ မစ္စတာချွတ်ပရားက အခြေခံဥပဒေဟာ "အမည်မပါသောဖက်ဒရယ်" ဖြစ်တယ်လို့ (စာမျက်နှာ ၂၇၁) မှာဆိုထားတယ်။ ဒါပေမဲ့ တဖက်မှာတော့ နိုင်ငံ့ဖခင်ကြီးတွေဟာ ပိုမိုအင်အားကောင်းတဲ့ဗဟိုအစိုးရ လိုချင်လို့ "ဖက်ဒရယ်ပြည်ထောင်စု" ကို "ပြည်ထောင်စု" အဖြစ်သို့ သင့်လျော်စွာ ဆွေးနွေးတိုင်ပင်ပြီးနောက် ပြောင်းပစ်လိုက်တာဖြစ်တယ်လို့လည်း ချွတ်ပရားက (စာမျက်နှာ ၂၅၄) တွင် ဝန်ခံထားသေးတယ်။ တကယ့်တကယ်မှာတော့ မစ္စတာချွတ်ပရားဟာ သူ့စာအုပ်ရဲ့ခေါင်း စဉ်ငယ်က ရည်ညွှန်းနေတဲ့အတိုင်း "ဖက်ဒရယ်စနစ်" ကို အခြေခံဥပဒေရဲ့ အခြေခံပန္နက်အဖြစ် မှတ်ယူထားတယ်။ ဒါတင်မက သူဟာ "လူမျိုးစုဝါဒ" လို့ သူနာမယ်ပေးထားတဲ့ဟာကိုလည်း ဆွေးနွေးမှုခွင်ထဲသွင်းလာပြီး အဲဒါဟာ ဒီတိုင်းပြည်က စည်းမျဉ်းခံဒီမိုကရေစီစနစ် အခြေခံမှုတွေအတွက် အကြီးဆုံးအန္တရာယ်ဖြစ်တယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒီဖွင့်ဆိုချက်တွေဟာ တရားစီရင်ရေးက ထုတ်ဖော်ကြေညာခဲ့သမျှထက်ကို ပိုပြီးစွက်ဖက် ထိုးသွင်းရာရောက်တာကို ဘယ်သူမှ သိပ်မငြင်းနိုင်ပါဘူး။

ဒီတော့ ဖွင့်ဆိုချက်ပြီး ဖွင့်ဆိုချက်တွေရှိနေတယ်။ ဒါပေမဲ့ ဒီအခါ မေးစရာဖြစ်လာတာက ဘယ်အဓိပ္ပါယ်ဖွင့်ဆိုချက်က နောက်ဆုံးအပြီးအပြတ်ဖြစ်သလဲ၊ ဘယ်ဖွင့်ဆိုချက်ကို အကောင်အထည်ဖော်ရမှာလဲဆိုတာကို အဆုံးအဖြတ်ပေးမဲ့ နောက်ဆုံး အာဏာပိုင်က ဘယ်သူလဲ၊ ဥပဒေပြုအဖွဲ့လား၊ သို့မဟုတ် တရားစီရင်ရေးအဖွဲ့လား။ "အာဏာသုံးရပ်ပိုင်းခြားရေး" သဘောတရားက သက်ဆိုင်ရာအဆောက်အအုံတွေရဲ့ အာဏာတွေကို ရှင်းရှင်းလင်းလင်း သတ်မှတ်–ပိုင်းခြား–ခန့်ခွဲပေးထားတယ်မဟုတ်လား။ နောက်ပြီး ဒီမိုကရေစီရဲ့ တကယ့်အဓိပ္ပါယ်သတ်မှတ်ချက်ကိုယ်၌က မိမိတို့ရွေးကောက်လိုက်တဲ့ ကိုယ်စားလှယ်တွေကတဆင့် ပြည်သူလူထုရဲ့ကြီးစိုးမှုကို ရည်ညွှန်းနေတာမဟုတ်ဘူးလား။ လွတ်လပ်မှုနဲ့ ဒီမိုကရေစီကို ထိန်းသိမ်းကာကွယ်ဖို့ အာဏာသုံးရပ်ပိုင်းခြားရေးကို လိုအပ်ပေမဲ့ လုံးဝ အကြွင်းမဲ့ ပိုင်းခြားမှုဟာ အလုပ်မဖြစ်နိုင်ဘဲ အာဏာရှင်စနစ်ဆီ ဦးတည်သွားလိမ့်မယ်လို့လည်း ပြောကြတာရှိတယ်။ ဒါ့ကြောင့် ခေတ်သစ်ဒီမိုကရေစီနိုင်ငံတွေမှာ "ရောထွေးအစိုးရ" လုပ်ဖို့ ကြိုးစားနေကြတယ်။ အဲဒီစနစ်မှာ အာဏာတွေ ထပ်နေ၊ ယှက်နေ၊ ရောထွေးနေပြီး အပြန်အလှန် အထိန်းအကွပ်စနစ်ထားတယ်။ ( ဥပမာအနေနဲ့ ၂၀၀၂ ခု၊ အောက်စဖို့တက္ကသိုလ် ပုံနှိပ်တိုက်ထုတ်၊ ကာမစ်အယ်လ်ဟောလ် တည်းဖြတ်တဲ့ အောက်စဖို့ အမေရိကန်ဥပဒေလမ်းညွှန်စာအုပ်၊ စာမျက်နှာ ၇၃၃ မှ ၇၃၆ ပါ "အာဏာပိုင်း ခြားရေး" အပိုင်းကိုကြည့်ပါ။)

သို့သော်လည်း အုပ်ချုပ်ရေးအဖွဲ့နဲ့ ဥပဒေပြုအဖွဲ့အာဏာတွေအပေါ် တရားစီရင်ရေးအဖွဲ့ရဲ့ အကန့်အသတ်နဲ့ထိန်းချုပ်မှုကိုတောင် မကျေမနပ် မလိုမလားဖြစ်နေကြပါတယ်။ အခြေခံဥပဒေဟာ နိုင်ငံရေးသမားတွေကို အာဏာအခေါင်အချုပ် အပ်နှင်းထားတယ်ဆိုတဲ့ အဆိုမှန်စေအုံးတော့၊ ကျနော်တို့ရဲ့ အားနည်းသော ဒီမိုကရေစီစနစ်မှာတောင် ဂရုမစိုက်ဘဲနေလို့မဖြစ်တဲ့ လူထုအမြင်သဘောထားက နိုင်ငံရေးသမားတွေဘက်မှာ မရှိပါဘူး။ ဒါ ဘာကြောင့်လဲဆိုရင် မစ္စတာချွတ်ပရားပြောသလို ပါလီမန်ထဲမှာ သူတို့ရဲ့ ရိုင်းပျကြမ်းတမ်းတဲ့

အပြုအမူတွေကြောင့်တင်မဟုတ်ပါဘူး။ ပိုအဓိကကျတာက ဒီလူတွေရဲ့ အင်မတန်ပုံနဲ့လွန်းလှပြီး အတိုင်းအတာကြီးမားလွန်းလှတဲ့ အထိန်းအကွပ်မရှိ အကျင့်ပျက်ခြစားမှု၊ အများပြည်သူ သက်သာဖူလုံရေးကို သူတို့စိတ်မဝင်စားဘဲ ဥပေက္ခာပြုမှု၊ တရားဥပဒေအာဏာပိုင်စိုးမှု၊ ဒီမိုကရေစီတန်ဖိုးစံတွေနဲ့ အဆောက်အအုံတွေကို သူတို့ မလေးစားမှု၊ ရာဇဝတ်မှုတွေထဲ သူတို့ ပိုမိုဆိုးဆိုးဝါးဝါး ပတ်သက်ဆက်နွယ်လာမှုနဲ့ သူတို့ရဲ့ ဆိုးဝါးတဲ့အုပ်ချုပ်မှုတွေကြောင့် ဖြစ်ပါတယ်။

ဒီလိုအနေအထားမျိုးမှာ ဒီ တလွဲတချော်အုပ်ချုပ်ရေးအခြေအနေကို ကုစားနိုင်ဖို့ မစွတာချွတ်ပရားရဲ့ အကြံပြုချက်တွေဟာ လိုအပ်နေတဲ့ အရင်းအမြစ်ကျကျ လက်တံ့ရှည်ရှည် အပြောင်းအလဲတွေဖြစ်လာနိုင်ဖို့ လုံလောက်ပုံမရှိပါဘူး။ ဒါကြောင့် တရားစီရင်ရေးအဖွဲ့ဟာ အုပ်ချုပ်ရေးအဖွဲ့ထက် တန်ခိုးနိမ့်တာတွေ ဘယ်လောက်ပဲရှိရှိ၊ ပြည်သူ့လွတ်လပ်ခွင့်တွေ ထိန်းသိမ်းရပ်ခံရာမှာ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရာမှာ၊ နိုင်ငံရေးတွင် ဘာသာရေးဝင်မစွက်ရေးကို ရပ်ခံရာမှာ၊ တော်တည့်မှန်ကန်တဲ့ အုပ်ချုပ်ရေးဖော်ဆောင်ရာမှာ ဘယ်လောက်ပဲအားနည်းနည်း ပြည်သူလူထုတွေ၊ အထူးသဖြင့် ပညာအရည်အချင်းပိုရှိသူတွေဟာ လက်ရှိအခြေအနေမှာ မိမိတို့ရွေးကောက်ထားတဲ့ ကိုယ်စားလှယ်တွေထက် တရားစီရင်ရေးအဖွဲ့အပေါ်မှာ ပိုပြီး ယုံကြည်မှု ကြီးကြီးမားမားထားဖို့ အလားအလာများပါတယ်။ ပြည်သူလူထုရွေးကောက်တဲ့ ကိုယ်စားလှယ်တွေရဲ့ အာဏာပိုင်စိုးမှုအကြောင်း အခြေခံဥပဒေစကားပိုဒ်တွေ ဘယ်လောက်ပဲရွှတ်ရွှတ် ဘာမှထူးမှာ မဟုတ်ပါဘူး။

The Constitution: Who, if anybody, is supreme?
K. N. Hari Kumar (*The Hindu* Op-Ed 31 January 2006)

ဘာသာပြန်သူ
ဦးမျိုး (ဥပဒေ)

✱ ဘာသာပြန်သူ ဦးမျိုးသည် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ အလုပ်သင်ရှေ့နေဖြစ်ပါသည်။ ဤဆောင်းပါးသည် မြန်မာနိုင်ငံ အခြေခံဥပဒေရေးဆွဲရေးအတွက် အသုံးဝင်နိုင်ပါသည်။

❖ ❖ ❖

ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

# စားကျက်လုသူများ

**မင်းမြတ်ကျော်**

ပြစ်မှုဆိုင်ရာမှုခင်းများကို အရေးယူရာတွင် ပြစ်မှုဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရသည်။ ဆိုလိုသည်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေများနှင့်အညီ တရားစွဲအဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ရန်လိုသည်။ ထိုသို့လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိကို မှုခင်းများအား စစ်ဆေးစီရင်သည့် တရားရုံးများက စိစစ်ပြီး ဥပဒေပြဋ္ဌာန်းချက်များနှင့် မညီညွတ်လျှင် ပလပ်သင့်သည့်အမှုများကို ပလပ်ပြီး၊ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လုပ်ဆောင်ရန်လိုသည့်ကိစ္စရပ်များကို ဖြည့်ဆည်းလုပ်ဆောင်စေရန် ပြင်ဆင်၍ အမိန့်ချမှတ်သည်လည်း ရှိသည်။

အချို့သောမှုခင်းများသည် ပြစ်မှုဆိုင်ရာဥပဒေဖြင့် အရေးယူ တရားစွဲဆိုတင်ပို့ခြင်းမဟုတ်၊ အထူးကိစ္စရပ်များအတွက် သီးခြားပြဋ္ဌာန်းထားရှိသည့် အထူးဥပဒေများဖြင့် တရားစွဲဆိုတင်ပို့သည့် အမှုများလည်းရှိသည်။ ထိုသို့သောအမှုများကို မည်ကဲ့သို့ဆောင်ရွက်မည်နည်းဟု မေးစရာရှိလာသည်။ သီးခြားပြဋ္ဌာန်းချက်များမရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး၊ သီးခြားပြဋ္ဌာန်းချက်များရှိပါက ထိုသီးခြားပြဋ္ဌာန်းချက်များအတိုင်း တရားစွဲအဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

အထူးဥပဒေဖြင့် အရေးယူသည့်မှုခင်းများတွင် ပြည်ထဲရေးဌာန၏ ခွင့်ပြုမိန့်လိုအပ်သည်ဟု ပြဋ္ဌာန်းထားပါက တရားစွဲအဖွဲ့အစည်းအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ကို တောင်းခံရမည်ဖြစ်သည်။ ထိုသို့ပြဋ္ဌာန်းထားခြင်းမှာ နိုင်ငံသား တဦးတယောက် အား အထူးဥပဒေဖြင့် အလွယ်တကူ ဖမ်းဆီးအပြစ်မပေးနိုင်စေရန် နိုင်ငံသားတဦး၏ အခွင့်အရေးကို အထူးဥပဒေဖြင့် အရေးယူသည့်အခါ ကန့်သတ်ထားခြင်း၊ အကာအကွယ်ပေးထားခြင်း ဖြစ်သည်။

ထိုကဲ့သို့ ဥပဒေကပြဋ္ဌာန်းထားသော်လည်း လက်ရှိမြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်တွင် အဆိုပါပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးခြင်းရှိ မရှိကိုမူ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီ

ကျေးရွာတွင် ဖြစ်ပွားခဲ့သည့် ဒုရဲအုပ် ဝင်းသွင်ဦးနှင့် ဦးအေးမြင့် ခေါ်မြင့်အေးမောင်၏အမှုကို လေ့လာနိုင်ရန် တင်ပြလိုက်ပေသည်။

ဤအမှုဖြစ်ပွားပုံမှာ ၂၀၀၅ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့ ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာအတွင်း စားကျက်မြေ ၄၅၂.၅၉ ဧကကို ခလရ ၃၀ တပ်၊ အမှတ် ၂ တပ်မတော်အသင်းမွေးမြူရေးတပ်ရင်း၊ ကြံ့ဖွံ့အသင်းနှင့် မြို့နယ် စစ်မှုထမ်းဟောင်းများအဖွဲ့တို့က ခွဲဝေယူခဲ့ရာ လယ်သမားများက ကျွဲနွားများ စားကျက်မြေမလုံလောက်မှု၊ အစာရေစာရှားပါးမှုတို့ကြောင့် အိုင်အယ်အို၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားများအဖွဲ့သို့ တိုင်ကြားရာမှ ပေါ်ပေါက်လာသည့်အမှုဖြစ်သည်။ ထိုသို့လယ်သမား (၁၅) ဦးက အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်သို့ တိုင်တန်းသည့်ကိစ္စတွင် တရားရုံးချုပ်ရှေ့နေဖြစ်သူ ဦးအေးမြင့်က လယ်သမားများအား စည်းရုံးပြီး စားကျက်မြေခွဲဝေမှုအပေါ် လယ်သမားများက မကျေနပ်ကြောင်း၊ ကျွဲ၊ နွားအကောင် ၃၀၀၀ မှာ အစာရေစာပြတ်လပ်နေကြောင်း၊ ၅-၆-၂၀၀၅ နေ့တွင် မမှန်မကန်သတင်းဖြစ်ပေါ်စေရန်နှင့် ဒေသဆိုင်ရာအုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်ရည်ရွယ်၍ မမှန်မကန် တိုင်ကြားစာပြုလုပ်ပေးခဲ့သဖြင့် တရားရုံးချုပ်ရှေ့နေ ဦးအေးမြင့်အား ၁၉၅၀ ပြည့်နှစ် အရေးပေါ် စီမံမှုအက်ဥပဒေပုဒ်မ ၅ (င) အရ အရေးယူပေးရန် ဒုရဲအုပ်ဝင်းသွင်ဦး (လိုပြ ၁) က တရားလိုပြုလုပ်၍ တိုင်ချက် သက်သေခံ (က) ကို ရေးဖွင့်၍ တိုင်တန်းခဲ့သည်။ ထို့ကြောင့် ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီ ရဲတပ်ဖွဲ့စခန်းမှ တရားခံအပေါ် ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅ (င) အရ တရားစွဲဆို တင်ပို့ခဲ့ရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။

၁၉၅၀ အရေးပေါ် စီမံမှုအက်ဥပဒေသည် အထူးဥပဒေတရပ်ဖြစ်သည်။ ထိုဥပဒေဖြင့် အရေးယူမည်ဆိုပါက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်မှုအဖွဲ့၏ ၁၁-၅-၈၉ နေ့စွဲပါ စာအမှတ် (၀၂၁/၁/ဂ) ၁/ န၀တ၊ တ၀တ ရုံးအားလုံးသို့ အကြောင်းကြားညွှန်ကြားချက်အရ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ တိုင်း၊ တိုင်းမှ ဗဟိုသို့ အဆင့်ဆင့်တင်ပြ၍ ပြည်ထဲရေးဌာနဝန်ကြီးထံ အကြောင်းကြား ခွင့်ပြုမိန့်ရယူရမည်၊ ပြည်ထဲရေးဝန်ကြီး၏ ခွင့်ပြုချက်ရမှသာ အရေးပေါ်စီမံချက်ဥပဒေပုဒ်မဖြင့် အရေးယူရမည်ဖြစ်သည်။ ထိုညွှန်ကြားချက်သည် အမိန့်ကဲ့သို့ အာဏာတည်သော ညွှန်ကြားချက်ဖြစ်ပြီး သက်ဆိုင်ရာ မ၀တ၊ ခ၀တ၊ တ၀တ၊ ပ၀တ တို့က လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်။ ထို့ကြောင့် ယခုအမှုကိုစွဲဆိုရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ တရားစွဲဆိုခွင့်ပြုမိန့်လိုအပ်သည်။ သို့သော် ယခုအမှုတွင် အမှုအား စစ်ဆေးပြီးစီးသည်အထိ တင်ပြနိုင်ခဲ့ခြင်းမရှိပါ။

တရားလိုသည်အမှုကို စွဲဆိုထားရုံဖြင့်ပြီးသည်၊ တာဝန်ကျေသည်မဟုတ်၊ စွဲဆိုထားသည့်အမှုတွင် စွပ်စွဲခံရသူက ကျူးလွန်ကြောင်း သက်သေအထောက်အထား ခိုင်ခိုင်လုံလုံဖြင့် တင်ပြရန်လိုကြောင်း သက်သေခံဥပဒေ ပုဒ်မ - ၁၀၁ ပြဋ္ဌာန်းချက်များက သက်သေပြရန် တာဝန်နှင့်စပ်လျဉ်း၍ အတိအလင်းပြဆိုသည်။

ယခုအမှုတွင် တရားလိုများဖက်မှ တရားလိုပြသက်သေများအဖြစ် ဒုရဲအုပ် ဝင်းသွင်ဦး (လိုပြ- ၁)၊ ဖောင်တော်သီကျေးရွာဥက္ကဋ္ဌ နှင့် ကြံ့ဖွံ့ဥက္ကဋ္ဌ ဦးကြီးမောင် (လိုပြ -၂)၊ ရယက အဖွဲ့ဝင် ဦးလှမင်း (လိုပြ-၃)၊ မြို့နယ်ကြံ့ဖွံ့အဖွဲ့ဝင် ဦးတင်လှ (လိုပြ-၄)၊ ဦးတင်ဌေး (လိုပြ-၅)၊ အိုင်အယ်အိုသို့ တိုင်ကြားသည့်လယ်သမား (၁၅) ဦး၏ ကိုယ်စားလှယ် ဦးကံရ (လိုပြ-

၆)၊ ဦးကြိုင် (လိုပြ–၇)၊ ဦးကျော်သင်း (လိုပြ–၈)၊ ဦးလှသင်း (လိုပြ–၉)၊ ဦးဝင်းမောင် (လိုပြ–၁၀)၊ ဦးစောလွင် (လိုပြ–၁၁)၊ ဦးဇောတိက (လိုပြ–၁၂) ၊မြို့နယ်အေးချမ်းဖြိုးအတွင်းရေးမှူး ဦးအေးငွေ (လိုပြ–၁၃) နှင့် တိမ္မေးကုဌာနမှူး ဦးထွန်းဇော် (လိုပြ–၁၄)၊ တို့အပြင် အခြားလယ်သမား (၁၆) ဦးတို့ကို တင်ပြခဲ့သည်။

တရားလိုဖြစ်သူ ဒုရဲအုပ် ဝင်းသွင်ဦး တဦးတည်းကသာ တရားခံဖြစ်သူ ပဲခူးမြို့နေ တရားရုံးချုပ်ရှေ့နေ ဦးအေးမြင့်က ဖောင်တော်သီကျေးရွာသို့ရောက်ရှိ၍ ဆရာတော် ဦးဓမ္မပါလ နှင့် လယ်သမား (၁၅) ဦးတို့အား စည်းရုံးပြီး စားကျက်မြေခွဲဝေမှုအပေါ် လယ်သမားများက မကျေနပ်ကြောင်း၊ ကျွဲ၊ နွားအကောင် (၃၀၀၀) မှာ အစာရေစာပြတ်လပ်နေကြောင်း၊ ၅–၆–၂၀၀၅ နေ့တွင် မမှန်မကန်သတင်းဖြစ်ပေါ်စေရန်နှင့် ဒေသဆိုင်ရာ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်၍ မမှန်မကန် တိုင်ကြားစာပြုလုပ်ပေးခဲ့သဖြင့် တရားရုံးချုပ်ရှေ့နေ ဦးအေးမြင့် အား ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅ (င) အရ အရေးယူပေးရန် ဒုရဲအုပ် ဝင်းသွင်ဦး (လိုပြ ၁ ) က တရားလိုပြုလုပ်၍ တိုင်ချက် သက်သေခံ (က) ကို ရေးဖွင့်၍ တိုင်တန်းခဲ့ကြောင်း ထွက်ဆိုသည်။

မအဖ အတွင်းရေးမှူး ဦးအေးငွေက လယ်သမားများနှင့် ကွင်းဆင်းညှိနှိုင်း၍ စားကျက်မြေကို လယ်သမားများနှင့် ညှိနှိုင်းခွဲဝေပေးခဲ့ကြောင်း နောက်ပိုင်းမှ တိုင်စာတက်ခဲ့ကြောင်း ထွက်ဆိုသည်။

ကျန်ရှိသည့်လယ်သမားများအားလုံးက ကျွဲ၊ နွားများအနေဖြင့် စားကျက်မြေနည်းပါးသွားသဖြင့် စပါးစိုက်ခင်းများအတွင်း ဝင်ရောက်စားသောက်သဖြင့် ခိုက်ရန်ဖြစ်ပွားမှုများ၊ ဖြစ်ပွားနေခဲ့ရာ လယ်သမားများအနေဖြင့် မိမိတို့၏ ကျွဲ၊ နွားများကို ရောင်းချပစ်ရသည်အထိ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဖောင်တော်သီကျေးရွာဥက္ကဋ္ဌ နှင့် ကြံ့ဖွံ့ဥက္ကဋ္ဌဖြစ်သူ ဦးကြီးမောင်နှင့် ဦးကံရ (အိုင်အယ်အိုသို့ တိုင်ကြားရာတွင် လယ်သမား ၁၅ ဦး၏၊ ကိုယ်စားလှယ်အဖြစ် ဦးကံရ နှင့် ဦးကြီးမောင်သည် အိုင်အယ်လ်အိုဆက်သွယ်ရေးအရာရှိ ရစ်ချက်ဟိုဆေးနှင့် သွားရောက်တွေ့ဆုံခဲ့သူများဖြစ်သည် ) တို့က တရားရုံးရှေ့ သက်သေထွက်ဆိုရာတွင် ဦးအေးမြင့်တွင်တာဝန်မရှိဘဲ ၎င်းတို့တွင်သာ တာဝန်ရှိကြောင်း ထွက်ဆိုခဲ့သည်။ ထိုသို့ထွက်ဆိုချက်ကို ရယက အဖွဲ့ဝင် ဦးလှမင်း၊ မြို့နယ်ကြံ့ဖွံ့အဖွဲ့ဝင် ဦးတင်လှ တို့ကလည်း ထောက်ခံထွက်ဆိုခဲ့သည်။ ထို့သို့သောထွက်ဆိုချက်များကြောင့် ဒိုက်ဦးမြို့နယ်တရားရုံးတရားသူကြီးသည် ကျန်ရှိသည့် လယ်သမား (၁၆) ဦးအားဆက် လက်စစ်ဆေးခြင်းမပြုတော့ဘဲ တရားလိုပြသက်သေများစာရင်းမှ ပလပ်ခဲ့သည်။

ရာဇဝတ်မှုခင်းများတွင် တရားခံသည်ပြစ်မှုကျူးလွန်ကြောင်းကို သံသယကင်းရှင်းသည်အထိ သက်သေထူရန်တာဝန်သည် တရားလိုဘက်တွင် အစဉ်တစိုက် ကျရောက်နေသည်။ **( ဦးဓမ္မပါလ အမှု ရန်ကုန်စီရင်ထုံး အတွဲ ၁၄၊ စာမျက်နှာ ၆၆၆ )**

တရားလိုဘက်က စွပ်စွဲပြီးလျင် တာဝန်ကျေပွန်ပြီးဆုံးပြီ စွပ်စွဲသူကမဟုတ်လျင် ခိုင်လုံစွာချေပရမည်ဟု တာဝန်ပခုံးပြောင်း၍မရပေ။ ပြည့်စုံစွာစုံစမ်း၍ ခိုင်လုံစွာသက်သေထူရန် တာဝန်သည် ယေဘုယျအားဖြင့် တရားလိုပေါ်တွင်တည်နေသည်။ ဤသို့မဟုတ်လျှင် မသမာသူတို့က လွယ်လွယ်စွပ်စွဲကာ အပြစ်မဲ့သောသူတို့က ခုခံချေပရခြင်းဖြင့် ပင်ပန်းဆင်းရဲရှိ

ကြပေလိမ့်မည်။ **( မောင်ကြီးမောင်ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၈ မြန်မာနိုင်ငံ တရားစီရင်ထုံး အထူးရာဇဝတ်ရုံးအယူခံအဖွဲ့ စာမျက်နှာ ၅၂ )**

ဒိုက်ဦးမြို့နယ်တရားရုံးသည် ထိုကဲ့သို့ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ သက်သေအထောက်အထားမခိုင်လုံသော်လည်း တရားခံအဖြစ် စွပ်စွဲခံရသူ ဦးအေးမြင့်အား အရေးပေါ် စီမံမှုအက်ဥပဒေ ၅ ( င) ဖြင့် စွဲချက်တင် ဖြေရှင်းစေခဲ့သည်မှာ လွန်စွာမှပင် မှားယွင်းပေသည်။

ထို့အပြင် တရားရုံးတရားသူကြီးများအနေဖြင့် မှုခင်းများကိုစစ်ဆေးစီရင်ရာတွင် လိုက်နာရမည့်ဥပဒေ အခြေခံသဘောတရားများကိုလည်း လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသည်ကို တွေ့ရှိရသည်။

## ပြစ်မှုဆိုင်ရာတရားစီရင်ရေးတွင်လိုက်နာရမည့် ဥပဒေ အခြေခံသဘောတရားများ၊

ပြစ်မှုဆိုင်ရာမှုခင်းများ စီရင်ဆုံးဖြတ်ရာတွင်လည်းကောင်း၊ တရားခံအပြစ်ရှိ မရှိ စီရင်ဆုံးဖြတ်ရာတွင်လည်းကောင်း၊ တရားခံအား လွတ်ထိုက် မလွတ်ထိုက် သုံးသပ်ရာတွင်သော်လည်းကောင်း၊ တရားသူကြီးများအနေဖြင့် ဥပဒေအခြေခံသဘောတရားများနှင့်အညီ ဆောင်ရွက်ရသည်။ တနည်းအားဖြင့်ဆိုသော် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် လက်ရှိလိုက်နာကျင့်သုံးလျက်ရှိသော ဥပဒေအခြေခံသဘောတရားများနှင့်အညီ ချိန်ဆသုံးသပ်၍ ဆုံးဖြတ်ပေးရပေမည်။

### (က) ပြစ်မှုကျူးလွန်ကြောင်းထင်ရှားမပြနိုင်သရွေ့ တရားခံအားအပြစ်မရှိသူဟု မှတ်ယူရခြင်း

အထက်ပါသဘောတရားမှာ အပြစ်ရှိသူ (၉) ဦးလွတ်မြောက်သွားခြင်းထက်၊ အပြစ်မရှိသူတဦး မှားယွင်းပြစ်ဒဏ် မကျစေခြင်းက ပို၍သင့်မြတ်သည်ဟူသော သဘောတရားမှ ဆင်းသက်လာခြင်းဖြစ်သည်။ ထို့ကြောင့်ရုံးရှေ့သို့ ရောက်ရှိလာသောသူ တရားခံတိုင်းကို အပြစ်ရှိသူဟူ၍ လွယ်လွယ်နှင့်မှတ်ယူ၍မရပေ။ သို့ဖြစ်၍ တရားစွဲဆို တင်ပို့ခြင်းခံရသော တရားခံအား တရားဥပဒေက အကာအကွယ်ပေးထားသော အခွင့်အရေးအားလုံး အပြည့်အဝခံစားခွင့်ရအောင် ဆောင်ရွက်ပေးရန်မှာ တရားစီရင်ရေးတွင် တာဝန်ရှိသည့် တရားသူကြီးများ၏ တာဝန်ပင်ဖြစ်သည်။

အမှုတွင် အမှန်ကိုဖော်ထုတ်၍ တရားစီရင်ရာတွင် မျှတဖို့လိုသည်၊ ဥပဒေနှင့်ညီညွတ်ဖို့လည်းလိုသည် အမှုဖြစ်ပေါ်၍ စတင်စုံစမ်းရသောပုဂ္ဂိုလ်နှင့် သက်သေများ တရားခံအကျိုးဆောင်များသည်လည်းကောင်း၊ တရားသူကြီးများသည်လည်းကောင်း သစ္စာတရားကိုလက်ကိုင်ထား၍ ပြည်သူတို့ယုံကြည်အားကိုးနိုင်သော တရားစီရင်ရေးကို ဖြစ်ထွန်းစေအပ်သည်။ တဖက်တွင် အများပြည်သူတို့၏ အကျိုးနှင့်လုံခြုံမှုအတွက် ရာဇဝတ်ပြစ်မှုကျူးလွန်သူတို့ကို မြန်မြန်အရေးယူ၍ထိုက်သင့်သောပြစ်ဒဏ်ခံစေအပ်သည်။ တဖက်တွင်လည်း အပြစ်ကင်းသူတို့အား စွပ်စွဲခြင်း ကြာရှည် ပင်ပန်းရခြင်းမဖြစ်စေဘဲ ပြစ်ဒဏ်မထိုက်သင့်စေအပ်ပေ၊ ဥပမာ ၊ အာမခံပေးသင့်သည့်အချိန်တွင် မပေးဘဲ အချိန်ကြာမြင့်မှ ပေးခြင်းမျိုး စွဲချက်တင်ရန်အထောက်အထားမရှိပါဘဲ တရားခံအားစွဲချက်တင်ပြီး ပင်ပန်းကြီးစွာ ဖြေရှင်းစေခြင်းမျိုးကို ဆိုလိုသည်။

တရားခံသည်စွပ်စွဲထားသော ပြစ်မှုကျူးလွန်ကြောင်း သက်သေ အထောက်အထား တင်ပြရန်တာဝန်သည် တရားလိုဘက်တွင်ကျရောက်ပါသည်။ တရားလိုဘက်မှ တရားခံပြစ်မှုကျူးလွန်ကြောင်းကို သံသယကင်းရှင်း သည်အထိ သက်သေထင်ရှားပြရန် တာဝန်ရှိသည်။ အကယ်၍ တရားလိုဘက်မှ သက်သေထင်ရှားပြရာတွင်သံသယပေါ်ပေါက်လာပါက တရားခံအား သံသယအကျိုးကို ခံစားခွင့်ပေး၍ အမှုမှ အပြီးအပြတ်လွှတ်ရသော တရားစီရင်ရေးမူတရပ်ဖြစ်သည်။

အမှုများကို စစ်ဆေးစီရင်ရသော တရားရုံးများအနေဖြင့် အမှန်တရားကို အစွမ်းကုန်ဖော်ထုတ်၍ ထိုအမှန်တရားပေါ်တွင်အခြေပြုကာ စီရင်ဆုံးဖြတ်နိုင်ရန် အရေးကြီးသည်။ ထိုကဲ့သို့သော အမှန်တရားဖော်ထုတ်ရာတွင် တရားသူကြီးများကလည်း နှစ်ဖက်အမှုသည်များတင်ပြသောအချက်တို့ကို လက်ခံ၍ စာတွေ့သဘောဖြင့်သာ ချင့်ချိန်ဆုံးဖြတ်ရန်မဟုတ်ပေ။ လက်တွေ့သဘောဖြင့် အမှန်ကိုဖြစ်စေမည်ဟူသော စေတနာကိုရှေ့ထား၍ သက်သေများက မမှန်မကန်ထွက်ဆိုနေကြလျှင် တရားသူကြီးများက ဥပဒေအရ ဆောင်ရွက်ရမည့် ဝတ္တရားအတိုင်း ဖြည့်စွက်မေးမြန်းသင့်သည်။ သက်သေများလိုနေသေးလျှင် တရားရုံးကခေါ်၍ စစ်ဆေးသင့်သည်။ အချက်အလက်အပြည့်အစုံ မျက်မှောက်သို့ရောက်သော အခါ၌ တိကျပြတ်သားစွာ ဆုံးဖြတ်ကြရန်ဖြစ်သည်။ အမှုမှန်လျှင်မှန်သလို တရားခံအား သင့်တော်သောပြစ်ဒဏ်ပေး၍ အမှုမှားဖြစ်သည်ကိုတွေ့ရှိလျှင် တရားခံအား ရှင်းရှင်းလင်းလင်း လွှတ်ရန်ဖြစ်သည်။ **( မောင်စောဖေ ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၆ မြန်မာနိုင်ငံစီရင်ထုံး အထူးရာဇဝတ်ရုံးအယူခံအဖွဲ့ စာ-၅၇။ )**

## (ဂ) အမှုတိုင်းကိုဆုံးဖြတ်ရာတွင် တရားခံရှေ့မှောက်၌ ဥပဒေအရ သက်သေခံဝင်သော အချက်အလက်များအပေါ်အခြေခံ၍ ဆုံးဖြတ်ရခြင်း၊

တရားခံပြေးအမှုများမှတပါး အမှုများစစ်ဆေးစီရင်ရာတွင် တရားရုံးရှေ့မှောက်၌ သက်သေခံချက်များ ရယူရပါသည်။ သို့မှသာ တရားခံအနေဖြင့် ပြန်လှန်စစ်မေးခွင့်ရ၍ တရားမျှတမှုရှိမည်ဖြစ်သည်။ တရားခံ၏ရှေ့မှောက်၌ ရယူသော သက်သေခံချက်မှာလည်း သက်သေခံဥပဒေအရ သက်သေခံအဖြစ် လက်ခံနိုင်သောစပ်ဆိုင်သည့် သက်သေခံချက် များဖြစ်ရပါမည်။ ပြင်ပ၌ အမှုမှန်သည်မှားသည်ကို ထည့်သွင်းမစဉ်းစားဘဲ တရားရုံး၏ ရှေ့မှောက်တွင် ထွက်ဆိုသော သက်သေခံချက် များအပေါ်မူတည်၍ ၎င်းသက်သေခံချက်များ ကို ချိန်ဆပြီး တရားခံအား အပြစ်ရှိမရှိဆုံးဖြတ်ရသည်။ ထိုသက်သေခံချက်တွင် သံသယဖြစ်စေသည့် အချက်အလက်များရှိပါက သံသယ၏အကျိုးကို တရားခံအနေဖြင့်ခံစားခွင့်ရှိကြောင်း တရားသူကြီးများအနေဖြင့် နှလုံးသွင်းရပေမည်။ ဥပဒေကအပ်နှင်းသောအာဏာကို သုံးစွဲခြင်းပင်ဖြစ်စေကာမူ ဥပဒေနှင့်ညီသော အကြောင်းအချက်များကို အခြေခံ၍ ဆုံး ဖြတ်မှသာလျှင် ဆုံးဖြတ်ချက်သည် တရားဝင်မည်ဖြစ်သည်။ တရားခံ၏ရှေ့မှောက်၌ ရယူသော သက်သေခံချက်များသည်လည်း သက်သေခံဥပဒေအရသက်သေခံအဖြစ် လက်ခံနိုင်သော အချက်အလက်များဖြစ်ရပေမည်။ ယင်းသက်သေခံဥပဒေနှင့်အညီ လက်ခံနိုင်သော သက်သေခံချက်များအပေါ်အခြေခံ၍ စီရင်ဆုံးဖြတ်ရမည်ဖြစ်သည်။

## (ဃ) သက်သေပြရန်တာဝန်

ရာဇဝတ်မှုများတွင် သက်သေပြရန် တာဝန်သည်ယေဘုယျအားဖြင့် တရားလိုဘက်တွင် အစဉ်ကျရောက်ပါသည်။

ဥပဒေတရပ်တွင် သက်သေပြရန်တာဝန်နှင့်စပ်လျဉ်း၍ အထူးပြဋ္ဌာန်းထားခြင်းရှိလျှင် ယင်းဥပဒေပြဋ္ဌာန်းချက်တွင် သက်သေထူရန်တာဝန်ကျရောက်သည့်ဖက်က သက်သေထူရန် တာဝန်ရှိသည်။

သက်သေပြရန်တာဝန်နှင့်ပတ်သက်၍ သီးခြားပြဋ္ဌာန်းထားခြင်းမရှိလျှင် တရားလိုဘက်မှ သက်သေပြရန်တာဝန် အစဉ်တစိုက်ကျရောက်ပါသည်။ တရားလိုဘက်မှသက်သေပြပြီးလျှင် တရားခံဘက်မှချေပရန်တာဝန်ရှိသည်။ **(ဒေါ်စီစီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၄ မြန်မာနိုင်ငံစီရင်ထုံး၊ တရားရုံးချုပ် စာမျက်နှာ ၈၇၆။)**

## (င) တရားစီရင်ရာတွင်မျှမျှတတဆောင်ရွက်ရခြင်း၊

တရားရုံးသည် အမှန်တရားဖော်ထုတ်ရန် တာဝန်ရှိသည်။ အမှန်တရားပေါ်ပေါက်ရေးအတွက် မေးသင့်သည်များကို မေးရန်လိုပေသည်။ ရှေ့နေမပါ ဥပဒေနားမလည်သော တရားခံအားအမှန်ကို ထုချေတင်ပြနိုင်အောင် ကူညီစောင့်ရှောက်ပေးရန် လည်းတရားရုံး၌ တာဝန်ရှိပေသည်။ရုံးခေါ်သက်သေများ စစ်ဆေးရာတွင်လည်း မျှတရန်လိုသည်။

တရားဥပဒေက ခွင့်မပြုသောမေးခွန်းများကို နှစ်ဖက်အမှုသည်များကသော်လည်းကောင်း၊ နှစ်ဖက်ရှေ့နေများကသော်လည်းကောင်း၊ တရားရုံးကသော်လည်းကောင်း မမေးကြရန် ထိန်းသိမ်း၍ ဆောင်ရွက်ပေးရပါမည်။

တရားလိုသို့မဟုတ် တရားခံတဦး၏ မတတ်ကျွမ်း၊ မလိမ္မာမှုကြောင့် ဖြစ်ရပ်အမှန်ကို ပေါ်လွင်ထင်ရှားအောင် စစ်ဆေးဖော်ထုတ်ပေးရန် တရားရုံး၏ တာဝန်ဝတ္တရားဖြစ်သည်။ အမှန်တရားဖော်ထုတ်ရေးကို အဓိကမထားဘဲ ဒိုင်လူကြီးအနေဖြင့်သာ အဆုံးအဖြတ်ပေးလျှင် တရားရုံး တရားသူကြီး၏ တာဝန်ကျေပြွန်လိမ့်မည်မဟုတ်ပေ။ သို့ရာတွင် တဖက်တွင်လည်း လုပ်သားပြည်သူတို့အား အကြောင်းမဲ့ ပြစ်မှုကြောင်းအရ ပြစ်မှုကျူးလွန်သည်ဟု ရုံးတင်တရားစွဲဆိုထားခြင်းမပြုအပ်သည်ကိုလည်း သတိချပ်ရန်လိုသည်။ အစွပ်စွဲခံရသူတို့အဖို့လည်းမသက်သာ တိုင်းပြည်အတွက်လည်း အကျိုးယုတ်စေသည်။ အကြောင်းမဲ့ အမှုစွဲဆိုခြင်း ကိစ္စမျိုးကို အားမပေးသင့်ကြောင်း သတိပြုရမည်ဖြစ်သည်။

ယခုအမှုတွင် တရားလိုပြသက်သေများကိုယ်တိုင်က ၎င်းတို့ကိုယ်တိုင်အိုင်အယ်လ်အိုဆက်သွယ်ရေးအရာရှိ ရစ်ချက်ဟိုဆေးနှင့် တွေ့ဆုံ၍ ကိုယ်တိုင်တိုင်ကြားခြင်းဖြစ်ကြောင်း၊ ဦးအေးမြင့်တွင် လုံးဝတာဝန်မရှိကြောင်း ထွက်ဆိုခဲ့သော်လည်း ဦးအေးမြင့်အား စွဲချက်တင်ဖြေရှင်းစေခဲ့သည်။

ဦးအေးမြင့်က တရားခံအဖြစ်အစစ်ခံထုချေရာတွင် ယခင်သေဒဏ်ကျခံခဲ့ရသည့် အမှုတွင် တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ဖြစ်သော မြန်မာနိုင်ငံသည် ကုလသမဂ္ဂနှင့် အိုင်အယ်လ်အိုကဲ့သို့သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးတွင် အဖွဲ့ဝင်အဖြစ် ပါဝင်နေသည့်အားလျော်စွာ ထိုအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ မည်သူမဆို

ထိုအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ကြသည်။ အိုင်အယ်လ်အိုနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများသည် မြန်မာနိုင်ငံ၏ လက်ရှိတည်ဆဲ ဥပဒေအရ ပြစ်မှု မြောက်ခြင်းမရှိပါ။

**နိုင်ငံတော်တရားရုံးချုပ်၏ ၂၀၀၄ ခုနှစ် အထူးအယူခံအမှုအမှတ် ၂၂ ၊ ၂၃ ဇော်မျိုးထက် ခေါ် ဇော်ဇော်ပါ ၄ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ နိုင်ယက္ခ ခေါ် နေဝင်းပါ (၉) ဦးနှင့် ပြည် ထောင်စုမြန်မာနိုင်ငံ စီရင်ချက်နေ့စွဲ ၁၄-၁၀-၂၀၀၄** ကိုကိုးကား၍ အိုင်အယ်လ်အိုနှင့် ဆက်သွယ်ပေးသည့်အတွက် ၎င်းတွင်အပြစ်မရှိကြောင်း တင်ပြထုချေခဲ့သည်။

ဦးအေးမြင့်သည် အဆိုပါနိုင်ငံတော်ပုန်ကန်မှုတွင် ပူးတွဲတရားခံတဦးဖြစ်သည်။ နိုင်ငံတကာအလုပ်သမားအဖွဲ့ကြီးနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်ဟု တရားရုံးချုပ်က ဆုံးဖြတ်ထားချက်ရှိသော်ငြားလည်း ဒိုက်ဦးမြို့နယ်တရားရုံး တရားသူကြီးဦးမြဟန်က အမြင့်ဆုံးအထူး အယူခံတရားရုံး၏ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ခြင်းမပြုဘဲ ဦးအေးမြင့်အား ထောင်ဒဏ် ၇ နှစ် အပြစ်ပေးခဲ့သည်ကိုတွေ့ရှိရသည်။

အချုပ်အားဖြင့်ဆိုရသော် ဥပဒေပြဋ္ဌာန်းချက်များ မည်သို့ပင်ရှိစေကာမူ တရားရုံး တရားသူကြီးများအနေဖြင့် အဆင့်ဆင့်သော အာဏာပိုင်များ၏ စေခိုင်းညွှန်ကြားမှုများအတိုင်း မှုခင်းများကို စစ်ဆေးစီရင်နေသည်မှာ ထင်ရှားလှပေသည်။ ဥပဒေ၏ အထက်တွင် မည်သူမျှမရှိစေရဟူသော ဥပဒေဆောင်ပုဒ်အတိုင်း လူပုဂ္ဂိုလ်မည်သူမျှ မရှိပါ။ နွားစားကျက်ကိုပင် ဝင်ရောက်လုယက်စားသောက်နေသည့် နွားထက်ကြီးသော တိရစ္ဆာန်များသာ ရှိပါကြောင်း တင်ပြလိုက်ရပေသည်။

**အားကိုးအားထားပြုစာရွက်စာတမ်း၊**

- ဒိုက်ဦးမြို့နယ်တရားသူကြီးရုံး၌ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့၊ ၂၀၀၅ ခုနှစ် ပြစ်မှုကြီးမှု အမှတ် ၉၆၀၊ ဒုရဲအုပ် ဝင်းသွင်ဦး နှင့် ဦးအေးမြင့် အမှု၏ စီရင်ချက်နှင့်အမိန့်၊

❖ ❖ ❖

သတင်းဆောင်းပါး

# မြန်မာနိုင်ငံရှေ့နေများကောင်စီမှ အဆင့်မြင့်ဥပဒေပညာသင်ကျောင်းဖွင့်လှစ်

ပြည်ထောင်စုအဆင့်မြင့်ဥပဒေပညာသင်ကျောင်းကို မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်နေ့ တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၀၆ နှင့် ၂၀၀၇ (၂) နှစ်ကြာ ဖွင့်လှစ်သင်ကြားမှာဖြစ်ပြီး၊ တနှစ်လျှင် (၃) ကြိမ်ခွဲ၍ စစ်ဆေးသွားမည်ဖြစ်သည်။ အဆိုပါကျောင်းတွင် ဥပဒေနှင့် လူ့အခွင့်အရေးဘာသာရပ်များအပါအဝင် ဘာရပ်ပေါင်း (၁၂) ခု သင်ကြားသွားမည်ဖြစ်ပါသည်။ ကျောင်းသားများရွေးချယ်ရာတွင်လည်း အခြေခံပညာအထက်တန်းအဆင့်ရှိ ကျောင်းသားပေါင်း (၂၅) ဦးကို စမ်းသပ်စစ်ဆေးပြီး ရွေးချယ်ခဲ့သည်။ အမျိုးသမီးကျောင်းသူဦးရေမှာ (၁၅) ဦး ဖြစ်ပြီး အမျိုးသားကျောင်းသားဦးရေမှာ (၁၀) ဦးဖြစ်သည်။ အဆိုပါကျောင်းသားများအတွက် ကျား/မ ဘော်ဒါဆောင်များနှင့် အစားအသောက်အတွက်ပါ စီစဉ်ထားပြီးဖြစ်သည်။ ထိုသင်တန်းဖြစ်မြောက်ရေးအတွက် ဒိန်းမတ်အစိုးရမှ ထောက်ပံ့အကူအညီပေးခြင်းဖြစ်သည်။

ကျောင်းဖွင့်ပွဲသို့ ပြည်ပရောက် မြန်မာနိုင်ငံရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များအား ဖိတ်ကြားခဲ့ပြီး။ ခေါင်းဆောင်များမှ ကျောင်းသားများအား အနာဂတ် မြန်မာနိုင်ငံအပြောင်းအလဲကာလတွင် ခေါင်းဆောင်ကောင်းများဖြစ်စေရေးကို ဦးတည်ပေးခဲ့သည်။

သင်ကြားရေးစနစ်ကို နိုင်ငံတကာအဆင့်မီ မြှင်တင်နိုင်ရန်အတွက် အကယ်ဒမီဘုတ်အဖွဲ့ကို ကျော်ကြားသော ဥပဒေပညာရှင် ပါမောက္ခများနှင့် ဖွဲ့စည်းထားပြီး ၎င်းဘုတ်အဖွဲ့မှ အရည်အသွေးနှင့် သင်ကြားရေးနည်းစနစ်များကို ကြီးကြပ်သွားမည်ဖြစ်ပါသည်။ သက်တမ်းအားဖြင့် (၂) နှစ်ဖြစ်စေကာမူ နောင်တွင် ဥပဒေအသိတရားပြည့်ဝမည့် အနာဂတ် မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန် အစီအစဉ်ကို ဆက်လက်ကြိုးပမ်းသွားဦးမည်ဖြစ်သည်။

❖ ❖ ❖

ဤနေရာမှ ဖြတ်ပါ

# စာစောင်မှာယူခြင်း

## အခြေခံဥပဒေရေးရာစာစောင် အမှတ် (၂၄)

သို့၊
ဖြန့်ချိရေးတာဝန်ခံ
အခြေခံဥပဒေရေးရာစာစောင်
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အခြေခံဥပဒေရေးရာစာစောင်ကို မှန်မှန်ဖတ်ရှုလိုပါသဖြင့် အောက်ဖော်ပြပါ လိပ်စာ အတိုင်း ပေးပို့ပါရန် မှာကြားအပ်ပါသည်။

လေးစားစွာဖြင့်

အမည် ______________________________

ရက်စွဲ ______________________________

စာစောင်မှာယူသူအနေဖြင့် အောက်ဖော်ပြပါအချက်အလက်များတင်ပြပေးရန် ပန်ကြား အပ်ပါသည်။

အဖွဲ့အစည်းအမည် (အဖွဲ့အစည်းတခုခု၏ အဖွဲ့ဝင်ဖြစ်ပါက)

______________________________________________________

စာစောင်မှာယူသည့် ရည်ရွယ်ချက်၊

______________________________________________________

______________________________________________________

မှာယူလိုသည့် စာအုပ်အရေအတွက် ( ) အုပ်၊
ယခင်ထုတ်ဝေခဲ့သော စာစောင်များ မှာယူလိုပါက –
အမှတ်စဉ် ( )၊ အုပ်ရေ ( ) အုပ်၊

စာအုပ်ပေးပို့ရမည့်လိပ်စာ ______________________________

______________________________________________________

______________________________________________________

ဤအမှာစာကို –
Burma Lawyers' Council, PP.O. Box 14 Ngam Wong Won P.O , Nonthaburi 11001, Thailand သို့လည်းကောင်း၊ Fax (02) 591 5839 သို့လည်းကောင်း ပေးပို့ရန်။

ဤစာရွက်ကို ဆုတ်ဖြဲ၍ ဖြည့်စွက်ရေးသားရန်၊ ထို့နောက် အထက်ပါလိပ်စာအတိုင်း ပေးပို့ပါရန်။